မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ သောကြာနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၇၁]

## နိုင်ငံတော်သမ္မတဦးသိန်းစိန်

### ဘယ်လာရုစ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇူလိုင် ၃**

၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

# ရန်ကုန်စတော့အိတ်ချိန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းစဉ်များ ဆွေးနွေး

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တိုကျိုအိုလံပစ်ဆိုင်ရာဝန်ကြီး၊ မာရူဘီနီကုမ္ပဏီဥက္ကဋ္ဌ၊ တိုကျိုစတော့အိတ်ချိန်းဥက္ကဋ္ဌနှင့် အီမအိဇုမိ ပညာသင်ဆုဖောင်ဒေးရှင်းဥက္ကဋ္ဌတို့ သီးခြားစီ လာရောက်တွေ့ဆုံ

**တိုကျို ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တိုကျိုအိုလံပစ်ဆိုင်ရာဝန်ကြီး Mr. Toshiaki ENDO နှင့် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ခေတ္တတည်းခိုသည့် Hotel New Otani ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အားကစား ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ဘောလုံးအားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူငယ်များအား ပြုစုပျိုးထောင်ပေးရေးတို့ကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်သမ္မတက ပြီးခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံတွင် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ဂျပန်နိုင်ငံက ကူညီခဲ့မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ယင်းနောက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်သမ္မတသည် မာရူဘီနီ ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Fumiyo Kokubu နှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော်သမ္မတနှင့်

*စာမျက်နှာ ၉ ကော်လံ ၁* ❖



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုကျိုစတော့အိတ်ချိန်း ဥက္ကဋ္ဌ Mr.Koichiro အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ပြန်/ဆက်)

ဆောင်းပါး
**စာရေးဆရာ ဖြစ်ချင်သလား**
စာ-၆

ဥပဒေကြမ်း
**မော်တော်ယာဉ် ဥပဒေကြမ်း**
စာ-၁၅၊ ၁၆၊ ၁၇



# မြန်မာအမျိုးသမီးများ တန်းတူအခွင့်အရေး

ကုလသလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင်ပါဝင်သည့် အချက်ကြီး ငါးချက်အနက် အမှတ်စဉ်(၂)၌ ''လူတိုင်း ကျား/မ မဟူ နိုင်ငံကြီး/ငယ်မရွေး အခြေခံလူ့အခွင့်အရေးများနှင့် တန်းတူရည်တူ အခွင့်အရေးရရှိရေးကို ဂရုပြုရန်''ဟူသော အချက်သည် လည်းကောင်း၊ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်(၈)ရပ်အနက် တတိယအချက်၌ ''ကျား/မ တန်းတူရည်တူရှိရေး''ဟူသောအချက်သည် လည်းကောင်း နိုင်ငံတိုင်း၌ အမျိုးသမီးများ၏ အခွင့်အရေးကို အပြည့်အဝရရှိရန် တိုက်တွန်းထားသည်ကို အထင်အရှား တွေ့နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်များပြားပြီး ရာခိုင်နှုန်းအားဖြင့် ၅၁ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။ ဤသို့ အမျိုးသမီးဦးရေများပြားသည့် နိုင်ငံဖြစ်သည့်အလျောက် အမျိုးသမီးများ တန်းတူရည်တူအခွင့်အရေးကို သတိပြုကြမိစေရန် နှစ်စဉ်နှစ်တိုင်း ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့ဟူ၍ တစ်သီးတခြားသတ်မှတ်၍ အခမ်းအနားများ ကျင်းပလေ့ရှိပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက် နေပြည်တော်တွင် ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများ ဖိုရမ်ဖွင့်ပွဲ၌ မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်တွင် ဖော်ဆောင်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံ၍ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို တည်ဆောက်နေရသော နိုင်ငံတစ်နိုင်ငံတွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူရှိရေးသည်လည်း အခြေခံကျသည့်ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ အမျိုးသမီးများ နိုင်ငံရေးတွင် တန်းတူညီမျှပါဝင်နိုင်ရေးအပြင် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများ၌ တန်းတူညီမျှရရှိရေးကိုလည်း ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယင်းနေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့ကြောင်း သိရပါသည်။ ထို့နောက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အဖြစ် ပြင်ဆင်ဖွဲ့စည်းကာ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကုလသမဂ္ဂသဘောတူစာချုပ် စီဒေါ (Convention on Elimination of all Froms of Discrimination Against Women-CEDAW) ကို ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

ထို့အပြင် ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက် ဘေဂျင်းလုပ်ငန်းစီမံချက်များ (Beijing Plat Form for Action-BPFA) နှင့် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစဉ် မူဝါဒများကို အကောင်အထည်ဖော်ရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေသည်ကို တွေ့မြင်ကြားသိနေရပါသည်။ ထို့အပြင် မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အာဆီယံအမျိုးသမီးရေးရာကော်မတီ (Asean Committee on Women-ACW) အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ် ၂၀၁၃-၂၀၂၂ ကိုလည်း လက်တွေ့ကျကျ ဆောင်ရွက်နေကြောင်း သိရပါသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်း မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်အပြင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေးအဖွဲ့ အစရှိသဖြင့် အမျိုးသမီးထုကို ကိုယ်စားပြုသည့်အဖွဲ့အစည်းများ ထူထောင်ဖွဲ့စည်း၍ အမျိုးသမီးများအကျိုးစီးပွားကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ဤအဖွဲ့အစည်းများက အမျိုးသမီးများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေး၊ အမျိုးသားများနည်းတူ တန်းတူအခွင့်အရေး ရရှိရေးတို့ ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ပါ၍ မြန်မာအမျိုးသမီးများအား မည်သည့်နယ်ပယ်တွင်မဆို တန်းတူအခွင့်အရေးပေးရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။
ဘာမှားနေလဲ၊ ပြင်ဆင်ပါ။
သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။

## ထိုင်းနိုင်ငံသားများ မော်တော်ယာဉ်တန်းဖြင့် လာရောက်လည်ပတ်




**နေပြည်တော် ဇူလိုင် ၂**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး Mr. Somchai Hatayatanti ဦးဆောင်သည့် ထိုင်းနိုင်ငံသား ၅၈ ဦး ပါဝင်သော အဖွဲ့သည် မော်တော်ယာဉ်ကိုးစီးဖြင့် ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် မြန်မာနိုင်ငံ မြဝတီမြို့သို့ ဇွန် ၂၇ ရက်က လာရောက်လည်ပတ်ကြသည်။

အဆိုပါအဖွဲ့သည် မြဝတီမြို့မှတစ်ဆင့် မော်လမြိုင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ ခရီးစဉ်အတွင်း ကတိုး၊ ကော့နပ်ကျေးရွာရှိ ဦးနာအောက်ဘုရားသို့ သွားရောက်ဖူးမြော်၍ မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက်ရှိ Holding Fishery Factory သို့ သွားရောက်လေ့လာခဲ့ကြပြီး ညပိုင်းတွင် မော်လမြိုင်မြို့ Strand Hotel ၏ အစည်းအဝေးခန်းမ၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေနှင့် တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး မော်လမြိုင်မြို့ Strand Hotel ၌ ညအိပ်ရပ်နားခဲ့သည်။

အဆိုပါအဖွဲ့သည် ဇွန် ၂၈ ရက်က မော်လမြိုင်ဈေး၊ ကျိုက်သလ္လန်ဘုရား၊ ကျိုက်ထီးရိုးဘုရားနှင့် စိန့်ပက်ထရစ်ဘုရားကျောင်းတို့ အားဖူးမြော်ကြည်ညိုကြပြီး ကျိုက်ထိုဟိုတယ်၌ ညအိပ်ရပ်နားခဲ့သည်။

အဆိုပါ အဖွဲ့သည် ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် ကင်ပွန်းစခန်းမှ ထွက်ခွာခဲ့ပြီး မြန်မာနိုင်ငံ မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးပွင့်(အထူး)စီမံချက်လုပ်ငန်းဆိုင်ရာများ ရှင်းလင်း

**စလင်း ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁ ရက်က မင်းဘူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ငွေးက မိုးပွင့်(အထူး) စီမံချက်ဆောင်ရွက်ရာတွင် ပြည်သူများ လိုက်နာဆောင်ရွက်ရမည့် အချက်နှစ်ချက်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက လိုက်နာဆောင်ရွက်ရမည့် အချက်သုံးချက်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု သစ်ပင်စိုက်ပွဲကျင်းပ

**ကသာ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပွဲတော် ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက အမှာစကားပြောကြားပြီး သစ်ပင်စိုက်ပွဲတွင် ကျွန်းပင် ၂၅၀၊ ပျဉ်းကတိုးပင် ၁၀၀၊ ပိတောက်ပင် ၅၀၊ တမလန်းပင် ၅၀၊ မဟော်ဂနီပင် ၅၀ နှင့် မဲဇလီပင် ၅၀ တို့ကို ကသာမြို့ ဂျော့အာဝဲလ် ယခင်နေခဲ့သောအိမ်ဝင်းကြီး အတွင်း၌ သစ်ပင်စိုက်ပွဲတော်ကို ကျင်းပခဲ့ကြောင်း သိရသည်။

**လှအောင်(ကသာ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၅၂၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

ခင်ရတနာ-စုစည်းသည်။

# သင်ကြားမှုအပိုင်းတွင် လက်တွေ့အသုံးချနိုင်သည့် အဆင့်ရောက်အောင် သင်ကြားမှုမျိုးဖြစ်အောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ မွန်းလွဲပိုင်းက မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ဓာတုဗေဒလက်တွေ့ပြခန်း၊ ကွန်ပျူတာခန်း၊ အော်ဒီယိုခန်း၊ ဇီဝဗေဒလက်တွေ့ပြခန်းများအတွင်း ကျောင်းသား ကျောင်းသူများ၏ လက်တွေ့သရုပ်ပြမှုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။**(အောက်ပုံ)



ထို့နောက် ဒုတိယသမ္မတသည် အဆိုပါကျောင်းရှိ ပန်းဟောဝန်ခန်းမ၌ မကွေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက မကွေးတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဆိုင်ရာ အချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် မကွေးမြို့ အမှတ်(၁)၊ (၂)၊ (၃)၊ (၄) အခြေခံပညာ အထက်တန်းကျောင်းများမှ ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ်သိန်း ၁၀၀ကို ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်သိန်းက လက်ခံရယူသည်။

ဆက်လက်၍ အမှတ်(၁)၊ (၂)၊ (၃)၊ (၄) အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(သာစည်)တို့အတွက် ကွန်ပျူတာ၊ ကျောင်းသုံးဗလာစာအုပ်နှင့် အားကစားပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယသမ္မတက တွေ့ဆုံမှာကြားရာတွင် အဓိက လာရောက်သည့် ကိစ္စမှာ မကွေးတိုင်းဒေသကြီး၏ အသက်(၅)နှစ်အောက်ကလေးနှင့် မိခင်သေဆုံးမှု ကျဆင်းရေးအတွက် လာရောက်ခြင်းဖြစ်ပြီး မကွေးမြို့သို့ရောက်ရှိခိုက် မကွေးတိုင်းဒေသကြီး၏ ပညာရေးနှင့် သက်ဆိုင်သည့် လိုအပ်ချက်များအား ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ရန်လာရောက်ခြင်းဖြစ်ပါကြောင်း၊ ပညာရေးဆိုသည်မှာ သင်ကြားခြင်း၊ သင်ယူခြင်း၊ သင်တန်းပေးခြင်း စသည့် လုပ်ငန်းစဉ်မှတစ်ဆင့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများရရှိလာခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ပညာရေးတွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာ ကဏ္ဍအနက် အခြေခံပညာ၏ အတန်းများသည် သူငယ်တန်း + ၁၀ တန်းဖြစ်ပြီး ၁၁ နှစ်သင်ယူရသည့်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့်အချိန်တွင် အသက် (၁၆)နှစ်သာ ရှိပါကြောင်း၊ နိုင်ငံတကာအနေဖြင့် ယင်းအသက်သည် ငယ်ရွယ်သေးပြီး ဦးနှောက်ပိုင်း ဆိုင်ရာတွင်လည်း နုနယ်သေးသည့် အချိန်ဖြစ်သည်ဟု သုံးသပ်မှုများ ရှိပါကြောင်း၊ ထို့ကြောင့် သူငယ်တန်း + ၁၂ တန်း သင်ကြားရန် အမျိုးသားပညာရေးဥပဒေတွင် ထည့်သွင်းလျာထားပါကြောင်း။

ပညာသင်ယူမှု အပိုင်းတွင် အရည်အသွေးသည် အဓိကဖြစ်သကဲ့သို့ အရေအတွက်ပိုင်းသည်လည်း အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံရှိ အဆင့်မြင့်ပညာနှင့် အခြေခံပညာတွင်သင်ယူနေသည့် ကျောင်းသားစုစုပေါင်း ကိုးသန်းဝန်းကျင်ခန့်သည် အရည်အသွေးပြည့်မီရန် လိုအပ်ပါကြောင်း၊ အရည်အသွေးပြည့်မီမှသာ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍ အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ခွဲဝေချထားပေးသည့် အသုံးစရိတ်သည် ဝန်ကြီးဌာနအသုံးစရိတ်အားလုံး၏ အဆင့် ငါး နေရာတွင် ရှိပါကြောင်း၊ အရည်အသွေးပိုင်း၌ တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမ၏ အရည်အသွေးပြည့်ဝမှသာ သင်ယူကြသည့် ကျောင်းသားကျောင်းသူများ အရည်အသွေး ပြည့်မီနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ အရည်အသွေးကို အမြဲမြှင့်တင်ကြရန် လိုအပ်ပါကြောင်း၊ သင်ကြားမှုအပိုင်းတွင် လက်တွေ့အသုံးချနိုင်သည့်အဆင့်အထိ ရောက်အောင် သင်ကြားသည့် သင်ကြားမှုမျိုးဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နောင်တစ်ချိန်တွင် မျိုးဆက်သစ်များက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ကြမည်ဖြစ်ပါကြောင်း။

ယနေ့အချိန်တွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ၌ ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုသာ အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအပြင် ပုဂ္ဂလိကအခန်းကဏ္ဍများကို ပြုပြင်ပြောင်းလဲမှုကိုပါ အားပေးမြှင့်တင်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍ တိုးတက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များ ပေါ်ထွက်လာပြီး အစိုးရကျောင်းများနှင့် ယှဉ်ပြိုင်လာသည့်အခါတွင် တိုးတက်မှုများရရှိလာမည်ဖြစ်ပါကြောင်း။

ကလေးဗဟိုပြု သင်ကြားနည်းစနစ်ဖြစ်သော်လည်း သင်ကြားမှုတွင် ဆရာ ဆရာမများ၏ ခံယူချက်မပြောင်းပါက ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုအပိုင်းသည်လည်း တိုးတက်လာမည်မဟုတ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများနှင့် ကျောင်းအကျိုးတော်ဆောင်များက အင်တိုက်အားတိုက်ပါဝင်ပြီး တက်ညီလက်ညီ ဆောင်ရွက်မည်ဆိုပါက သင်ကြားမှု သင်ယူမှု အပိုင်းသည် ယခုထက်ပိုမို တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အဆင့်မြင့်ပညာကဏ္ဍ၊ တက္ကသိုလ်အသီးသီးတွင်လည်း မိမိဘာသာ လွတ်လပ်စွာ အုပ်ချုပ်သင်ကြားပေးနိုင်သည့် အခြေအနေမျိုးဖြစ်အောင် လမ်းဖွင့်ပေးနေပါကြောင်း၊ အလားတူ အရည်သွေးပြည့်မီသည့် ပညာရေး ဖြစ်အောင်လည်း ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် အောင်မြင်အောင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

**(သတင်းစဉ်)**

# CB ဘဏ်နှင့် စင်ကာပူနိုင်ငံအခြေစိုက် OCBC ဘဏ် ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုး

**ရန်ကုန် ဇူလိုင် ၂**

CB ဘဏ်နှင့် စင်ကာပူနိုင်ငံအခြေစိုက် OCBC ဘဏ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းအတွက် ပြည်တွင်းပြည်ပ သတင်းစာရှင်းလင်းပွဲကို လသာမြို့နယ်ရှိ CB ဘဏ်ရုံး၌ ဇူလိုင် ၂ ရက်တွင် ကျင်းပသည်။

OCBC ဘဏ်သည် ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် စာရင်းအရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားမှုများတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံရှိနေပြီး ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ငွေကြေးနှင့် ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းတစ်ခုဖြစ်သည်။ စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု တတိယအများဆုံးနိုင်ငံလည်း ဖြစ်သည်။

သတင်းစာရှင်းလင်းပွဲတွင် CB ဘဏ်၏ Executive Vice Chairman & CEO ဦးကျော်လင်းက CB ဘဏ်နှင့် OCBC ဘဏ်တို့ ပူးပေါင်း၍ Cash Management Service, Trade Banking, Trade Finance Service, Security Agency Service များနှင့် အခြားဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များအတိုင်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း၊ CB ဘဏ်၏ နည်းပညာများနှင့် ဘဏ်ဝန်ဆောင်မှုများ၊ နိုင်ငံတကာဘဏ်လုပ်ငန်းများ၊ ပြည်တွင်းဘဏ်ခွဲများနှင့် ချိတ်ဆက်ဆောင်ရွက်ထားခြင်းကြောင့် OCBC ဘဏ်အတွက် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သလို CB ဘဏ်၏ Cash Management Service လုပ်ငန်းများတွင် လိုအပ်သည့် အတတ်ပညာ၊ နည်းပညာများကိုလည်း OCBC ဘဏ်က ပံ့ပိုးကူညီပေးသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

“ဒီနေ့မှာ ပြည်တွင်းက အများယုံကြည်စိတ်ချတဲ့ ဘဏ်နဲ့ ပူးပေါင်းဆောင်ရွက်ခွင့်အတွက် MOU ရေးထိုးနိုင်ခဲ့ပါတယ်။ နိုင်ငံခြားဘဏ်တစ်ခုအနေနဲ့ ပြည်တွင်းရဲ့လိုအပ်ချက်တွေကို အကုန်လုံးနားလည်သဘောပေါက်ဖို့ မဖြစ်နိုင်ပါဘူး။ အခုလို ပြည်တွင်းဘဏ်နဲ့ ပူးပေါင်းချိတ်ဆက်ခြင်းဖြင့် ကျွန်တော်တို့အတွက် ပြည်တွင်းဘဏ်လုပ်ငန်း အခြေအနေကို ပိုမိုနားလည်လာစေသလို CB ဘဏ်အနေနဲ့လည်း ကျွန်တော်တို့သုံးနေတဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ငွေကြေးဝန်ဆောင်မှုစနစ်တွေနဲ့ ဘဏ်လုပ်ငန်းအစီအစဉ်တွေကို ပိုမိုမျှဝေရရှိနိုင်မယ်လို့ ယူဆပါတယ်”ဟု OCBC ဘဏ်၏ CEO Mr.Samuel Tsien က ပြောကြားသည်။

OCBC ဘဏ်အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ Cash Management ဝန်ဆောင်မှုများကို CB ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကာ ပြည်တွင်းငွေကြေးဈေးကွက်နှင့် ဘဏ်စနစ်များ ပိုမိုခိုင်မာစေရေးအတွက်လည်း ရည်ရွယ်ကြောင်း Mr.Samuel က ဆက်လက်ပြောကြားသည်။

**သွန်းဝသန်**




❒ *ကျောဖုံးမှ*

ဒုတိယပိုင်းတွင် အင်္ဂလန် လူစားလဲမှုများပြုလုပ်ခဲ့ပြီး အမြင့်ဘောများဖြင့်တိုက်စစ်ဆင်ခဲ့သည်။ မိနစ် ၉၀ ထိ နှစ်သင်းစလုံး အနိုင်ဂိုးမသွင်းနိုင်ပေ။ နာကျင်အချိန်ပို ၂ မိနစ်တွင် အင်္ဂလန်မှ ဘေ့စ်ဆက်က ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် ဂျပန်အနိုင်ဂိုးရရှိကာ ပွဲပြီးချိန်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဗိုလ်လုပွဲတက်ရောက်သွားသည်။

လက်ရှိချန်ပီယံဂျပန်သည် ဗိုလ်လုပွဲတွင် အမေရိကန်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၁၁ ကမ္ဘာ့ဖလားတွင် ဂျပန်အသင်းသည် ဗိုလ်လုပွဲတွင် အမေရိကန်ကို ပယ်နယ်တီဖြင့်အနိုင်ရကာ ဗိုလ်စွဲခဲ့သည်။

အမျိုးသမီးကမ္ဘာ့ဖလားကို ဖီဖာမှ ၁၉၉၁တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကမ္ဘာ့ဖလား အများဆုံးနှစ်ကြိမ်ရရှိထားသည့် အသင်းမှာ အမေရိကန်နှင့် ဂျာမနီအသင်းတို့ဖြစ်သည်။ အမေရိကန်အသင်းသည် ပြိုင်ပွဲစတင်ပြုလုပ်သည့် ၁၉၉၁ နှင့် ၁၉၉၉ တွင် ဖလားရရှိပြီး ၂၀၁၁ တွင် ဒုတိယရရှိကာ ၁၉၉၅၊ ၂၀၀၃၊ ၂၀၀၇ တွင် တတိယ ရရှိထားသည့် အအောင်မြင်ဆုံးအသင်းဖြစ်သည်။

ဂျာမနီအသင်းသည် ၂၀၀၃၊ ၂၀၀၇ တွင် ဖလားရရှိပြီး ၁၉၉၅တွင် ဒုတိယရရှိထားသည်။ နော်ဝေအသင်းသည် ၁၉၉၅ တွင် ဖလားရရှိကာ လက်ရှိဂျပန်အသင်းမှာ ၂၀၁၁ တွင် ဖလားရရှိထားသည်။

၂၀၁၅အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းယူထားသည့် ဂျာမနီကစားသမား ဆယ်လီယာဆာဆစ်မှာ ခြောက်ဂိုး သွင်းယူထားသည်။ ဒုတိယအများဆုံးသွင်းထားသူမှာ ဂျာမနီမှ အန်ဂျာမစ်တက်က ငါးဂိုးသွင်းယူထားသည်။ ဗိုလ်လုပွဲကို မြန်မာစံတော်ချိန် ဇူလိုင် ၆ ရက် နံနက် ၅ နာရီခွဲတွင် ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

တတိယနေရာလုပွဲအဖြစ် ဂျာမနီနှင့်အင်္ဂလန်တို့ ဇူလိုင် ၅ ရက် နံနက် ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ-ရေးသည်**

# လွတ်လပ်ရေးနေ့တွင် အိုင်အက်စ်တို့ တိုက်ခိုက်လာနိုင်ကြောင်း ပင်တဂွန်သတိပေး

**ဝါရှင်တန် ဇူလိုင် ၂**

စနေနေ့တွင် ကျရောက်မည့် အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေးနေ့၌ အိုင်အက်စ်အစွန်းရောက်ထောက်ခံသူများ၏ တိုက်ခိုက်ခံရနိုင်ဖွယ်ရှိကြောင်း ပင်တဂွန်ဌာနချုပ်မှ ယမန်နေ့က သတိပေးထားသည်။



အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါအဖွဲ့ နှစ်ဖွဲ့ကို ယှဉ်ကြည့်ပြီး ဗုဒ္ဓဟူးနေ့က ကျင်းပသော သတင်းစာ ရှင်းလင်းပွဲတွင် အမေရိကန် ကာကွယ်ရေး ဒုဝန်ကြီး အက်ရှ်တန်ကာတာက လာမည့် အားလပ်ရက်များအတွင်း အိုင်အက်စ်တိုက်ခိုက်ရေးသမားများ ရန်ပြုလာနိုင်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

လူမှုမီဒီယာခေတ်တွင် အိုင်အက်စ်အိုင်အယ်လ် အဖွဲ့သည် ယခင်က အယ်လ်ခိုင်ဒါအဖွဲ့နှင့် မတူသောအချက်မှာ ဖြစ်ရပ်ကို သွေးထိုးလှုံ့ဆော်ပေးသူနှင့် အဖွဲ့အစည်းအကြား အမိန့်နာခံမှုနှင့် ထိန်းချုပ်မှုမရှိခြင်းပင်ဖြစ်ကြောင်း ကာတာက အစွန်းရောက်များ၏အခြားအဖွဲ့များကို ရည်ညွှန်းလျက် ပြောဆိုသည်။

ပင်တဂွန်မှ သတိပေးမှုမပြုခင် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပြည်နယ်လုံခြုံရေးဌာနတို့သည် ဇူလိုင် ၄ ရက် အားလပ်ရက်တွင် လုံခြုံရေးကို တိုးမြှင့်ချထားရန် သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။ လွတ်လပ်ရေးနေ့ အားလပ်ရက်အတွင်း နိုးနိုးကြားကြားရှိနေကြရန် သတိပေးထားသည်။

သောကြာနေ့က ပြင်သစ်၊ တူနီးရှား၊ ကူဝိတ်တို့တွင် လူပေါင်း ၆၀ ကျော် သေဆုံးခဲ့ရသည့် တိုက်ခိုက်ခံရမှုတိုင်းတွင် အိုင်အက်စ်တို့ ပတ်သက်မှုရှိသည်။ ၎င်းတို့ အဖွဲ့ အဓိကခြေကုပ်ရယူထားသော အီရတ်နှင့် ဆီးရီးယားအပြင်ဘက်သို့ထိ အောင်ပင်ခြိမ်းခြောက်မှုများ ပျံ့နှံ့လာနေပြီဖြစ်သည်။

ဖြစ်ရပ်သုံးခုကြား တိုက်ရိုက်ဆက်နွှယ်မှုကို အမေရိကန် ထောက်လှမ်းရေးအဖွဲ့မှ အစပိုင်းတွင် အတိအကျမပြောနိုင်သော်လည်း အိုင်အက်စ်တို့က ဥပုသ်ကာလအတွင်း တိုက်ခိုက်မှုများပြုလုပ်ရန် ချမှတ်ထားသည့်အချက်များနှင့် သက်ဆိုင်မှုရှိနေကြောင်း ဖော်ပြထားသည်။

(ဆင်ဟွာ)

# ဩစတြေးလျ အကျဉ်းထောင်ဆူပူမှု ဒေါ်လာရှစ်သန်းတန်ဖိုးနီးပါး ထိခိုက်ပျက်စီး

**မဲလ်ဘုန်း ဇူလိုင် ၂**

မဲလ်ဘုန်းအကျဉ်းထောင်၌ လူရှစ်ဦးကို ထိခိုက်ဒဏ်ရာရစေခဲ့သော အဓိကရုဏ်းဖြစ်ပွားမှုသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇ သန်းတန်ဖိုးမက ထိခိုက်ပျက်စီးခဲ့ ကြောင်းသိရသည်။ အင်္ဂါနေ့က Victorian အကျဉ်းထောင်များ၌ ဆေးလိပ်သောက်ခြင်းကို တားမြစ်သည့် ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းလိုက်ခြင်းအပေါ် ကန့်ကွက်ဆန္ဒပြရာ မှ ပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒုတိယရဲမင်းကြီးဟောင်း ကီရန်ဝါလ်ရှီက အဓိကရုဏ်းဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် တရားခံများကို ရှာဖွေဖော်ထုတ်ရန် အထူးတပ်ဖွဲ့ကို တာဝန်ပေးအပ်ထားသည်။ ရဲအရာရှိချုပ် ဂိတ်နွှန်နန်က စုံစမ်းစစ်ဆေးမှုရလဒ်များ နိုဝင်ဘာလတွင် ထွက်ပေါ်မည်ဟု ဆိုသည်။

အဓိကရုဏ်းဖြစ်ပွားစဉ် အကျဉ်းထောင်ထိခိုက်ပျက်စီးမှုမှာ အကွက်ကျကျစီစဉ်ထားခြင်းဖြစ်သည်ဟု သတင်းရင်းမြစ်များက အင်္ဂါနေ့တွင် ဖော်ပြသည်။ "ဒီမှာရှိသမျှ အရာအားလုံး ဖျက်ဆီးခံလိုက်ရတယ်။ အသက် ၂၀ အထက် အကျဉ်းသားတွေရဲ့ ကိုယ်ရေးဖိုင်တွေပါ ပါသွားတယ်"ဟု မျက်မြင်သက်သေတစ်ဦးက ပြောခဲ့သည်။

အကျဉ်းထောင်လုံခြုံရေးအစောင့်များက နည်းလမ်းများ ပြောင်းလဲပေးရန် တောင်းဆိုလျက်ရှိသည်။ ၎င်းတို့သည် လက်နက်မပါဘဲ အခြေအနေကို ငြိမ်သက်အောင် ထိန်းသိမ်းရန်စေခိုင်းခံရသည်ဟု ဆိုသည်။

အဆိုပါထောင်တွင်းဆူပူမှု၌ အဓိကနေရာမှ ပါဝင်ခဲ့ကြသူများကို အခြားသော အကျဉ်းထောင်သို့ပြောင်းရွှေ့ခဲ့ပြီး Metropolitan Remand Centre ကို ရက်သတ္တပတ်ငါးပတ်ကြာသည်အထိ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# အိုင်အက်စ်တို့အား အမြစ်ပြုတ်တိုက်မည်ဟု အီဂျစ်အစိုးရတပ်များ သန္နိဋ္ဌာန်ချထား

**ဆိုင်းနိုင်း ဇူလိုင် ၂**

အိုင်အက်စ် စစ်သွေးကြွများနှင့် တိုက်ပွဲဖြစ်ပြီး လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ပြီးနောက် အီဂျစ်တပ်ဖွဲ့က ဆိုင်းနိုင်းကျွန်းဆွယ်ကို ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အီဂျစ်တို့က ပြောသည်။

အိုင်အက်စ် စစ်သွေးကြွများအား ဆိုင်းနိုင်းကျွန်းဆွယ်မှ အပြတ်တိုက်ထုတ်သွားမည်ဖြစ်ကြောင်း အီဂျစ်အစိုးရတပ်များက ပြောသည်။

အီဂျစ်နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် လွန်ခဲ့သော သုံးရက်က မြို့တော် ကိုင်ရို၌ ရှေ့နေချုပ် ဟစ်ဟမ်ဘာရာကတ်လုပ်ကြံခံရပြီးနောက် အခြေအနေမှာ ဆိုးရွားလာသည်ဟု ဆိုသည်။

ဆိုင်းနိုင်းမြောက်ပိုင်း တိုက်ပွဲများအတွင်း အကြမ်းဖက်သမား ၁၀၀ ကျော်ကို သုတ်သင်နိုင်ခဲ့ပြီး အများအပြား ဒဏ်ရာရရှိသွားခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ စစ်ဆင်ရေးတွင် အရာရှိလေးဦး အပါအဝင် အီဂျစ်တပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးသွားခဲ့သည်။

တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားပြီး အခြေအနေကိုရာနှုန်းပြည့် ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း အိုင်အက်စ်စစ်သွေးကြွများ ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဗုဒ္ဓဟူးနေ့နှောင်းပိုင်းတွင် ပြောသည်။

(ရိုက်တာ)

# တောင်ကိုရီးယားတွင် မားစ်ရောဂါဖြစ်ပွားနေဆဲ

**ဆိုးလ် ဇူလိုင် ၂**

တောင်ကိုရီးယားနိုင်ငံတွင် အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(မားစ်)ဖြစ်ပွားမှုမှာ ကြာသပတေးနေ့က တစ်ဦးထက်မကရှိကြောင်း၊ ငါးရက်အတွင်း ပထမဆုံးအကြိမ် ပြန်ဖြစ်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဆိုးလ်မြို့ဆမ်ဆောင်းဆေးရုံ၌ လူနာပေါင်း ၁၈၃ ဦးအား ပြုစုကုသပေးလျက်ရှိကြောင်း၊ ယင်းဆေးရုံကြီးတွင် ကူးစက်ခံရသူ ၈၈ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အသက် ၂၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် အခြား ကူးစက်ခံရသူများအား ကုသပေးနေစဉ် ရောဂါကူးစက်ခံရဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

ယင်းအမျိုးသမီးအပြင် အခြားကူးစက်မှုလည်း ရှိနိုင်ကြောင်း မေလ ၂၀ ရက်တွင် ပထမဆုံးအကြိမ်ဖြစ်ပွားပြီးကတည်းက တောင်ကိုရီးယားနိုင်ငံတွင် မားစ်ရောဂါကူးစက်ခံရသူ ၁၈၃ ဦးအထိ ရှိလာသည်ဟုဆိုသည်။

တောင်ကိုရီးယားနိုင်ငံတွင် မားစ်ရောဂါပျံ့နှံ့မှု အဆုံးသတ်ရန် မျှော်လင့်ထားရာ လွန်ခဲ့သည့်လေးရက်အတွင်း ရောဂါအသစ်ထပ်မံဖြစ်ပွားသူမရှိဟုဆိုသည်။ သို့သော် ကြာသပတေးနေ့က တစ်ဦးမက ပြန်လည်ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

(ဆင်ဟွာ)



# ဖိလစ်ပိုင်ကူးတို့ရေယာဉ်နစ်မြုပ်၍ ၃၆ ဦးထက်မနည်း သေဆုံး

**မနီလာ ဇူလိုင် ၂**

ဖိလစ်ပိုင်အလယ်ပိုင်း၌ ခရီးသည် ၁၈၉ ဦးတင်ဆောင်လာသော ကူးတို့ရေယာဉ်တစ်စီးနစ်မြုပ်ခဲ့ရာ လူ ၃၆ ဦးထက်မနည်း သေဆုံးခဲ့ပြီး ပျောက်ဆုံးသူများစွာရှိကြောင်း ကမ်းခြေစောင့်ရဲတပ်ဖွဲ့မှ ကြာသပတေးနေ့က ပြောကြားခဲ့သည်။

ရေကြောင်းဆိုင်ရာ လုံခြုံရေးမှတ်တမ်းများအရ ကျွန်းစုပေါင်း ၇၁၀၀ ရှိသော ဖိလစ်ပိုင်၌နှစ်စဉ် ကူးတို့ရေယာဉ်နစ်မြုပ်မှုမတော်တဆဖြစ်စဉ်ကြောင့် နှစ်စဉ် လူပေါင်းရာနှင့်ချီသေဆုံးကြောင်း၊ စိတ်ချရမှုမရှိသော ရေယာဉ်များပေါ် လူအများအပြား တင်ဆောင်မှုကြောင့် ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)

# ပျက်ကျအင်ဒိုနီးရှားလေယာဉ်မှ အသေအပျောက်ရှာဖွေမှုများကို ရပ်တန့်တော့မည်



**ဂျကာတာ ဇူလိုင် ၂**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားဧရိယာအတွင်းရှိ လူနေရပ်ကွက်အတွင်း လေယာဉ်ပျက်ကျမှုကြောင့် လူ ၁၄၀ သေဆုံးခဲ့ပြီးသည့်နောက်တွင် နှစ်ရက်ကြာ အသေအပျောက်ရှာဖွေမှုများကို အင်ဒိုနီးရှားအာဏာပိုင်များက ရပ်တန့်တော့မည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ခရီးသည် ၁၂၂ ဦး တင်ဆောင်လာသော ဟာကျူလီ C-130 B သယ်ယူပို့ဆောင်ရေးလေယာဉ်သည် မြောက်ပိုင်းမြို့တော် မီဒန်ရှိ လူနေရပ်ကွက်အတွင်းသို့ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူများအပြင် မြေပြင်ပေါ်ရှိ လူများပါ သေဆုံးခဲ့ရသည်။

"မနေ့ကစပြီး နောက်ထပ်အလောင်းတစ်လောင်းမှ ကျွန်တော်တို့ရှာမတွေ့တော့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို ဒီနေ့ရပ်လိုက်ပါပြီ" ဟု စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူ ဖွဒ်ဘာဆရာက ပြောသည်။

"မီဒန်မှာဖြစ်ခဲ့တဲ့ လေယာဉ်ပျက်ကျမှုက စစ်ဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးကိရိယာတွေကို ပြန်လည်ဆန်းသစ်ဖို့လိုနေပြီဆိုတာကို ထောက်ပြလိုက်တာပဲ" ဟု လွှတ်တော်အမတ် တီဘီဟာစနူဒင်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

(ရိုက်တာ)

# ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ဇနီး အမေရိကန်နိုင်ငံ၏(၂၃၉)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတက်ရောက်

**ရန်ကုန်  ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့သည် ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ အမေရိကန်သံအမတ်ကြီးနေအိမ်၌ကျင်းပသည့် အမေရိကန်နိုင်ငံ၏ (၂၃၉) ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် နှစ်နိုင်ငံ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအား အမေရိကန်နိုင်ငံသံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညာဏ်ထွန်း အမေရိကန်နိုင်ငံ၏ (၂၃၉) ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# တပ်မတော်ကိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်စေရန် ရည်မှန်းချက်ထားဆောင်ရွက်



**နေပြည်တော်  ဇူလိုင် ၂**

သင်ကြားပေးလိုက်သည့်ပညာရပ်များကို အမှန်တကယ် တတ်ကျွမ်းအောင် သင်ယူသွားကြပြီး လက်တွေ့နယ်ပယ်တွင် ပကတိအခြေအနေနှင့် ယှဉ်တွဲအသုံးချရမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၁ နာရီတွင် ကလောတပ်နယ်ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့် တပ်နယ်မှ အရာရှိများအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ နည်းပြအရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့် ကလောတပ်နယ်မှ အရာရှိများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ကိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်ဖြစ်စေရန် ရည်မှန်းချက်ထားဆောင်ရွက်ခဲ့ကြောင်း၊ ယခု နိုင်ငံတကာစံချိန်မီသော Standard Army ဖြစ်အောင် ဆက်လက်တည်ဆောက်နေကြောင်း၊ မိမိတွင်ရှိသည့် လူ၊ လက်နက်အင်အားကို မိမိ၏မြော်မြင်တွေးခေါ်မှုဖြင့် သေချာစွာ စီမံခန့်ခွဲပြီး စစ်နိုင်အောင် တိုက်နိုင်သည့်စွမ်းရည်သည် တိုက်စွမ်းရည်ပင်ဖြစ်ကြောင်း၊ လက်ရှိထက် အရေအတွက်၊ အရည်အသွေး ပိုမိုကောင်းမွန်သည့် စစ်လက်နက်ပစ္စည်းများ ဖြည့်ဆည်းတပ်ဆင်နိုင်ခြင်းဖြင့် တိုက်စွမ်းအားကို ရရှိစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားအရာရှိကြီးများအတွက် ရွှေဖီဦး အသင့်ဖျော်လက်ဖက်ရည်ထုပ်များကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်က အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းသား အရာရှိကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက်ပိုင်းက အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)သို့ရောက်ရှိပြီး ဆေးရုံ တက်ရောက်ကုသလျက်ရှိသော အရာရှိ၊ စစ်သည်များအားတွေ့ဆုံ၍ တစ်ဦးချင်း၏ရောဂါအခြေအနေများမေးမြန်းကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး **(ဝဲပုံ)** စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြဝတီ)**

## မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အခမဲ့ကြည့်ရှုနိုင်

**ရန်ကုန်  ဇူလိုင် ၂**

ပထမတန်းလက်ဝှေ့သမားများထွက်ပေါ်လာစေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)ကစီစဉ်သည့် Myanmar Fight မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ပြိုင်ပွဲများကို ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရိုးရာလက်ဝှေ့ကလပ်များမှ မျိုးဆက်သစ်လက်ဝှေ့သမား သုံးချီစိန်ခေါ်ပွဲများတွင် နိုင်ထက်အောင်(တောင်ကလေး) နှင့် ရန်နိုင်(တိုက်ဂါး)၊ ထက်လင်းဦး (တိုက်ဂါး) နှင့် ထူးနေသူ(တောင်ကလေး)၊ သူရထွန်း(တိုက်ဂါး)နှင့် ထယ်ကြီး(STL)၊ စောထူးအောင် (ဒို့ရိုးရာ) နှင့် ကြည်ထက်သူ (တောင်ကလေး)၊ ချစ်လေး(တောင်ကလေး) နှင့် ရန်တိုင်းအောင် (အလင်းရောင်)တို့ဖြစ်ပြီး လေးချီစိန်ခေါ်ပွဲတွင် နဂ္ဂါအောင် (တောင်ကလေး) နှင့် အောင်ခဲစော(တိုက်ဂါး)၊ ကျားဘဟိန်း(အလင်းရောင်) နှင့် မင်းထက်အောင် (ဒို့ရိုးရာ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ပြိုင်ပွဲများကို ပြည်သူများ၊ လက်ဝှေ့ဝါသနာရှင်များ အခမဲ့ကြည့်ရှုနိုင်ပြီး စကိုင်းနက်ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# မင်းပြားမြို့နယ်၌ မှိုစား၍ တစ်အိမ်တည်းမှ သုံးဦးသေဆုံး၊ တစ်ဦး အသည်းအသန်ဖြစ်

**စစ်တွေ  ဇူလိုင် ၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ငပြီအင်းကျေးရွာတွင် ရာသီအလိုက် သဘာဝအလျောက် ပေါက်ရောက်နေသော မှိုကိုဟင်းချိုချက်စားသဖြင့် တစ်အိမ်တည်းမှ သုံးဦးသေဆုံးကာ တစ်ဦးအသည်းအသန်ဖြစ်နေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငပြီအင်းကျေးရွာမှ ဦးမောင်ကျော်မင်းသည် ဇွန် ၂၆ ရက်က တောင်ခြေရင်းမှမှိုများ (တောင်ပုတ်မှိုရောက်မ၊ ရိကြိုင်မှို) ကို ခူးလာပြီး ယင်းနေ့နံနက်ပိုင်းတွင် ဟင်းချိုချက်၍ မိသားစုအားလုံး စားသောက်ကြသည်။ စားပြီးနောက် အော့အန် မူးဝေဝမ်းလျှောကြသဖြင့် ရွာ၌ ကုသနေခဲ့ကြသည်။ အခြေအနေ ပိုဆိုးလာသဖြင့် ဇွန် ၂၇ ရက်က မင်းပြားဆေးရုံသို့ တက်ရောက်ကုသခဲ့ကြသည်။ မင်းပြားဆေးရုံ၌ ဆရာဝန်၊ ဆရာမများက အလေးထားပြီး ကုသခဲ့ကြသော်လည်း ဇွန် ၂၈ ရက်က ဦးမောင်ကျော်မင်း၏ သမီးများဖြစ်ကြသော မခိုင်ဖြူချေ (ကိုးနှစ်) နှင့် မမေချေ (ခုနစ်နှစ်) တို့ နှစ်ဦးသေဆုံးခဲ့ကြသည်။ လူနာများ၏ ရောဂါအခြေအနေအရ ဦးမောင်ကျော်မင်း (၅၁ နှစ်) နှင့် မောင်ကျော်ခိုင်ဦး (၁၄ နှစ်) တို့ကို ဇွန် ၂၉ ရက် နံနက်ပိုင်းက စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ဆေးရုံကို ရောက်ကတည်းက ကလေးတွေက သတိမေ့နေကြပါပြီ။ ကျွန်မတို့လည်း မင်းပြားဆရာဝန်ကြီးနဲ့အတူ အထူးဂရုစိုက်ပြီး ကုသပေးခဲ့ကြပါတယ်။ ဒါပေမယ့် ကလေးနှစ်ဦးက ဇွန် ၂၈ ရက်မှာ ဆုံးသွားပါတယ်။ သူတို့အဖေနဲ့သားကိုတော့ စစ်တွေဆေးရုံကြီးကို လွှဲပြောင်းပို့လိုက်ပါတယ်" ဟု မင်းပြားဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာ မြတ်သဂီကျော်က ပြောသည်။

လူနာများသည် ဇွန် ၂၉ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က စစ်တွေဆေးရုံကြီးသို့ရောက်ရှိလာပြီး ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြု ဆရာ ဆရာမများက အထူးကြပ်မတ် ကုသပေးကြသော်လည်း မောင်ကျော်ခိုင်ဦး(၁၄နှစ်) မှာ ဇူလိုင် ၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် သေဆုံးသွားခဲ့သည်။ ဖခင် ဦးမောင်ကျော်မင်းမှာလည်း စိုးရိမ်ရသောလက္ခဏာများတွေ့ရ၍ ရန်ကုန်မြို့သို့ ဆက်လက်ကုသရန် လူနာရှင်တို့၏ဆန္ဒအရ ခွင့်ပြုထားကြောင်း သိရသည်။

**သတင်း-ကိုကြီးစော**

စစ်တွေဆေးရုံအုပ်ကြီး ဒေါက်တာ စိုးထွန်းအောင်က "ကျွန်တော်တို့လည်း ဂရုစိုက်ပြီး ကုသပေးပါတယ်။ အဆိပ်သင့်တယ်ဆိုတော့ အရေးကြီးတဲ့ အတွင်းအင်္ဂါအစိတ်အပိုင်းတွေကိုထိခိုက်သွားပါတယ်။ ကလေးတွေက ခံနိုင်ရည်မရှိတော့ ဆုံးသွားပါတယ်။ သူတို့အဖေလည်း စိုးရိမ်ရတဲ့ လက္ခဏာတွေ့ရပါတယ်။ သူတို့က ရန်ကုန်ကိုသွားကုချင်တယ်လို့ တင်ပြလာတဲ့အတွက် ခွင့်ပြုပေးထားပါတယ်"ဟု ပြောပြသည်။

# စာရေးဆရာ ဖြစ်ချင်သလား

**ချစ်နိုင်(စိတ်ပညာ)**

**"စာရေးဆရာ ဖြစ်ချင်တဲ့ အာသီသရှိဖို့ထက် စာရေးချင်တဲ့ အာသီသရှိဖို့လိုပါတယ်။"**

**အဲလက်စ်ဟေလီ**

**(ကမ္ဘာကျော် Root ဝတ္ထုရှည်ကြီးကို ရေးခဲ့သူ စာရေးဆရာ)**

အခြေခံစာရေးနည်းသင်တန်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) အမှတ်(၁၇၃-၁၇၅)၊ ရှစ်လွှာ (ဓာတ်လှေကားရှိပါသည်)ဟာ ယခုဇူလိုင်လမှာ စဖွင့်မယ်ဆိုပဲ။ တစ်လကြာသင်တန်း။ သင်တန်းဝင်ကြေးက ငွေကျပ် ၂၀၀၀၀ တဲ့။ ယခင်သင်တန်းလေးကြိမ်ဖွင့်ခဲ့ဖူးပါပြီ။ သင်တန်းဆင်းသွားကြတဲ့ စာပေဝါသနာရှင် ၄၀၀ လောက်ထဲက လေးဦး၊ ငါးဦးလောက်ပဲ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ အစဉ်မပြတ်ကြိုးစားပြီး ရေးနေကြတာမြင်တွေ့ရပါတယ်။ သူတို့ဟာချီးကျူးစရာပဲ။

သင်တန်းက ဆင်းသွားခဲ့တဲ့ ၉၉ ရာခိုင်နှုန်းကတော့ စာဖတ်ပရိသတ်နှစ်သက်လက်ခံတဲ့ စာရေးဆရာ၊ ကဗျာဆရာဖြစ်လာဖို့မဆိုထားနဲ့ သူ့ဘာသာသူတောင် နေ့စဉ်မှန်မှန်စာရေးဖြစ်ပုံမရပါ။ ဆရာမောင်ထွန်းသူ ဘာသာပြန်ထားတဲ့ ဇာစ်မြစ်ဆိုတဲ့ ဝတ္ထုရှည်စာအုပ်အထူကြီးတစ်အုပ်ရှိပါတယ်။ အမေရိကန်ကို ငွေဝယ်ကျွန်အဖြစ် လူကုန်ကူးခံရပြီး ရောက်လာခဲ့ကြတဲ့ နီဂရိုးလူမည်း အာဖရိကန်တွေရဲ့ မျိုးဆက်၊ ဘိုးအေဘွားအေတွေအကြောင်း စိတ်ဝင်စားဖွယ်ကောင်းအောင် အနုပညာရသမြောက်စွာ ရေးဖွဲ့ထားတဲ့ ဝတ္ထုရှည်ကြီးပါ။

(Root) ဇာစ်မြစ်တဲ့။ စာမျက်နှာ ၈၀၀ ကျော်ရဲ့။ အဲဒီဝတ္ထုရှည်ကြီးကို ကိုးနှစ်ကြာမှ အချိန်ယူ သုတေသနပြုပြီးရေးတဲ့ အဲလက်စ်ဟေလီဆိုတဲ့ လူမည်းစာရေးဆရာဟာလည်း ဒီတစ်ပုဒ်တည်းနဲ့ ကမ္ဘာကျော်သွားပါတယ်။ ပူလစ်ဇာဆု၊ ဘာဆု၊ ညာဆု၊ စာပေဆုတွေ တစ်ပြုံတစ်ခေါင်းလည်းရ၊ စာအုပ်အရောင်းရဆုံးဖြစ်လို့လည်း စာမူခတွေသန်းချီရ၊ အခန်းဆက်ရုပ်မြင်သံကြားဇာတ်လမ်းလွှင့်ခ၊ ရုပ်ရှင်ရိုက်ခငွေတွေ သောက်သောက်လဲရ။ ထီပေါက်သလို နေ့ချင်းညချင်းချမ်းသာသွားခဲ့တဲ့ စာရေးဆရာက "စာရေးချင်တဲ့ အာသီသရှိဖို့သာလိုပါတယ်" လို့ ဆိုတာပဲ။

ထင်ပေါ်ကျော်ကြားတဲ့ စာရေးဆရာသာဖြစ်ချင်တာ၊ တကယ်တမ်း အလွန်တရာအထီးကျန်နိုင်လှတဲ့ စာပေလေ့လာရေးသား ပြုစုရခြင်းအလုပ်ကိုတော့ ဖင်မြဲမြဲထိုင်ရှိရှိနဲ့ မလုပ်ချင်ပါဘူးဆိုရင်မရဘူး။ စာရေးဆရာရဲ့ စာရေးတဲ့အလုပ်ဟာ စာများများဖတ်ရတယ်။ ခရီးများများသွားရတယ်။ ပတ်ဝန်းကျင်ကလူတွေအများကြီးကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး သူတို့ရဲ့ အပြုအမူ၊ အမူအကျင့်၊ ပြောပုံဆိုပုံ၊ စဉ်းစားပုံတွေးခေါ်ပုံ စတဲ့ ကိုယ်အပြုအမူ၊ နှုတ်အပြောအဆို၊ စိတ်အတွေးအကြံ ဒါတွေအားလုံးကို စိတ်ဝင်တစားရှုမှတ်ရတယ်။

စာပေသမားချင်း ပေါင်းသင်းဆွေးနွေးရတယ်။ ပြောဆိုနှီးနှောရတယ်။ သို့ပေမယ့် ပြင်ပမှာချည်းလည်း အချိန်ကုန်နေလို့မပြီးသေးဘူး။ လက်နဲ့ ဘောပင်နဲ့ပဲရေးရေး၊ လက်တော့ပ်၊ ကွန်ပျူတာ၊ အိုင်ဖုန်း၊ တက်ဘလက်နဲ့ပဲရေးရေး၊ ဘာနဲ့ပဲရေးရေး စာကိုတော့ နေ့စဉ်အချိန်ပေးပြီးရေးရပါမယ်။ စာရေးဆရာဖြစ်ချင်ရင် စာရေးရမယ်လေ။ စာရေးမပျင်းမှ စာရေးဆရာဘဝ တကယ်ရနိုင်ပါတယ်။ အသက်ငယ်တာကြီးတာနဲ့လည်း မဆိုင်လှဘူး။ အင်တာနက်ဖေ့စ်ဘွတ်မှာရေးတာလည်း အလေ့အကျင့်ရတာပေါ့။ ချမ်းသာချင်လို့ စာရေးဆရာလုပ်မယ်ဆိုရင်လည်း လွဲချော်နေပြီ။ စာရေးဆရာတွေဟာ အများအားဖြင့် ဆင်းရဲကြပါတယ်။ စာရေးပြီး ထမင်းစားရတဲ့ အလုပ်ဟာ တော်တော်လေးဝင်ငွေနည်းပါးပါတယ်။ မြန်မာစာပေလောကမှာ တက္ကသိုလ်ပါမောက္ခ၊ ကထိက၊ မြို့ပိုင်၊ နယ်ပိုင်၊ ဆရာဝန်၊ ရှေ့နေ၊ ကျောင်းဆရာ စသည်ဖြင့် ပုံသေလစာဝင်ငွေရှိထားသူပဲ စာရေးကြတာများတယ်။ စာရေးခြင်းသက်သက်နဲ့ ရပ်တည်တဲ့ စာရေးဆရာဆိုလို့ ရွှေဥဒေါင်း၊ ပီမိုးနင်း၊ မဟာဆွေ၊ မိုးဝေ၊ မြသန်းတင့်၊ နတ်နွယ်၊ ဗန်းမော်တင်အောင်၊ အောင်လင်း၊ သော်တာဆွေ၊ ပါရဂူ အစရှိသည်ဖြင့် လက်ချိုးရေလို့ရအောင်ပဲ အလွန်နည်းပါးလှပါတယ်။ စာရေးပြီး ချမ်းသာကြွယ်ဝသူဟာ လူတစ်ထောင်မှာ တစ်ယောက်လောက်ပေါ့။

ဒီတော့ဝါသနာတကယ်ပါမှလုပ်နိုင်တယ်။ စာရေးဆရာ တစ်ယောက်ဖြစ်ဖို့အတွက်ဆိုရင် အခြေခံအရည်အချင်း သုံးရပ်လိုအပ်တယ်လို့ ချင်းဂစ်ဇ်အက်တမာတော့ဗ်ဆိုတဲ့ ကားဂျစ်လူမျိုး(ရုရှား) စာရေးဆရာတစ်ဦးက ပြောဖူးတယ်။ သူဟာအောင်မြင်ကျော်ကြား လူကြိုက်များတဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်ရေးဆရာပါ။ သူ့အဆိုအရ လိုအပ်တယ်ဆိုတဲ့အရည်အချင်းတွေက ဘာများလဲ။

**၁။ ဘက်စုံပညာရေးရှိရမယ်**

စာများများဖတ်တဲ့၊ မှတ်တဲ့သူဖြစ်ရမယ်။ သိပ္ပံရော၊ ဝိဇ္ဇာရော၊ ဘာသာရပ်မျိုးစုံကို စိတ်ဝင်စားစွာလေ့လာနေဖို့လိုတယ်။ ဗဟုသုတ ပြည့်ဝသူဖြစ်ရမယ်။

**၂။ ရသအနုပညာ ပါရမီဓာတ်ခံရှိရမယ်**

ခံစားတတ်မှုအရည်အသွေးထက်မြက်ရမယ်။ ပန်းချီ၊ ဂီတ၊ အလှဗေဒ၊ ခံစားနားလည်တတ်အောင် မိမိကိုယ်ကို ပျိုးထောင်လေ့ကျင့်နေရမယ်။

**၃။ အတွေးအခေါ်၊ ဘဝအမြင်ဒဿနရှိရမယ်**

လောကအမြင်တစ်ရပ်ရှိရမယ်။ (ဒဿနမပါတဲ့ စာတစ်ပုဒ်ကို ဖတ်နေရတာဟာ စိတ်မနှံ့သူတစ်ယောက် ပြောပြနေတဲ့စကားကို နားထောင်နေရတာနဲ့ တူတယ်လို့ ဆရာမြသန်းတင့်က ၁၉၈၀ ပြည့်နှစ် ဩဂုတ်လထုတ် မိုးဝေမဂ္ဂဇင်းမှာရေးခဲ့ဖူးပါတယ်)

မြန်မာစာရေးထုံးမှာတော့ ဒေါသတွေ၊ ဂုဏ်တွေရှိနေပါတယ်။ ရသပညာ၊ အလင်္ကာကျမ်းတွေမှာ ရှောင်ရန်ဆောင်ရန်အချက်တွေပေါ့။ မဖြစ်မနေ သိသင့်မှတ်သင့်တာတွေပါ။ ရှာဖွေလေ့လာသင့်ပါတယ်။

၁။ စကားပြေရေးရင်တော့ **ရှင်းရှင်းလင်းလင်း** ရေးတတ်အောင် ကြိုးစားရမယ်။ ဒါဟာအခြေခံကျတယ်။

၂။ **ကျစ်ကျစ်လျစ်လျစ်** ရေးနိုင်အောင် လေ့ကျင့်ရမယ်။ သတင်းထောက်အချို့ရေးတာဟာ တော်တော်ဖောင်းပွ။

၃။ **ပြေပြေပြစ်ပြစ်** ရေးတတ်အောင် လေ့လာထားရမယ်။ ရေးပြီးရင် ပြန်ဖတ်၊ ပြန်စစ်၊ ပြန်ပြင်ရမယ်။

၄။ **လိုက်ဖက်မှု** ရှိအောင် ရေးတတ်ရမယ်။

၅။ **တိတိကျကျ** ပေါ်လွင်အောင် ရေးတတ်ရမယ်။

၆။ သတ်ပုံ၊ သဒ္ဒါ၊ ရေးထုံး၊ **မှန်မှန်ကန်ကန်** ရေးတတ်အောင် လေ့လာလေ့ကျင့်ထားရမယ်။

အထက်ပါအချက်တွေဟာ စကားပြေကောင်းရဲ့ လက္ခဏာတွေပေါ့။ ချက်ချင်းဒါတွေပြည့်စုံအောင် ရေးနိုင်ဖို့ဆိုတာမလွယ်ပါ။ ပထမအဆင့်မှာ ရှင်းရှင်းလင်းလင်းရေးတတ်အောင် ဦးစားပေးလေ့ကျင့်ရပါမယ်။ ရှင်းရှင်းလင်းလင်းရေးတတ်လာပြီဆိုမှ နောက်တစ်ဆင့် တိတိကျကျ ဂဃနဏ ဖော်ပြတတ်အောင် လေ့ကျင့်သွားရမယ်။ ဟုတ်ပြီနော်။

အင်း. . . တော်တော်ဝေးဝေးချီတက်ရမယ့် ခရီးရှည်ကြီးပါကလား။ ငြီးငွေ့စရာ၊ ပျင်းရိစရာကောင်းလိုက်တာရယ်လို့ခံစားရရင် စာရေးဆရာ အမှန်တကယ်ဖြစ်ချင်တာမျိုးမဟုတ်သေးဘူး။ စာရေးဆရာဖြစ်ချင်ပါတယ်ဆိုတဲ့လူတွေမှာ ရည်ရွယ်ချက်အမျိုးမျိုးရှိကြတယ်။ အကြမ်းဖျင်း ဒီခြောက်မျိုးလောက် ခွဲခြားတွေ့ရှိကြရမယ်-

၁။ (Fame) ထင်ပေါ်ကျော်ကြားချင်လို့၊
၂။ (Pride) ဂုဏ်ရှိတယ် လူရာဝင်တယ်ထင်လို့၊
၃။ (Power) ဩဇာအာဏာရချင်လို့ပါ၊ ပါဝါပြချင်လို့၊
၄။ (Propaganda) ကိုယ့်အယူအဆ၊ ကိုယ့်ဝါဒလမ်းစဉ်ကို ဝါဒဖြန့်ချင်စည်းရုံးချင်လို့၊
၅။ (Wealth) ချမ်းသာကြွယ်ဝချင်လို့၊
၆။ (Interest in Writing) စာရေးရတာ ဝါသနာပါလို့။ တကယ်တမ်းစာရေးရတာ စိတ်ပါဝင်စားလို့ပါ၊ စာမရေးရမနေနိုင်လို့ပါဆိုတဲ့ လူစားတွေပဲ ဆင်းရဲဆင်းရဲ၊ ချမ်းသာချမ်းသာ၊ စာကို သေတပန်သက်တစ်ဆုံး ဖွဲကောင်းကောင်းနဲ့ ရေးသွားကြတာတွေ့ရပါလိမ့်မယ်။

ထင်ပေါ်ချင်လို့၊ ဂုဏ်ရှိချင်လို့၊ အာဏာရချင်လို့၊ စည်းရုံးဝါဒဖြန့်ချင်လို့ ချမ်းသာမလားလို့ စာရေးတဲ့ လူစားမျိုးတွေက တာရှည်မခံပါ။ တစ်ပုဒ် နှစ်ပုဒ်၊ သုံးလေးအုပ်မျှရေးပြီးရင် ပျောက်ကွယ်သွားကြပါလေရော။ အချို့လည်း ခိုင်းစေလို့ တာဝန်အရ ရေးကြရ။

စာရေးဆရာဖြစ်ချင်သူဟာ စိတ်အားထက်သန်မှုလည်းရှိရမယ်။ ကောက်ရိုးမီးလို ဟုန်းခနဲတောက်ရုံလေးနဲ့ မပြီးဘူး။ ဖွဲမီးလို တမြည့်မြည့်နဲ့ တငွေ့ငွေ့လောင်ကျွမ်းသလိုမျိုး တာရှည်ခံရမယ်။ ဖွဲရှိဖို့လည်းလိုတယ်။ အခက်အခဲအမျိုးမျိုးကို စိတ်ရှည်သည်းခံပြီး ဖြတ်သန်းနိုင်မှ စာရေးဆရာဘဝရေရှည်ခံနိုင်တယ်။

စီးပွားတွက် တွက်ကြေးဆိုလျှင်စာရေးဆရာအလုပ်သည် တွက်ခြေမကိုက်ပေ။ အမြတ် မသေချာ။ စီးပွားရေးအမြင်ကိုသာ ဦးစားပေးစတမ်းဆိုပါက စာရေးဆရာဖြစ်အောင် လုပ်မနေနှင့်။ ဝင်ငွေကောင်းမယ့် တခြားအသက်မွေးဝမ်းကျောင်းကို ရှာဖွေပါလေ။

တကယ်တော့ စာရေးဆရာအလုပ်ဆိုတာ အတ္တကိုယ်ကျိုးကိုစွန့်လွှတ်ပြီး ပရဟိတ၊ လောကတ္တစရိယ အများအကျိုး၊ လောကကောင်းကျိုးကို အဓိက ရှေးရှုတတ်တဲ့အမြင်ရှိပါမှ လုပ်နိုင်တဲ့ မွန်မြတ်သောအလုပ်ပါ။ စိတ်စေတနာ အဲသလိုမျိုးဖြစ်ရမယ်။

စာရေးတဲ့အလုပ်ကို ချစ်ခင်မြတ်နိုးတတ်ရမယ်။ စာရေးဆရာဘဝကို အောင်မြင်ချင်အောင်မြင်၊ မအောင်မြင်လည်းနေ။ ထင်ရှားချင်ထင်ရှား၊ မထင်ပေါ်ရလည်းရှိစေ။ ကိုယ်စိတ်ပါဝင်စားတဲ့ အလုပ်အနေနဲ့ နေ့စဉ်အချိန်ပေးပြီး ဖတ်ရမှတ်ရ၊ ရေးရသားရ ပျော်ပိုက်။ ပိုက်ဆံငွေကြေးရချင်ရ၊ မရချင်နေ။ ရေးနေရရင်ပြီးရောဆိုတဲ့ စိတ်မျိုးရှိမှဖြစ်နိုင်တယ်။ စိတ်ပျက်အောင်ပြောနေတာမဟုတ်ပါ။ ပကတိအဖြစ်မှန်အတိုင်း တင်ပြတာပါ။

**ကိုယ့်တာဝန်ကိုယ်မသိ၊ ရေးရလျှင်ပြီးရော၊ ပိုက်ဆံရလျှင်ပြီးရော၊ နာမည်ကြီးလျှင်ပြီးရော၊ တာဝန်ကင်းသဘောထားကြလျှင် လက်ထဲကကလောင်ကလေးကို လမ်းဘေးအမှိုက်ပုံထဲပစ်ထည့်၍ ဈေးတောင်းခေါင်းရွက် မုန့်ဟင်းခါး တစ်ထမ်းနှင့် လမ်းတကာလည်၍ရောင်းခြင်းက ပို၍သင့်မြတ်ပေလိမ့်မည်**

ဆရာမြသန်းတင့်လို တစ်နေ့ရှစ်နာရီထက်မနည်း၊ စာရေးစားပွဲခုံမှာ မဖြစ်မနေ ရေးတဲ့စာရေးဆရာတောင် ထမင်းနပ်မှန်ရုံပဲ။ မဂ္ဂဇင်းဂျာနယ်မျိုးစုံမှာ ကလောင်အမည်ခွဲအမျိုးမျိုးနဲ့ ဝတ္ထုတို၊ ဆောင်းပါး၊ ဘာသာပြန်၊ ကဗျာ၊ အက်ဆေး၊ မနားတမ်းရေးသော်လည်း ရေးခဲ့ရသမျှတော့ ထိပ်တန်းတန်ဖိုးမရဘူး။ တစ်ဒါဇင်လောက်သာ ပေါက်တာ။

ဆရာဇော်ဂျီနဲ့ ဆရာမြသန်းတင့်ဆုံကြတဲ့အခါ ဆရာကြီးဇော်ဂျီက မြသန်းတင့်ကို ချီးကျူးပါတယ်။

"မင်းကတော့ တော်တော်ရေးအားကောင်းတယ်။ များများရေးနိုင်တာ တွေ့ရတယ်။ ကောင်းတယ်ကွယ်။ များများရေးတာကောင်းပါတယ်" တဲ့။

"ဆရာရယ်. . . ဘယ်လိုပဲများများရေးပေမယ့် အရေအတွက်သာများတယ်။ အချို့ကဗျာတစ်ပုဒ်လောက်တောင် စာဖတ်ပရိသတ်ရဲ့ အသိအမှတ်ပြုမှုကို မရပါဘူး။ ပင်ပန်းရတာပဲ အဖတ်တင်တယ်ထင်တာပဲ"

"ရေးသမျှဟာ အညွန့်ချည်းပဲတော့ ဘယ်ဖြစ်နိုင်မလဲ။ ရွက်ကြမ်းရေကျိုလည်းပါမှာပေါ့။ အပုပ်အဆွေးတွေမဟုတ်ရင်ပြီးတာပဲ"တဲ့။ ဆရာကြီးဇော်ဂျီရဲ့ အားပေးစကားဟာ သိပ်လေးနက်တာပဲ။

အလွန်တန်ဖိုးရှိတဲ့ မှတ်သားစရာစကားပဲ။ ဘာပဲဖြစ်ဖြစ်များများရေးရမှာပါ။ ကောင်းအောင်လည်း အားထုတ်ရမှာပေါ့။ အပုပ်အဆွေးစာမျိုးတော့ မပါစေနဲ့။

စာဖတ်သူကို ကောင်းကျိုးချမ်းသာဖြစ်စေမယ့် စာကောင်းပေကောင်းတွေ ရေးသားပြုစုနိုင်အောင် ကြိုးစားရမှာပါ။ ရေးသမျှ စာကောင်းပေမွန် အညွန့်အဖူးချည်းဖြစ်ဖို့ဆိုတာကတော့ ဘယ်လွယ်မှာလဲ။ သို့သော်လည်း စိတ်ဖြေတတ်ရမယ်။

တချို့တလေ ရွက်ကြမ်းရေကျိုဆိုလည်း ကျေနပ်ရောင့်ရဲရမှာပဲပေါ့။ ဟုတ်ဘူးလား။

"အပုပ်အဆွေးမဟုတ်ရင် ပြီးတာပါပဲ" လို့ ဆရာကြီးဇော်ဂျီ အမျိုးသားစာဆိုကြီးက ပြောခဲ့တယ်။

ဆရာဇော်ဂျီက စာကောင်းရေးချင်ရင် စိတ်ကောင်းအရင်မွေး၊ စိတ်ကောင်းထားမှ စာကောင်းရေးနိုင်တယ်။ စိတ်ကောင်း စေတနာကောင်းကို အခြေခံရမယ်ဆိုတာ မကြာခဏအမိန့်ရှိပါတယ်။

အချို့စာနယ်ဇင်းတွေမှာ စိတ်ကောင်းစေတနာကောင်း ခေါင်းပါးပြီး ရိုင်းစိုင်းကြမ်းတမ်းတဲ့ ဒေါသ၊ မောဟ၊ လောဘတွေနဲ့ အကျည်းတန်အရုပ်ဆိုးစွာ ရေးနေကြတာ တွေ့ရမြင်ရတယ်။ ကလော်မယ်၊ ဆော်မယ်၊ ကိုက်မယ်၊ ခဲမယ်။ ဒေါသအသံ၊ မာနအသံတွေ ဆူဆူညံညံနဲ့ ခက်ထန်နေကြတယ်။ သနားစရာကောင်းတယ်။

စာကောင်းပေကောင်းလည်း မဖြစ်ဘူး။
ပရိသတ်ရဲ့ နှစ်သက်လက်ခံမှုလည်းမရဘူး။
ကိုယ်ရေးချင်တဲ့ရည်ရွယ်ချက်လည်း အထမမြောက်ဘူး။ မအောင်မြင်ရှာဘူး။ သင်ခန်းစာပေါ့။
စာဆိုတာ စိတ်ကိုရေးတာပဲ။

စိတ်ကောင်းကို အခြေခံရတယ်။ မေတ္တာပါရတယ်။ စာဖတ်ပရိသတ်ကို လေးလေးနက်နက် မေတ္တာအပြည့်အဝညွှတ်ရတယ်။ မေတ္တာပါရင် ဒေါသမပါနိုင်ဘူး။

မောက်မာခက်ထန်တဲ့ ရန်လိုစကားတွေ၊ အမုန်းတရားတွေ၊ အညိုးအတေး အာဃာတတွေမပါစေရဘူး။ ကိုယ်ရေးတဲ့စာထဲမှာ ဆင်ခြင်တုံတရားဦးစီးရမယ်လေ။

"ကိုယ့်တာဝန်ကိုယ်မသိ၊ ရေးရလျှင်ပြီးရော၊ ပိုက်ဆံရလျှင်ပြီးရော၊ နာမည်ကြီးလျှင်ပြီးရော၊ တာဝန်ကင်းသဘောထားကြလျှင် လက်ထဲက ကလောင်ကလေးကို လမ်းဘေးအမှိုက်ပုံထဲပစ်ထည့်၍ ဈေးတောင်းခေါင်းရွက် မုန့်ဟင်းခါးတစ်ထမ်းနှင့် လမ်းတကာလည်၍ရောင်းခြင်းက ပို၍သင့်မြတ်ပေလိမ့်မည်"တဲ့။ ဆရာကြီးဇေယျက စာခလေ့စာအုပ်ထဲက "ကလောင်သွားနှင့် မုန့်ဟင်းခါး" ဆိုတဲ့ စာတမ်းငယ် (Essay) မှာ ရေးသွားခဲ့တယ်။

လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်ဟိတ်နဲ့ ရေးတဲ့စာမျိုးဟာ ဘယ်လိုစာပေမျိုးထွက်လာမလဲ။ စာပုပ်စာဆွေးတွေပဲ ဖြစ်မှာပေါ့။ ဒါမျိုးမဖြစ်စေရအောင် သတိထားပြီး ရှောင်ကြဉ်ရမှာလေ။

ဒါန(စာဂ)၊ မေတ္တာ၊ ပညာ၊ ကုသိုလ်ဟိတ်ပါ၊ ဒီလို အလောဘ၊ အဒေါသ၊ အမောဟတရားတွေမှာ အရင်းအမြစ်အခြေခံတဲ့ စိတ်ကောင်းစေတနာမျိုးနဲ့ ရေးသားတဲ့ စာပေတွေကမှ အစဉ်ထာဝရ ရေရှည်လှတာ။ လောကကိုအလှဆင်ကြတာ။ ကောင်းကျိုးပြုပေးကြတာ။ စာဖတ်သူက စာရေးဆရာဖြစ်လာပြီဆိုရင် ဘယ်လိုစာမျိုးတွေများရေးမယ် စိတ်ကူးထားပါသလဲ။ စဉ်းစားထားပြီးရောပေါ့။ ကျွန်တော်တို့က ကြိုဆိုနေပါတယ်။

## မူးယစ်ဆေးဝါးနှင့် မှုခင်းပညာပေး ဟောပြော

**ရန်ကုန် ဇူလိုင် ၂**

တာမွေမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းအသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန်လစတုတ္ထပတ်က အထက(၁၀) တာမွေကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်မြက အမှာစကားပြောကြားသည်။ ဆက်လက်၍ မူးယစ်တပ်ဖွဲ့စု(၄၁)မှ ဒုရဲအုပ်နေလင်းထွန်းက Power Point ဖြင့် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များကို အသိပညာပေးရှင်းလင်းပြသခြင်း၊ စခန်းမှူး ဒုရဲမှူးဝင်းအောင်နီက မှုခင်းအသိပညာပေးဟောပြောခြင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်က အနာဂတ်မျိုးဆက်သစ်များ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြသည်။ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှလှ**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စု လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီကကျင်းပရာ ပြည်ထောင်စု လွှတ်တော်နာယကက နိုင်ငံတော် သမ္မတထံမှပေးပို့သည့် ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဇယား ၁၊ ၂ နှင့်စပ် လျဉ်းသည့် သဝဏ်လွှာကို လွှတ်တော် သို့ တင်ပြသည်။

ထို့ပြင် အစည်းအဝေးတွင် **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင် သည့်ဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)**နှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးကြသည်။



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမင်းဦး ဆွေးနွေးစဉ်။



မင်းကင်း မဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် ဆွေးနွေးစဉ်။



တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ဆွေးနွေးစဉ်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမင်းဦး**က ပြည်သူတို့ ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် ရာတွင် စနစ်နှင့်အညီ လိုအပ်သလို ပြင်ဆင်ရသည့် သဘောသဘာဝ လည်း ရှိပါကြောင်း၊ ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည်များကို အခြေ အနေ၊ အချိန်အခါနှင့်အညီ ပြည်သူ တို့၏ မျှော်လင့်တောင်းဆိုမှုကို အလေးအနက်ပြုပြီး ပြင်ဆင်ပေး ခြင်းဖြင့် သမိုင်းကောင်း ကမ္ပည်း ကျောက်စာတိုင်ကို အခိုင်အမာ စိုက်ထူကြရမည် ဖြစ်ပါကြောင်း၊ အမျိုးသားနိုင်ငံရေးနှင့် ပါတီနိုင်ငံ ရေးဆိုသည်မှာ ခွဲခြားမရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ အခန်း(၁)၊ အခြေခံမူများ ပုဒ်မ ၆(ဃ) တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသကဲ့သို့ အခန်း(၁၀)၊ နိုင်ငံရေး ပါတီများ အခန်း၏ ပုဒ်မ ၄၀၅(က)တွင်လည်း နိုင်ငံရေးပါတီ တစ်ရပ်သည် စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကို လက်ခံကျင့်သုံးရမည်ဟု ပြဋ္ဌာန်း ထားသည့်အတွက် ပါတီစုံဒီမိုကရေစီ စနစ်ဖော်ဆောင်ရန် နိုင်ငံရေး ပါတီများ အားကောင်းမောင်းသန်ဖြစ် ရန် အထူးလိုအပ်လှပါကြောင်း၊ နိုင်ငံ ရေးပါတီများကသာလျှင် နိုင်ငံတော် ကိုဦးဆောင်ပြီး ပြည်ထောင်စုကြီး တစ်ခုလုံး၏ အမျိုးသားအကျိုး စီးပွားကို ဆောင်ရွက်ကြမည်ဖြစ်၍ အမျိုးသား နိုင်ငံရေးနှင့် ပါတီနိုင်ငံ ရေးကို ခွဲခြားပြောဆိုနေခြင်းသည် ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ခေတ်စနစ်အရ ဆီလျော် မှုမရှိပါကြောင်းဖြင့် ဆွေးနွေးတင်ပြ သည်။

**မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေး လွင်**က အနာဂတ်ဒီမိုကရေစီ ပြည်ထောင်စု အုတ်မြစ်ချသည့် နေရာတွင် ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင် ရေးဆိုသည့် မူဘောင်များ မရှိဘဲ အကောင်အထည်ဖော်ဆောင်နိုင်ရန် လုံးဝမဖြစ်နိုင်ပါကြောင်း၊ ဒီမိုကရေစီ စံနှုန်းဆိုသည့်နေရာတွင် မြန်မာ နိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် စံနှုန်းကို စဉ်းစားပေးရန် လိုအပ် သည်ကို လက်ခံပါကြောင်း၊ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲ ရာတွင် ပီပီပြင်ပြင်ပြင်ပြောင်းလဲမှ သာ ပြည်တွင်း ပြည်ပမှလည်း ယုံကြည်စိတ်ချသည့် နိုင်ငံရေး အခင်းအကျင်းကို တွေ့မြင်ကြရ မည်ဖြစ်ကြောင်း၊ နိုင်ငံတကာက စောင့်ကြည့်ခြင်းခံနေရသည့် မိမိတို့ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ပြန်လည်ဦးမော့လာနိုင်ရန် အလား အလာဖြစ်ပါကြောင်း၊ ပြည်ထောင်စု လွှတ်တော်ကြီးသည် ပြည်သူတို့ ယုံကြည်ကိုးစား အားထားရလောက် သော လွှတ်တော်တစ်ရပ်အဖြစ် ပြည်သူလူထု တစ်ရပ်လုံးအတွက် မားမားမတ်မတ် ရှိနေရမည်ဖြစ်ပြီး ပြည်သူအကျိုးအတွက် ပြင်ဆင်သင့် သည်များကို ဒီမိုကရေစီစံနှုန်းများ နှင့်အညီဖြစ်စေရန် ပြင်ဆင်သင့်ပါ ကြောင်းဖြင့် ဆွေးနွေးပြောကြား သည်။

**တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦးက** မိမိတို့နိုင်ငံ၌ ဒီမိုကရက် တိုက်ဇေရှင်းကို တဖြည်းဖြည်းချင်း အချိန်ယူ ပြောင်းလဲရမည်ဖြစ်ပါ ကြောင်း၊ ဒီမိုကရေစီသက်တမ်းနုနယ် ပြီး စီးပွားရေးဖွံ့ဖြိုးမှု နည်းပါးခြင်း၊ နိုင်ငံ၏ခနအင်အားမှာ တစ်ခုတည်း သော အရင်းအမြစ်အပေါ်တွင်သာ အမှီပြုနေရခြင်း၊ အမှတ်အသား သရုပ်ဆိုင်ရာ အကွဲအပြားများရှိနေ ခြင်း၊ ဗဟုဝါဒအတွေ့အကြုံပါးလွှာ ခြင်းနှင့် ဒီမိုကရက်တစ် မဟုတ်သော အိမ်နီးချင်းများရှိနေခြင်း၊ ပြည်တွင်း ပဋိပက္ခများ ရှိနေခြင်းတို့ကြောင့် အခြေခံဥပဒေပြင်ဆင်ရေး၌ ပြင်ဆင် သင့် ပြင်ဆင်ထိုက်သည်များကို ပြင်ဆင်ပြီး အချို့ပုဒ်မများကို အချိန် ယူရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေး ပြောကြားသည်။

ယင်းဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် ၂၁ ဦးက အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ဆက်တိုက်တက်ရောက်ခဲ့သည့် အကြိမ်(၂၀)နှင့်အထက် ရတနာကုန်သည်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်



**နေပြည်တော် ဇူလိုင် ၂**

(၅၂)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ၉ ရက် မြောက်နေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိပြီး ကျောက်စိမ်း အတွဲ ပေါင်း ၁၄၅၀ ကို ဆက်လက် ရောင်းချမည်ဟု သိရသည်။

ယနေ့တွင် မြန်မာ့ကျောက်မျက် ရတနာပြပွဲများသို့ အကြိမ်(၂၀)နှင့် အထက် ဆက်တိုက်တက်ရောက်ခဲ့ ကြသော ရတနာကုန်သည်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ များသို့ အကြိမ်(၂၀)မြောက် ဆက်တိုက် တက်ရောက်ခဲ့သော မစ္စတာ ရန်ချင်းကန်နှင့် (၂၅)ကြိမ် ဆက်တိုက် တက်ရောက်ခဲ့သော မစ္စတာ ယမ်ဖိန့်ဝေါင်တို့အား မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟို ကော်မတီဝင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးရုံးမူက ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် ၃၅ ကြိမ် ဆက်တိုက် တက်ရောက်ခဲ့သော မစ္စတာ ဝေါင်ကောက်မင်းအား မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟို ကော်မတီအတွင်းရေးမှူး၊ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းက ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့ သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပပုံလာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်း အဝေး ၆၇ ရက်မြောက်နေ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီး မှ ဥက္ကဋ္ဌ ၁၂ ဦးနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ Australian National University မှ Dr. Nicholas Farrelly နှင့် အဖွဲ့ဝင်များ ရှစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၏ အတွင်းရေးမှူး ၁၀ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ဖိတ်ကြားထားသည့် ပြည်သူခုနစ်ဦး၊ ဗြိတိန်နိုင်ငံသားတစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား နှစ်ဦး စုစုပေါင်း ၄၂ ဦးတို့သည် လွှတ်တော်အစည်းအဝေး ကျင်းပခြင်းအား တက်ရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်း ရပ်ရွာအခြေပြုသင်တန်းဖွင့်

**တောင်ငူ ဇူလိုင် ၂**

အိမ်တွင်းမှုပညာရပ်များဖြင့် ကျွမ်းကျင်လုပ်သားများဖြစ်လာပြီး မိမိကိုယ်တိုင် ရပ်တည်နေထိုင်နိုင်စေရန်ရည်ရွယ်၍ ရပ်ရွာအခြေပြုသင်တန်း အပ်ချုပ်သင်တန်းနှင့် လက်မှုသင်တန်းတို့ကို အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်ကျောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန တောင်ငူမြို့၌ ဇွန် ၁၀ က ဖွင့်လှစ်ခဲ့ပြီးဖြစ် သည်။

သင်တန်းကာလမှာ ဇွန် ၁၀ ရက်မှ ဇူလိုင် ၂၄ ရက်အထိ တစ်လခွဲကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အိမ်တွင်းမှုသက်မွေးပညာသင်တန်းသို့ အသက်အရွယ်မရွေး စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# ချောင်းကြီးကျေးရွာ မကြာမီ လျှပ်စစ်မီးရရှိတော့မည်

**ညောင်တုန်း ဇူလိုင် ၂**

ကျေးလက်ဒေသများ တိုးတက်ဖွံ့ဖြိုးရေးနှင့် လူနေမှု အဆင့်အတန်းမြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရ ထောက်ပံ့ငွေကျပ် သိန်း ၆၀၀ နှင့် ပြည်သူလူထု ထည့်ဝင် ငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ သော ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာမီးလင်းရေး ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်တိုင်များ၊ လျှပ်စစ် ဓာတ်ကြိုးများ၊ ထရန်စဖော်မာများတပ်ဆင်ပြီး လိုအပ် သော ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိရာ မကြာမီ ချောင်းကြီးကျေးရွာမီးလင်းတော့မည်ဖြစ်ကြောင်း သိရ သည်။

ချောင်းကြီးကျေးရွာသည် အိမ်ခြေ ၅၀၀ ခန့်ရှိသော ရွာဖြစ်ပြီး တိုက်နယ်ဆေးရုံ၊ စျေး၊ ရဲစခန်း၊ ကျေးလက် စာကြည့်တိုက်အပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြင့် စည်ကားသောရွာကြီးတစ်ရွာဖြစ်သဖြင့် လျှပ်စစ် မီးရရှိပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရ သည်။

ညောင်တုန်းမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ဆားမလောက်ကျေးရွာ၊ တာကွေ့ကျေးရွာ၊ သောင်တန်းကျေးရွာ၊ ဝါးတောကျေးရွာ၊ ဇီးဖြူကျွန်းကျေးရွာ၊ မဲဇလီကျေးရွာ၊ ပေစိကျွန်းကျေးရွာ နှင့် ညောင်ပင်သာကျေးရွာတို့၌ လျှပ်စစ်မီးများရရှိနေပြီ ဖြစ်ပြီး၊ ချောင်းကြီးကျေးရွာအပါအဝင် မောင်းစု၊ ပဲရုံဆိပ်၊ ကျုံတမာ၊ အညာစု၊ ကျောင်းစု၊ ဂယက်ယား၊ သက္ကယ်ကျင်း နှင့် ကွင်းကလေးကျေးရွာတို့တွင်လည်း မီးလင်းရေးလုပ်ငန်း များ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မကြာမီ လျှပ်စစ်မီးများရရှိတော့မည် ဖြစ်သဖြင့် ကျေးလက်နေပြည်သူများ ဝမ်းသာလျက်ရှိကြကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**

# (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုကျိုမြို့သို့ရောက်ရှိ

**တိုကျို ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပမည့် (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့်ထွက်ခွာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးဟံစိန်၊ ဦးဆက်အောင်၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့် တာဝန်ရှိသူများသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၈ မိနစ်တွင် တိုကျိုမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဂျပန်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး ယာယီတာဝန်ခံ သံမှူးကြီး ဦးဝင်းအောင်နှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများက Haneda လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Hotel New Otani သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

**(သတင်းစဉ်)**




# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် NHK သတင်းဌာန၏မေးမြန်းမှုများကို ဖြေကြား

## ဒုတိယသက်တမ်းနှင့်ပတ်သက်ပြီး တိုင်းပြည်အခြေအနေ၊ ပြည်သူများ၏ ဆန္ဒတို့အပေါ်မူတည်ပြီး ဆုံးဖြတ်သွားမည်၊ ပြည်သူများက ဆန္ဒရှိခဲ့လျှင် အလေးအနက်ထား စဉ်းစားမည်

**တိုကျို ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂျပန်နိုင်ငံ NHK သတင်းဌာနက ယနေ့ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ခေတ္တတည်းခိုသည့် Hotel New Otani ၌ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ မေးမြန်းရာတွင် နိုင်ငံတော်သမ္မတက ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းပြခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတအနေဖြင့် ဒုတိယသက်တမ်းအတွက် ဆက်လက် တာဝန်ထမ်းဆောင်ရန်အလားအလာနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် ပါတီလုပ်ငန်းထက် အမျိုးသားနိုင်ငံရေးဖြစ်သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် အမျိုးသားအကျိုးစီးပွားအတွက် အကောင်အထည်ဖော်နိုင်သည်များကို ပြီးပြတ်အောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ **ဒုတိယသက်တမ်းနှင့်ပတ်သက်ပြီး တိုင်းပြည်အခြေအနေ၊ ပြည်သူများ၏ ဆန္ဒတို့အပေါ်မူတည်ပြီး ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများက ဆန္ဒရှိခဲ့လျှင် အလေးအနက်ထားစဉ်းစားမည်ဖြစ်ကြောင်း** စသည်ဖြင့် ဖြေကြားခဲ့သည်။

သမ္မတ ဒုတိယသက်တမ်းအတွက် ဆက်လက်ဆောင်ရွက်မည့်ကိစ္စများနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် နိုင်ငံတော်သမ္မတက မည်သူတာဝန်ယူသည်ဖြစ်စေ ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်ရန်၊ မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်ရန်နှင့် မြန်မာနိုင်ငံကို တစ်ဦးချင်းဝင်ငွေ အလယ်အလတ်အဆင့်ရှိ နိုင်ငံအဖြစ်သို့ရောက်ရှိစေရန်တို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဟု မျှော်လင့်ကြောင်း စသည်ဖြင့် ဖြေကြားခဲ့သည်။

ဂျပန်- မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီး လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် ၁၂ တွင်သာ ရှိနေသဖြင့် အခြေခံအဆောက်အအုံ၊ စက်မှု၊ လျှပ်စစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် ပိုမို ရင်းနှီးမြှုပ်နှံစေလိုကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင်လည်း ပိုမိုရင်းနှီးမြှုပ်နှံစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီများကိစ္စ ဖြေရှင်းရာတွင် ဂျပန်နိုင်ငံက အဓိကအခန်းကဏ္ဍမှ ပါဝင်ကူညီခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

**** ရှေ့ဖုံးမှ***

အလားတူ ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒရိုင်း ကိုဘီအာကော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘယ်လာရုစ်နိုင်ငံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၃**

၂၀၁၅ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတ နိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗလာဒီမီ မာကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မာရူဘီနီဥက္ကဋ္ဌ Mr. Fumiyo Kokubu နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

❖ **ရှေ့ဖုံးမှ**

တိုကျိုစတော့အိတ်ချိန်း ဥက္ကဋ္ဌ Mr.Koichiro တို့ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ၂၀၁၅ ခုနှစ်အတွင်း ရန်ကုန်စတော့ အိတ်ချိန်း ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ည ၇ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်သမ္မတနှင့် အီမအိဇုမိ ပညာသင်ဆုဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ အီမအီဇုမိ စဲဂျိတို့ တွေ့ဆုံသည်။

အဆိုပါ အီမအိဇုမိ ပညာသင်ဆု ဖောင်ဒေးရှင်းမှာ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် ပါဝင်တိုက်ခိုက်ခဲ့သော ဂျပန်တပ်သားများအား ကူညီစောင့်ရှောက်ပေးခဲ့သည့် မြန်မာလူမျိုးများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပညာရေးဆိုင်ရာ ကူညီထောက်ပံ့မှု ပေးအပ်ရန် ၁၉၈၈ ခုနှစ်တွင် ထူထောင်ခဲ့သော ဖောင်ဒေးရှင်းဖြစ်သည်။ မြန်မာနိုင်ငံမှ ကျောင်းသား ၁၈၇ ဦးအား ပညာတော်သင်ထောက်ပံ့ကြေးပေးအပ်ခဲ့ပြီးဖြစ်ကာ အဆိုပါ ကျောင်းသားများအနက် ၂၅ ဦးမှာ ပါရဂူဘွဲ့ရရှိခဲ့ကြောင်း သိရှိရသည်။

ယင်းဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံရှိ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားများအား ပညာသင်ဆု ထောက်ပံ့ပေးခြင်း၊ စာရေးကိရိယာများ လှူဒါန်းခြင်း၊ ကျောင်းများတွင် စာကြည့်တိုက်များ လှူဒါန်းခြင်းစသည့် လှုပ်ရှားမှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့မှုများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာကျောင်းသားများအား ပညာသင်ဆုပေးနေသည့် အဆိုပါ ဖောင်ဒေးရှင်းဥက္ကဋ္ဌ စစ်ပြန်ကြီး မစ္စတာ အီမအီဇုမိ စဲဂျိသည် အသက် ၉၂ နှစ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ်အတွင်းကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲဆန္ဒနယ်များအဖြစ် ကြေညာချက်အမှတ် (၂၂/၂၀၁၅)ဖြင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၂၃/၂၀၁၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၂၄/၂၀၁၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၂၅/၂၀၁၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို လည်းကောင်း ဇူလိုင် ၁ ရက် ရက်စွဲဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်များအရ ယခုနှစ်အတွင်းကျင်းပမည့် မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၆၄၄ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉နယ်ဖြစ်ကြောင်း သိရသည်။

ယင်းမဲဆန္ဒနယ်မြေများသတ်မှတ်ခြင်း ကြေညာချက်များကို နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website ဖြစ်သော www.uecmyanmar.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# DW Akademie မြန်မာပြည်ရုံးခွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံ၌ မီဒီယာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်DW Akademie မြန်မာပြည်ရုံးခွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြင်သစ်ယဉ်ကျေးမှုဌာန၌ ယနေ့ည ၆ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် DW Akademie မှ ဒါရိုက်တာ Mr.Christian Gramsch၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမန်သံအမတ်ကြီး H.E.Mr.Christian Ludwig Weber-Lortsch နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ **(အောက်ပုံ)**

ထို့နောက် DW Akademie နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)နှင့် မြန်မာသတင်းပညာသိပ္ပံသင်တန်းကျောင်းများမှ တာဝန်ရှိသူများက အမှာစကားပြောကြားကြသည်။ **(သတင်းစဉ်)**




# ယခုဘဏ္ဍာရေးနှစ်တွင် တိုက်ရိုက်ပြည်ပရင်းနှီးမြှုပ်နှံမှု ဒေါ်လာခြောက်ဘီလီယံရရှိမည်ဟုမျှော်လင့်ရကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထား

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားသော ပြည်တွင်းပြည်ပကုမ္ပဏီများအနက် ဇွန်လနှောင်းပိုင်းအထိ ခွင့်ပြုမိန့်ထပ်မံရရှိသူ ပြည်တွင်း ပြည်ပကုမ္ပဏီ ၁၃ ခုရှိကြောင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဇွန် ၃၀ ရက်က ထုတ်ဖော်ပြောကြားသည်။

ဇွန်လစောစောပိုင်းက လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသော ပြည်တွင်း ပြည်ပကုမ္ပဏီ ၁၅ ခုနှင့် ပေါင်းလိုက်ပါက ဇွန်လအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသော ပြည်တွင်း ပြည်ပကုမ္ပဏီပေါင်းမှာ ၂၈ ခုရှိကြောင်း သိရသည်။

လုပ်ငန်းလုပ်ကိုင်ခွင့် ထပ်မံရရှိသောကုမ္ပဏီများမှာ သစ်အချောကိုင်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ အိမ်သုတ်ဆေး၊ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းလုပ်ငန်း၊ ဆောက်လုပ်ရေးပစ္စည်းနှင့် ဘတ်စ်ကားတပ်ဆင်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်သည့်ကုမ္ပဏီများ ဖြစ်သည်။

ဇွန် ၉ ရက်က ကျင်းပသော မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးမှ ခွင့်ပြုမိန့်ရ ဆောင်းနှင်းချယ်ရီကုမ္ပဏီအနေဖြင့် သစ်အချောကိုင်စက်ရုံများ တည်ဆောက်မည်ဖြစ်ကာ Myanmar Brightex Veneer ကုမ္ပဏီက timber-processing စက်ရုံတည်ဆောက်မည်ဖြစ်သည်။ အထည်အလိပ်လုပ်ငန်းတွင် Musung Garment ကုမ္ပဏီ၊ Myanmar Knitting စက်ရုံကုမ္ပဏီ၊ Smooth World International (Myanmar) ကုမ္ပဏီနှင့် Myanmar High Choice ကုမ္ပဏီတို့ပါဝင်ပြီး ရန်ကုန်၊ ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးများ၌ အထည်ချုပ်စက်ရုံတည်ဆောက်ကာ လုပ်ငန်းလည်ပတ်ကြမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ စာရင်းအင်းအချက်အလက်များအရ မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်က အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံရှိ ပြည်ပရင်းနှီးမြှုပ်နှံမှုရရှိခဲ့ပြီး လက်ရှိဘဏ္ဍာရေးနှစ်တွင် တိုက်ရိုက်ပြည်ပရင်းနှီးမြှုပ်နှံမှု ဒေါ်လာခြောက်ဘီလီယံ ရရှိမည်ဟု မျှော်လင့်ရကြောင်း သိရသည်။ **ဝရဇိန်**

# အဖိုးမဖြတ်နိုင်သော အကျိုးရလဒ်ကောင်းများထွက်ပေါ်လာမည့် (၇)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးကြီးမှသည်...

တင်မောင်လွင်(မြန်မာ့အလင်း)




၁၂-၁၁-၂၀၁၄ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန မြခန်းမ၌ (၆)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကျင်းပခဲ့စဉ်။ (ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည့် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ၂၀၀၉ ခုနှစ်ကစတင်၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယခု ၂၀၁၅ ခုနှစ်ဆိုလျှင် ခုနစ်နှစ်ပြည့်ပြီဖြစ်သည်။

ယခု (၇)ကြိမ်မြောက်ဖြစ်သည့် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သစ်နှင့်ပတ်သက်ပြီး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် ထိပ်သီးအစည်းအဝေးများကို ပထမဆုံးအကြိမ်မှ ပဥ္စမအကြိမ်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ပင် နှစ်စဉ်မပျက်ကျင်းပခဲ့သည်။ ပထမဆုံးအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလကလည်းကောင်း၊ ပဥ္စမအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့က လည်းကောင်း ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည်။

(၆)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့က မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့ပြီး ပါဝင်တက်ရောက်ခဲ့သည့် နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ ပူးတွဲသဘောတူညီချက်ဖြင့် ယခု(၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မဲခေါင်မြစ်သည် ယူနန်ပြည်နယ်မှ မြန်မာနိုင်ငံ နယ်နိမိတ်သို့ စတင်ဝင်ရောက်စီးဆင်းလာခဲ့ပြီး တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်နိမိတ်မြစ်ကြောင်းအဖြစ် ဖော်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံအပါအဝင် မဲခေါင်မြစ်ဝှမ်းမှ နိုင်ငံများသည် စီးပွားရေးအရ ပို့ဆောင်ဆက်သွယ်ရာတွင် မဲခေါင်မြစ်ကို အသက်သွေးကြောသဖွယ် အဓိကအားထားအသုံးပြုနေကြရသည်။

မဲခေါင်မြစ်ဝှမ်းဒေသ၌ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံမှ ယူနန်ပြည်နယ်တို့ပါဝင်သည်။ ၁၉၉၁ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပါရီငြိမ်းချမ်းရေး သဘောတူညီချက်ကြောင့် အင်ဒိုချိုင်းနားဒေသ၌ တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိလာခြင်း၊ မဲခေါင်မြစ်ဝှမ်းဒေသ ခြောက်နိုင်ငံမှ နိုင်ငံအများစုသည် ယခင်က ဗဟိုကစီမံခန့်ခွဲသည့် စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ရာမှ ယခုအခါ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးလာခဲ့ခြင်းကြောင့် ယင်းမြစ်ဝှမ်းဒေသမှာ စီးပွားရေးအခွင့်အလမ်းများနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားလာသည့် ဒေသတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့သည်။ မဲခေါင်မြစ်ဝှမ်းဒေသသည် ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်းကီလိုမီတာ ၂ ဒသမ ၃ သန်းရှိပြီး လူဦးရေသန်းပေါင်း ၂၅၅ သန်းနေထိုင်သောဒေသဖြစ်ကြောင်း သိရသည်။

မဲခေါင်မြစ်ဝှမ်းဒေသသည် သစ်တော၊ သယံဇာတ၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ အဖိုးတန်ရတနာ ပေါကြွယ်ဝခြင်း၊ ဆန်စပါးနှင့် စိုက်ပျိုးမြေအလုံအလောက်ရှိခြင်း၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် မြစ်ချောင်းပေါများခြင်းတို့ကြောင့် မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အနောက်နိုင်ငံများ စိတ်ဝင်စားလာသော ဒေသတစ်ခုဖြစ်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလမှစတင်ကာ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား၊ အမေရိကန်ပြည်ထောင်စုကဲ့သို့သော ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် အမျိုးမျိုးချမှတ်ကာ မဲခေါင်မြစ်ဝှမ်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေသော အဓိကအစီအစဉ်များမှာ မဲခေါင်မြစ်ကော်မရှင်၊ မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် အာဆီယံ-မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တို့ ဖြစ်သည်။

ထို့အပြင် မဲခေါင်ဒေသအတွင်း စီးပွားရေးစင်္ကြံလမ်းများမှာ တောင်-မြောက်စီးပွားရေးစင်္ကြံလမ်း၊ အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်း၊ တောင်ပိုင်းစီးပွားရေးစင်္ကြံလမ်း၊ မြောက်ပိုင်းစီးပွားရေး စင်္ကြံလမ်းနှင့် အနောက်ပိုင်းစီးပွားရေးစင်္ကြံလမ်းတို့ဖြစ်သည်။

မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို ၂၀၀၇ ခုနှစ် ဂျပန်အစိုးရက ထုတ်ပြန်ကြေညာခဲ့သော ဂျပန်-မဲခေါင်ဒေသ မိတ်ဖက်အစီအစဉ် (Japan-Mekong Partnership 2007-2009) မှ စတင်ခဲ့ရာ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့နှင့်အတူ ယင်းအစီအစဉ်၌ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရည်မှန်းချက်မှာ မဲခေါင်ဒေသနိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မဲခေါင်ဒေသအတွင်းရှိ အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်း၊ တောင်ပိုင်းစီးပွားရေးစင်္ကြံလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် Japan - ASEAN Integration Fund (JAIF)အောက်မှ ငွေကြေးထောက်ပံ့မှု ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသတွင်းနိုင်ငံများမှ နိုင်ငံတော်အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ အတည်ပြု ထုတ်ပြန်ကြေညာခဲ့သော တိုကျိုမဟာဗျူဟာ ၂၀၁၂ အရ အကောင်အထည်ဖော်ဆောင်ရွက်မည့် အနာဂတ်ပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ်သစ်တွင် (၁)မဲခေါင်ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှု တိုးမြှင့်ရေး၊ (၂) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ရေး၊ (၃) လူသားတို့၏လုံခြုံမှုနှင့် ရေရှည်တည်တံ့သည့် သဘာဝပတ်ဝန်းကျင် ဖြစ်ထွန်းစေရေး စသည့် မဏ္ဍိုင်ကြီးသုံးရပ်ကို အခြေပြုကာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစီမံချက်ကို ယင်းထိပ်သီးအစည်းအဝေး၌ ဆွေးနွေးအတည်ပြုကြခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၊ အစိုးရအကြီးအကဲများသည် မြန်မာနိုင်ငံ၏ ကျယ်ပြန့်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအတွက် တန်ဖိုးရှိသော အကြံဉာဏ်များ၊ မြင့်မားသောတိုးတက်မှုနှင့် ကမ္ဘာတစ်ဝန်း ချိတ်ဆက်မှုအားလုံးပါဝင်ပြီး ညီမျှသော၊ အစိမ်းရောင်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော တိုးတက်မှုမဟာဗျူဟာများဖြင့် ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးရေးမျှော်မှန်းချက်တို့ပါဝင်သည့် မြန်မာနိုင်ငံ၏ တိုးတက်မှုမဟာဗျူဟာကို အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနမှ ဂျပန်-အာဆီယံ ပေါင်းစည်းမှု ရန်ပုံငွေကိုအသုံးပြု၍ အပြီးသတ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလက တိုကျိုမြို့၌ ကျင်းပခဲ့သည့် (၄) ကြိမ်မြောက် မဲခေါင်-ဂျပန် မဲခေါင်ဒေသတွင်း အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဖိုရမ်နှင့် ဇူလိုင်လက ဟန်ွိုင်းမြို့၌ ကျင်းပခဲ့သော (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် စက်မှုနှင့် အစိုးရဆွေးနွေးပွဲများသည် ထိရောက်သော အကျိုးရလဒ်များစွာ ရရှိစေခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာတို့နှင့်အတူ ဒေသတွင်း အကျိုးတူစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ တွေ့ဆုံဆွေးနွေးပြီး သဘောတူလက်မှတ်ရေးထိုးသွားမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

၂၀၁၅ ခုနှစ်အလွန် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ ရှေ့အနာဂတ်ဦးတည်ချက်များကို ဆွေးနွေးရန်နှင့် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုကျိုမဟာဗျူဟာ ၂၀၁၂ နှင့် မဟာဗျူဟာ အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်တို့ကို ပြန်လည်ဆန်းစစ်ရန်တို့အတွက် (၇)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးကို ကျင်းပရန် သဘောတူညီခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မည်သို့ပင်ဖြစ်စေ ယခုကျင်းပမည့် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးကြီးမှသည် ဂျပန်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများအတွက် အဖိုးမဖြတ်နိုင်သော အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာမည်မှာ အသေအချာပင်ဖြစ်သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မြန်မာဘာသာဖြင့်ထုတ်လွှင့်လျက်ရှိသော အသံလွှင့်အစီအစဉ်များကြားတွင် တိုင်းရင်းသားဘာသာအစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များကို မြန်မာဘာသာဖြင့်သာမက တိုင်းရင်းသားဘာသာများဖြင့်လည်း ပုံမှန်ထုတ်လွှင့်လျက်ရှိသည်။

မြန်မာ့အသံ၏အသံလွှင့်အစီအစဉ်များကိုလည်း လှိုင်းတို၊ လှိုင်းလတ်နှင့် FM စနစ်များဖြင့်ပါ ထုတ်လွှင့်လျက်ရှိရာ FM စနစ်ဖြင့်ထုတ်လွှင့်လျက်ရှိသည့် မြန်မာ့အသံရေဒီယိုအသံလွှင့်အစီအစဉ်များကြားတွင် တိုင်းရင်းသားဘာသာ အသံလွှင့်အစီအစဉ်များကို သက်ဆိုင်ရာတိုင်းရင်းသားဒေသများအတွက် သတ်မှတ်ထားသောအချိန်များ၌ ဇူလိုင်လ ၁ ရက်နေ့မှစပြီး ထည့်သွင်းထုတ်လွှင့်နေပြီဖြစ်သည်။

FM စနစ်ဖြင့် ထုတ်လွှင့်မှုကို သက်ဆိုင်ရာဘာသာစကားအစီအစဉ်အလိုက် ဖမ်းယူနားဆင်နိုင်သောဒေသများမှာ ကချင်ဘာသာအစီအစဉ်ကို (မြစ်ကြီးနား၊ ဗန်းမော်၊ မူဆယ်)၊ ကယား၊ ကယန်း၊ ဂေခိုဘာသာအစီအစဉ်ကို (လွိုင်ကော်၊ ဘော်လခဲ၊ဖားဆောင်း)၊ ဓနုဘာသာအစီအစဉ်ကို(ရွာငံ)၊ အနောက်ပိုးကရင်ဘာသာအစီအစဉ်ကို (ဘားအံ၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ ဘီးလင်း)၊ ချင်း-လိုင်ဇိုးဘာသာအစီအစဉ်ကို (ကလေး-ကနေဒီ)၊ မွန်ဘာသာအစီအစဉ်ကို (မော်လမြိုင်၊ လမိုင်း)၊ ရခိုင်ဘာသာအစီအစဉ်ကို (စစ်တွေ၊ မောင်တော၊ ပိန္နဲတောင်၊ သံတွဲ)၊ ရှမ်းဘာသာအစီအစဉ်ကို (တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မူဆယ်၊ သီပေါ၊ သိန္နီ၊ နောင်ချို)၊ ပအိုဝ်းဘာသာအစီအစဉ်ကို (တောင်ကြီး)၊ ကိုးကန့်ဘာသာအစီအစဉ်ကို (လားရှိုး) နှင့် “ဝ” ဘာသာအစီအစဉ်ကို(လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်) စသည့်ဒေသများတွင် ဖမ်းယူနားဆင်နိုင်မည်ဖြစ်သည်။ အဆိုပါဒေသများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းသို့ ပုံမှန်ထုတ်လွှင့်လျက်ရှိသည့် မြန်မာ့အသံအစီအစဉ်နှင့်တိုင်းရင်းသားဘာသာ အစီအစဉ်များကိုလည်း မူလထုတ်လွှင့်လျက်ရှိသည့် လှိုင်းတိုနှင့်လှိုင်းလတ်စနစ်များမှတစ်ဆင့် ဖမ်းယူနားသောတဆင်နိုင်မည်ဖြစ်သည်။

အဆိုပါထုတ်လွှင့်မှုရလဒ်အပေါ်မူတည်၍ ရုပ်မြင်သံကြားအစီအစဉ်များတွင်လည်း တိုင်းရင်းသားဘာသာအစီအစဉ်များ ထည့်သွင်းထုတ်လွှင့်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်သည်။

**(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)**

## မိုးလေဝသ အခြေအနေ

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးပိုလာနိုင်သည်။ တနင်္သာရီတိုင်းဒေသကြီး၌ ယနေ့ နေရာအနှံ့အပြား မိုးရွာမည်။ ရခိုင်ပြည်နယ်၌ ယနေ့ နေရာအနှံ့အပြား မိုးရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

(မိုး/ဇလ)

# နှစ်လုံးပေါက်ရေရရှိရေး မိုးရေလှောင်ကန်တူးဖော်၊ ရေသွယ်မြောင်းဖော်လုပ်

**ကန့်ဘလူ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် တည်ပင်ကျေးရွာအုပ်စု တည်ပင်ကျေးရွာတွင် မိုးရေလှောင်သောက်သုံးရေကန် (စီကန်) သို့ နှစ်လုံးပေါက်ရေရရှိရေးအတွက် မင်းမြင်ဆည်ရေမြောင်းမကြီးမှ ကန်အထိ ရေသွယ်မြောင်းဖောက်လုပ်ခြင်းနှင့် ကန်အနက်တူးဖော်ခြင်းလုပ်ငန်းများကို ဇွန် ၇ ရက်က စတင်၍ မြေထိုးစက်ကြီးများဖြင့် တူးဖော်ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

"မိမိတို့ ကျေးရွာပြည်သူများအတွက် ရေအခက်အခဲကြောင့် အတော်လေး ဒုက္ခရောက်ခဲ့ရပါကြောင်း၊ ယခု သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် မင်းမြင်ဆည်မြောင်းမကြီးမှ ရေသွယ်မြောင်းဖောက်လုပ်ပြီး ရွာအရှေ့ထိပ်ရှိ ကန်(စီကန်)ထဲသို့ ရေသွယ်ခြင်းဖြစ်ကြောင်း၊ ကျေးရွာပြည်သူများအတွက် ရေကို နှစ်လုံးပေါက်ရရှိစေပြီး ရေအခက်အခဲမရှိတော့မှာဖြစ်ကြောင်း"ဟု ကျေးရွာအုပ်ချုပ်ရေးမှူးဦးတိုးက ပြောပြသည်။ အဆိုပါ ခြောက်ဧကရှိ မိုးရေလှောင်ကန်(စီကန်) အနက်တူးဖော်ခြင်း၊ မြေသား ပေါင်တင်ခြင်း၊ ရေသွယ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ငွေကျပ် ၄၅သိန်း၊ သိန်း ၅၀ ခန့် အကုန်အကျခံ၍ ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခြင်းဖြစ်သည်။

၎င်းကျေးရွာတွင် အိမ်ထောင်စု ၅၅၀ ရှိပြီး လူဦးရေ ၃၀၀၀ ကျော်အတွက် နွေမိုးဆောင်း တစ်နှစ်လုံး ရေအခက်အခဲ ပြေလည်သွားစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးကျွဲနွားများအဖို့ပါ သောက်သုံးရေ ဖူလုံစေမည်ဖြစ်ကြောင်းနှင့် မကြာခင် လုပ်ငန်းများပြီးစီးတော့မည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ကလေးမြို့နယ်အတွက် လွှတ်တော်ရန်ပုံငွေကျပ်သိန်းတစ်ထောင်ကို လမ်းတံတားလုပ်ငန်းများတွင် သုံးစွဲမည်

**ကလေး ဇူလိုင် ၂**

မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် သုံးစွဲရန်အတွက် နှစ်စဉ်ချထားပေးခဲ့သော လွှတ်တော်ရန်ပုံငွေကျပ်သိန်းတစ်ထောင်ကို ယခုနှစ်အတွက် ဇူလိုင်လအတွင်း ချထားပေးတော့မည်ဖြစ်ရာ ကလေးမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ သုံးစွဲရာတွင် လမ်းတံတားလုပ်ငန်းများကို အဓိက သုံးစွဲသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ပြောသည်။

"ဒီဘဏ္ဍာနှစ်မှာတော့ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကို သုံးစွဲရာမှာ ကဏ္ဍသုံးခုခွဲထားပါတယ်။ လမ်းတံတားအတွက်ဆို လုပ်ငန်းပေါင်း ၆၇ ခုအတွက် ငွေကျပ် ၈၃၅ သိန်း၊ ကျေးရွာတွေမှာ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေးလုပ်ငန်း ၁၄ ခုအတွက် ငွေကျပ်၁၂၅သိန်းနဲ့ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သော အားကစားကွင်းတွေ ဖော်ထုတ်ဖို့နဲ့ ဂိုးတိုင်တွေ ပြုလုပ်ပေးနိုင်ဖို့ ကျပ်သိန်း ၄၀ ကို လျာထားပါတယ်" ဟု ၎င်းကဆို သည်။

ယခုဘဏ္ဍာနှစ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာများကို ဦးစားပေးထားပြီး ဖွံ့ဖြိုးရေးရန်ပုံငွေ၏ ၈၀ ရာခိုင်နှုန်းကို ကျေးလက်အတွက် သုံးစွဲထားကာ ကျန် ၂၀ ရာခိုင်နှုန်းကို မြို့ပေါ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သုံးစွဲခဲ့ရာ လမ်းတံတားအတွက် ငွေကျပ် ၁၉၄ သိန်း၊ ရေရှိရေးအတွက် ငွေကျပ်၁၃၈သိန်း၊ ပညာရေးအတွက် ငွေကျပ် ၄၃၄ သိန်းကျော်၊ ကျန်းမာရေးအတွက် ငွေကျပ်၆၅သိန်းနှင့် ကျေးရွာအတွက် အခြားလိုအပ်သောကဏ္ဍတွင် သုံးစွဲငွေကျပ် ၁၃၈ သိန်းကျော်ကို သုံးစွဲခဲ့ပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း သန့်ရှင်းသော သောက်သုံးရေရှိရေးအတွက် ငွေကျပ် ၁၀၃ သိန်း၊ ကျေးလက်လမ်းတံတားအတွက် ငွေကျပ် ၆၉၈ သိန်း၊ အခြားကဏ္ဍများအတွက် ၁၉၉ သိန်းကို သုံးစွဲခဲ့ကြောင်း သိရသည်။

**သျှင်နေမင်း**

# ဇူလိုင် ၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ ကြာသပတေးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၈၀၀၀၀ |
| ၈ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၇၇၀၀၀ မှ ၈၀၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၄၀၀၀ |
| ၁၀ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၃၀၀၀၀ မှ ၁၆၀၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မုံရွာ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၅ မှ ၇၀၀ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၇၅ မှ ၂၀၂၅ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၁၄ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၆၀ |
| ၁၅ | ကျွဲကောသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၅၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ မှ ၁၅၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀၀ မှ ၁၅၀၀၀ |
| ၁၈ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀၀ မှ ၁၃၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ပုသိမ် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ တင်းချောင်းကျေးရွာအုပ်စု ငရုတ်ကောင်းတောင်ကျေးရွာရှိ အိမ်ထောင်စု ၄၃ စု၊ ဝက်ကော်ကျေးရွာရှိ အိမ်ထောင်စု ၉၃ စု၊ ဝက်ကလောသစ်ထုတ်လုပ်ရေးကျေးရွာရှိ အိမ်ထောင်စု ၁၃ စုနှင့် ပိုးလောင်းကျေးရွာအုပ်စု စမ်းကလေးကျေးရွာရှိ အိမ်ထောင်စု သုံးစုတို့သည် ပင်လယ်ဒီရေတက်ချိန် မိုးရွာသွန်းမှု၊ တောင်ကျရေစီးဆင်းမှုနှင့် မြစ်တစ်ရာချောင်းရိုး ရေကြီးရေလျှံနစ်မြုပ်မှုကြောင့် အိမ်ထောင်စုပေါင်း ၁၅၂ စု ရေဘေးသင့်ခဲ့ကြသည်။

အဆိုပါ ရေဘေးသင့်သူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့က ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ယမ်ယမ် ခေါက်ဆွဲခြောက် ခြောက်ပုံး၊ ၃၆ ဖာကိုလည်းကောင်း၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အိမ်ထောင်စု ၁၃၆ စုအတွက် ကယ်ဆယ်ရေးပစ္စည်း လေးမျိုးဖြစ်သည့် ကျား/မလုံချည်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာတို့အပြင် အိမ်ထောင်စု ၁၅၂ စုအတွက် လူကြီးတစ်ဦးလျှင် ဆန်နို့ဆီဘူး သုံးဘူး၊ ကလေးတစ်ဦးလျှင် ဆန်နို့ ဆီဘူး တစ်ဘူးခွဲနှုန်းဖြင့် သုံးရက်စာ စုစုပေါင်း ဆန် ၂၈ အိတ် ငါးပြည် တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ မြတ်သဒ္ဓါလူမှုကူညီရေးအဖွဲ့မှ ဦးစီး၍ ကရုဏာလူမှုရေးအဖွဲ့ (ပုသိမ်) သည် တင်းချောင်းအုပ်စု ငရုတ်ကောင်းတောင်ကျေးရွာ၊ဝက်ကော်ကျေးရွာနှင့် ဝက်ကလောသစ်ထုတ်လုပ်ရေးကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများအား ဆန် ၁၀ အိတ်၊ ဒန်အိုး ၁၀၃ လုံး၊ ဒယ်အိုးနှင့် စတီးလ်ဇလုံ ၉၀၊ ယမ်ယမ်ခေါက်ဆွဲခြောက်ကိုးဖာနှင့် ဘောင်းဘီတို ၅၅ ထည်တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ရေဘေးသင့်ကျေးရွာများဖြစ်သည့် တင်းချောင်းကျေးရွာအုပ်စု ဝက်ကော်ကျေးရွာ၊ ငရုတ်ကောင်းတောင်ကျေးရွာ၊ ဝက်ကလောသစ်ထုတ်လုပ်ရေးကျေးရွာနှင့် ပိုးလောင်းအုပ်စု စမ်းကလေးကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့မှုစုစုပေါင်းမှာ ငွေကျပ် ၂၈၈၀၀၀၀၊ ဆန်အိတ် ၃၈ အိတ် ရှစ်ပြည်၊ ယမ်ယမ်ခေါက်ဆွဲခြောက် ၄၅ ဖာနှင့် အခြားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြုံးမောင်မောင်**

# မိုးနည်းမှုကြောင့် မိုးသောက်လယ်စိုက်ပျိုးရန် တောင်သူများအခက်အခဲများကြုံတွေ့

**ကယား ဇူလိုင် ၂**

ကယားပြည်နယ်၌ မိုးနည်းမှုကြောင့် တောင်သူများ မိုးသောက်လယ်စပါးစိုက်ပျိုးရန် အခက်အခဲဖြစ်နေကြောင်းသိရသည်။ "ဒီနှစ်မိုးနည်းတော့ မိုးစပါး၊ မိုးသောက်လယ် စပါးစိုက်ပျိုးဖို့ တောင်သူများ အခက်အခဲနဲ့ကြုံတွေ့နေရပါတယ်။ မိုးကောင်းတဲ့နှစ်တွေမှာ ဇွန်လကစပြီး ပျိုးထောင်နေရပေမယ့် ဒီနှစ်မှာ မိုးမရွာတဲ့အတွက် ဆည်မြောင်းတွေမှာ ရေတွေခန်းခြောက်နေတာ တွေ့ပါတယ်။ ခါတိုင်းနှစ်ဒီလိုအချိန်မိုး စပါးစိုက်ပြီးနေပါပြီ၊ ဒီနှစ်မှာတော့ မိုးမရွာတဲ့အတွက်နောက်ကျပါတယ်"ဟု တောင်သူ ဦးဖရေရယ်ကပြောသည်။

ရေယိုရွာက လယ်ယာကို အဓိကစိုက်ပျိုးပြီး မိုးရေကိုအားကိုး၍ စိုက်ပျိုးရကြောင်း၊ ယာများမရှိသလောက်ပင်ဖြစ်ကြောင်း၊ ယခုနှစ်မိုးနောက်ကျသည့်အတွက် ဆည်ရေမရှိ၍ မိုးရေကိုစောင့်နေရကြောင်း တောင်သူတစ်ဦးက ပြောသည်။ ဆည်ရေခန်းခြောက်ခြင်းသည်ယခင်နှစ်မိုးအားမကောင်းမှုနှင့် ယခုနှစ်မှာ မိုးမရွာခြင်းကြောင့် ဆည်ရေခန်းခြောက်ရခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ်တွင် မိုးရေကိုအားကိုး၍ စပါးစိုက်ပျိုးရခြင်းဖြစ်ပြီး မိုးရေမရရှိသေးသောကြောင့် တောင်သူများ မိုးစပါး၊ မိုးသောက်လယ်စပါး စိုက်ပျိုးရန် မသေချာသေးကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**



ပဲခူးမြို့နယ်အတွင်း ဇွန် ၂၇ ရက်က မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် မဇင်းရပ်ကွက်၊ ကလျာဏီရပ်ကွက်၊ ဉသျှာမြို့သစ်ရပ်ကွက်ကြီး (၁)၊ ရပ်ကွက်ကြီး(၃)ရှိ ပြိုလဲသွားသော သစ်သားဓာတ်တိုင်များအစား ကွန်ကရစ်ဓာတ်တိုင်များကို တိုင်းဒေသကြီးနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့၏ ဦးဆောင်မှုဖြင့် ဇွန် ၂၈ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက လဲလှယ်စိုက်ထူပေးစဉ်။

သန့်စင်(ပဲခူး)

# လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် မှုခင်းကိစ္စရပ်များတွင် ထိရောက်စွာဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းအား ရန်ကုန်အခြေစိုက် ဩစတြေးလျ ပြည်ထောင်စုရဲအဖွဲ့ အကြီးတန်းရဲဆက်ဆံရေးအရာရှိ Mr. David Dalton က ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဌာနချုပ်ရုံးခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။



တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များနှင့် မှုခင်းကိစ္စရပ်များတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မှုခင်းစီမံခန့်ခွဲရေးနှင့် စုံစမ်းထောက်လှမ်းခြင်းဆိုင်ရာ ကွန်ပျူတာစနစ် ထူထောင်ရေးပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုဆွေးနွေးခဲ့ပြီး ကိုင်တွယ်အသုံးပြုမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကိုလည်း သင်တန်းပေးရေး အစီအစဉ်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျနိုင်ငံ ပြည်ထောင်စုရဲအဖွဲ့တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်း မိတ်ဆက်အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် အကျိုးစီးပွားမြှင့်တင် ဆောင်ရွက်ပေးရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းအဆင့်ဦးစီးဌာနများပါဝင်သော လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်း မိတ်ဆက်အခမ်းအနားကို တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးက ကြီးမှူးပြီး ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း ခန်းမဆောင်၌ ကျင်းပရာ တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းသင်တန်းကျောင်းများဌာနစု(နေပြည်တော်)မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်သူဇာက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ပူးပေါင်းဆောင်ရွက်ကြမည့် မိတ်ဆက်အဖွဲ့အစည်းများက လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူကလေးသူငယ် ကြီးကြပ်ရေးမှူးများကလည်း အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ မိတ်ဆက်အခမ်းအနားသို့ တိုင်းဒေသကြီး အဆင့်ဖြစ်သည့် လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တရားလွှတ်တော်ရုံး၊ ဥပဒေချုပ်ရုံး၊ ပညာရေးမှူးရုံး၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒလမြို့နယ်၌ တာဝန်ပေးထားသော လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုဆိုင်ရာ ကလေးသူငယ်ကြီးကြပ်ရေးမှူးများ၊ ပုဂ္ဂလိကရတနာမေတ္တာလူမှုရေးအဖွဲ့အစည်းမှ ဖြစ်ရပ်စီမံခန့်ခွဲမှု အရာရှိများ တက်ရောက်ကြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ဆိုင်ကယ်နှင့် လုယက်ထွက်ပြေးသူအား သုံးနာရီအတွင်း ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက် အထက (၂၀) စာသင်ကျောင်း၏ အရှေ့ဘက် သံလျှင်လမ်းမကြီးပေါ်၌ ဇွန် ၂၉ ရက် ည ၁၀ နာရီခန့်က လုယက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၉ ရက် ည ၁၀ နာရီခန့်က သစ်ယာကုန်းအုပ်စု သရက်သမိန်ကျေးရွာနေ ဦးသန်းဇော်သည် သူငယ်ချင်းဖြစ်သူ ဦးငြိမ်းချမ်းသူနှင့်အတူ ကျည်တောင်ကန်ရွာမှ သိုက်ချောင်းသို့ ဆိုင်ကယ်ဖြင့်သွားစဉ် အသက်(၂၀)ခန့် လူငယ်နှစ်ဦးစီးလာသောဆိုင်ကယ်သည် နောက်မှ မောင်းလာပြီး ဦးငြိမ်းချမ်းသူ၏ ခါးတွင်ထိုးထားသော ပိုက်ဆံအိတ်ကို လုယက်ထွက်ပြေးမောင်းနှင်သွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျည်တောင်ကန်ရဲစခန်းသို့ ဦးသန်းဇော်က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ကျည်တောင်ကန် ရဲစခန်းက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ရဲရဲ(ခ)ငရဲ လှိုင်သာယာမြို့နယ်နှင့် ဘိုဘိုအောင်(ခ)အောင်အောင် ရွှေပြည်သာမြို့နယ်နေသူတို့ကို သုံးနာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ဘီးပေါက်သည့်ကားက လမ်းဘေး၌ရပ်ထားသည့် သုံးဘီးဆိုင်ကယ်ကို ဝင်ရောက်တိုက်မိသဖြင့် သုံးဘီးဆိုင်ကယ်ပေါ်မှ လူတစ်ဦးသေဆုံး

**စစ်ကိုင်း ဇူလိုင် ၂**

ဇူလိုင် ၂ ရက် နံနက် ၆ နာရီက စစ်ကိုင်းမြို့ ကိုးပေတံတားပေါ်တွင် လမ်းဘေး၌ ရပ်ထားသော သုံးဘီးဆိုင်ကယ်ကို ရှေ့ဘီးပေါက်သွားသော မော်တော်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသဖြင့် သုံးဘီးဆိုင်ကယ်ပေါ်မှ လူတစ်ဦး သေဆုံးသွားပြီး သုံးဘီးဆိုင်ကယ်မှာ ပျက်စီးသွားခဲ့သည်။ **(အောက်ဝဲပုံ)**





ဖြစ်စဉ်မှာ မန္တလေးဘက်မှ စစ်ကိုင်းကားလမ်းအတိုင်း ဦးတင်ဝင်း မောင်းနှင်လာသော GRAND TIGER အမျိုးအစား အနက်ရောင် ယာဉ်အမှတ် ၃ဃ/---- သည် ယာဘက် ရှေ့ဘီးပေါက်ပြီး ကိုးပေတံတား လမ်းဘေး၌ရပ်ထားသော ငြိမ်းချမ်းအောင်နှင့် မင်းမင်းစိုး မောင်းနှင်သော တ/---- သုံးဘီးယာဉ်အား တိုက်မိခဲ့သဖြင့် ငြိမ်းချမ်းအောင်မှာ ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးတင်ဝင်း ပုသိမ်ကြီးမြို့နယ် ကွေ့ကြီးကုန်းကျေးရွာနေသူကို စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သိသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၆/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

**ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)၊ ဟိုခုံရပ်၊ တာချီလိတ်လမ်း၊ အမှတ်(၁/က) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ** အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၉၁) ဖြစ်ပါသည်။

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မဟာမိတ်တောင်သူလယ်သမားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၇/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

**မဟာမိတ်တောင်သူလယ်သမားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင်(၄)လမ်း၊ အိမ်အမှတ် (၂၆၂၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မဟာမိတ်တောင်သူလယ်သမားပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှစ၍ နိုင်ငံရေးတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**မဟာမိတ်တောင်သူလယ်သမားပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၉၂) ဖြစ်ပါသည်။

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂**

၂၀၁၅-၂၀၁၆ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၁၇ ဒသမ ၄၃ သန်း ၊နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၆၉ ဒသမ ၅၃ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၈၆ ဒသမ ၉၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၄၈ ဒသမ ၃၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၆ ဒသမ ၈၁ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၅ ဒသမ ၁၇ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် မေလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၁၈ ဒသမ ၂၁ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၈ ဒသမ ၅၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၃၂ ဒသမ ၀၀ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၁၀ ဒသမ ၅၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၃၂ ဒသမ ၃၉ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၀ ဒသမ ၃၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၆၂ ဒသမ ၇၄ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ မေလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၅၂ ဒသမ ၁၅ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။ **(မြန်မာ့အလင်း)**

# တရုတ်ငွေဈေးတက်၍ အရောင်းအဝယ်ပါးသည်ကလွဲ၍ သွားလာမှုပုံမှန်ဖြစ်ဟု မူဆယ်ဒေသခံပြောကြား

**မူဆယ် ဇူလိုင် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အတွင်း ဇွန် ၂၇ ရက် ည ၁၁ နာရီ ၃၅ မိနစ်က အဝေးမှလက်နက်များဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ကုန်သွယ်ရေးဇုန် ယာဉ်စစ်ဝင်း၏ အရှေ့ဘက်ပြည်ထောင်စုလမ်းမကြီးဘေးရှိ ရွှေလိပ်ပြာ ထမင်းဆိုင်ရှေ့ တံစက်မြိတ် အမိုးသွပ်ပြားပေါက်ထွက်ပြီး ဆိုင်အတွင်းတွင်ရှိနေသူ မနန်းခမ်းဟွမ်(၂၆ နှစ်) စံချိန်ကုမ္ပဏီ ဝန်ထမ်းမှာ ညာဘက်လက်မောင်းတွင် ယမ်းစအနည်းငယ် ရှပ်ထိဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ပြီး ဆိုင်ရှေ့တွင် ရပ်ထားသည့် အပြာရောင်ဆလွန်းကားရှေ့နောက်ဘေးမှန်များ ထိခိုက်ပျက်စီးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီးမင်းမင်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး စိုးသန်းနှင့်အဖွဲ့မှ ဆက်လက်စစ်ဆေးရာ ကုန်သွယ်ရေးဇုန်တပ်ခွဲရုံး၏ အရှေ့ဘက်တစ်ဖာလုံခန့်အကွာ ၁၀၅ မိုင်မှ ပန်ဆိုင်း(ကြူကုတ်) သွားကားလမ်း၏ညာဘက် မြန်မာနိုင်ငံသားများ ဘဏ်အဆောက်အအုံရှေ့ မြက်ခင်းပြင်တွင်လည်း လက်နက်ကြီးများ ကျရောက်ခဲ့ကြောင်းနှင့် ဘဏ်၏ရှေ့မျက်နှာစာမှန်များတွင် ယမ်းစလေးချက်ထိမှန်ခဲ့သည့် နည်းတူ ပဲပြောင်းနှမ်း ကုန်စည်ဒိုင်အနီး နှစ်ထပ်တိုက်(လူမနေ) အဆောက်အအုံ၏ အပေါ်ထပ်နံရံအား လက်နက်ကြီးတစ်ချက်ထိမှန်ကာ အုတ်နံရံအက်ကွဲခဲ့သည်။ ကုန်စည်ဒိုင်ရှေ့တွင်ရပ်ထားသော လုပ်ငန်းသုံးကားလေးစီးရှေ့မှန်များ ယမ်းစများ ထိမှန်ခဲ့ရသည်။

ထို့ကြောင့် ကုန်သွယ်ရေးဇုန်လုံခြုံရေးအတွက် ဆောင်ရွက်နေသော တပ်စုတစ်စုနှင့်အတူ ပြည်သူ့စစ်များ၊ လုံခြုံရေးဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့များက လုံခြုံရေးပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၈ ရက် နံနက် ၄ နာရီ မိနစ် ၂၀ ကလည်း ပန်ဆိုင်း(ကြူကုတ်) မြို့ ဝန်းကျင်တောင်ကုန်းတစ်ခုပေါ်မှ လက်နက်ငယ်အချက် ၅၀ ခန့်နှင့် လက်နက်ကြီးသုံးလုံး ပစ်ခတ်ခြင်းခံရပြီး ထိုပစ်ခတ်မှုကြောင့် ပန်ဆိုင်းရဲစခန်းခြံစည်းရိုးရှိ သစ်ပင်ကြီးများကို ထိမှန်ခဲ့သည်။ တပ်မတော်စစ်ကြောင်းကပစ်ခတ်ရာ အခြေပြုသည့် တောင်ကုန်းသို့ ပစ်ခတ်ရှင်းလင်းခဲ့သည်။

“မူဆယ်ဘက်ကိုလာတဲ့ လမ်းတစ်လျှောက်မှာ အခုရက်ပိုင်းအတွင်း လုံခြုံရေးယူပြီး လှုပ်ရှားနေတဲ့ တပ်မတော်သားတွေ တွေ့ရပါတယ်။ ဟိုအရင်ရက်တွေက ကားတွေကို ငွေကောက်တဲ့နမ့်ဖတ်ကာနားက နမ့်ဖတ်လွန်း၊ မန်လွယ်အနီးမှာလည်း လုံခြုံရေးတပ်ဖွဲ့တွေ တွေ့ရတဲ့အတွက် ခရီးသွားခရီးလာတွေ၊ ကားသမားတွေအတွက် ကောင်းပါတယ်၊ အခုရက်ပိုင်းအတွင်း တရုတ်ငွေဈေးတက်လို့ အရောင်းအဝယ်ပါးတာကလွဲပြီး သွားလာလှုပ်ရှားမှုကတော့ ပုံမှန်ပါပဲ” ဟု ဒေသခံခရီးသွားတစ်ဦးက ပြောကြားသည်။

**သိန်းဇော်(ရွှေလီဦး)**





❍ *ကျောဖုံးမှ*

ခြေစစ်ပွဲတွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရ ငါးသင်းတို့မှာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

လက်ရှိတွင် အာရှခြေစစ်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းကို ဖွဲ့စည်းရခြင်းမရှိသေးဘဲ နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်မည်ဖြစ်သည်။

ခြေစစ်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းကို ဇူလိုင်ဒုတိယပတ်တွင် စတင်ပြင်ဆင်မည်ဖြစ်ပြီး အာရှခြေစစ်ပွဲမတိုင်မီ အာဆီယံယူ-၁၉ ပြိုင်ပွဲကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

၂၀၁၄ အာရှယူ-၁၉ ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး မြန်မာယူ-၁၉ အသင်းမှာ ဆီမီးသို့ရောက်ရှိပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ယခုယှဉ်ပြိုင်ရမည့် အာရှယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်း ခြေစစ်ပွဲအောင်မြင်ရန် ပြင်ဆင်သွားမည်ဖြစ်သည်။

**သတင်း- ညီမြတ်သော်တာ**

# ဖားကန့်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၆၅၀၀ နှင့် ဘိန်းဖြူ ၄ ဒသမ ၄၇၂ ကီလိုဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု အောင်ရာရပ်ကွက် (၅) အမှတ် (အရ/၁၃၂) နေ ဒေါ်ကိုင်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ မိုးမင်းဇော်၊ နော်လောန်တို့အားတွေ့ရှိရပြီး နေအိမ်ခြံဝင်းအတွင်းရပ်ထားသော ယာဉ်အမှတ် ၃ခ/---- အဖြူရောင် လင်ခရူဇာ(လိုင်စင်မဲ့) မော်တော်ယာဉ် နောက်ခန်းအတွင်းမှ ဘိန်းဖြူအလေးချိန် ၄ ဒသမ ၄၇၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၉၆၅၀၀ (စုစုပေါင်း ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား တန်ဖိုးငွေကျပ် ၂၂၀၃၈ ဒသမ ၄ သိန်း) တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ဒေါ်ကိုင် (၆၀) နှစ်၊ မိုးမင်းဇော် (၂၃) နှစ်နှင့် နော်လောန် (၂၇) နှစ်တို့ သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



ပြစ်မှုကျူးလွန်သူ ဒေါ်ကိုင်၊ မိုးမင်းဇော်နှင့် နော်လောန်တို့ သုံးဦးအား ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။


## ပြင်ဆင်ဖတ်ရှုပါရန်

၂-၇-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၁၄ပါ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာတွင် **ကယ်ဆယ်ရေးပစ္စည်းများ (ကျားလုံချည် ၂/၈၀ အသင့်ချုပ်ပြီး အကျယ်၇၅"၊ အနံ၄၆")၊ (မလုံချည်ပါတိတ်ဆင် အထက်ဆင်ပါချုပ်ပြီး အကျယ်၇၂"၊ အနံ၄၂")၊ (ကိုယ်သုတ်ပဝါ တရုတ်ချည်သားဖောင်းပွ အလျား၅၄"၊ အနံ၂၇")၊ (ချည်စောင် အလျား၈၀"၊ အနံ၆၆")၊ (၂၂ စီအမ်စတီးဇလုံ)**တို့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင် အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အလက(၁)အဌမတန်းမှ မစုမွန်မြင့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်ငွေ ၁၂/ဒလန(နိုင်)၀၅၅၃၆၁ ဖြစ်ပါကြောင်း။ **ဦးဝင်းမြင့်ငွေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးမြို့နေ ဒေါ်ယဉ်နုနှင့် ဒေါ်ရင်နု ၇/ပခန(နိုင်)၃၃၄၁၀၃ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ပဲခူးမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(C)မှ မယွန်းဝဒီမောင်၏ အမည်မှန်မှာ မယွန်းဝတီမောင် ၇/ပခန(နိုင်)၃၇၄၇၉၉ ဖြစ်ပါကြောင်း။

**၁၅-၆-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၀)နှင့် ၁၆-၆-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၄) တို့တွင်ပါရှိသော ကိုမင်းထက်အောင် ၁၄/ရကန(နိုင်)၁၄၃၇၀၁ (ရေကြည်မြို့) သိစေရန်**

## ကြေညာချက်အပေါ် တုံ့ပြန်ရှင်းလင်းကြေညာခြင်း

Super Rocket Trading Co.,Ltd. အလုပ်အမှုဆောင်ဒါရိုက်တာ၏ ကြေညာချက်နှင့်ပတ်သက်၍ ကြော်ငြာပါကိစ္စရပ်နှင့်ပတ်သက်၍ ကုမ္ပဏီ၏ ဝန်ထမ်းအလုပ်သမားဖြစ်ခဲ့သူ ကိုမင်းထက်အောင်က ၎င်း၏လုပ်ခလစာမရရှိဘဲ နစ်နာရခြင်းအတွက် ၄-၆-၂၀၁၅ ရက်စွဲပါစာဖြင့် လှိုင်မြို့နယ်အခြေခံအလုပ်သမားအစည်းအရုံးသို့ ဖြစ်စဉ်အမှန်များကို ဖော်ပြအကူအညီတောင်း တင်ပြလျှောက်ထားခြင်းရှိခဲ့ကြောင်းကို ကုမ္ပဏီမှ သိရှိပြီးဖြစ်၍ တရားမျှတမှန်ကန်စွာ ညှိနှိုင်းဖြေရှင်းခြင်းပြုပေးသင့်ပါသည်။ ဝန်ထမ်းတစ်ဦး၏ဂုဏ်သိက္ခာ ထိပါးညှိုးနွမ်းစေမည့် ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ဝန်ထမ်းအလုပ်သမားဆိုင်ရာ တာဝန်ရှိသည့် ဌာနများတွင် အမှန်တရားများအတိုင်း တင်ပြဆောင်ရွက်ညှိနှိုင်းဖြေရှင်းပေးပါရန် သဘောရိုးဖြင့် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

**ကိုမင်းထက်အောင်၏ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်နန်းရှုဂေးခလိန်(ဥပဒေဘွဲ့ရ၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၃၅)**

**(ရုံး) အမှတ် ၁၂၉(ဒုထပ်)၊ အနော်ရထာလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**

## အမည်မှန်

ဦးကျော်ငွေ၏သား၊ ပခုက္ကူမြို့၊ အထက-၅၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်ဝေယံ၏ အမည်မှန်မှာ မောင်ဝေယံလင်းဖြစ်ပါသည်။ **မောင်ဝေယံလင်း**

## ပျောက်ဆုံးကြောင်း

နန်းတစ် (ဘ)ဦးအိုက်စိုင်းနွမ်း ၁၃/ကတန(နိုင်)၀၉၁၉၂၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၆၁၀၅၇၁၁**

## ပျောက်ဆုံးကြောင်း

ဝင်းဝင်းခင် (ဘ)ဦးအားဖူး(ခ) ဦးကျော်ဝင်း ၁၃/ကတန(နိုင်)၁၂၈၅၂၂၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၁၂၉၇၁၄၄**

**ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ**
**အရေးသီးသန့် နှင့် Speaking**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ၄မှ၈တန်းထိ Guide များအိမ်လိုက်သင်သည်။ ဇူလိုင်လ(၄/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတုံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
**Ph: 01-375970, 0951 72096, 09254541441**

**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
**09-5232770**
**09-5134770**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ခင်မာချို ၁၄/ပသန(နိုင်)၀၃၁၈၅၄၏သား မောင်ရှိန်းထက်မျိုးသည် မိဘများ ဆုံးမစကားနားမထောင်ဘဲ မိမိစိတ်တိုင်းကျပြုလုပ်သွားပါသဖြင့် ယနေ့မှ စ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ် လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ ဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဒေါ်ခင်မာချို၁၄/ပသန(နိုင်)၀၃၁၈၅၄ ပုသိမ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် တွဲဖက်ဌာနများတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် ဤဦးစီးဌာန၊ ငွေစာရင်းဌာနတွင် အိတ်ဖွင့်ဈေးနှုန်းလွှာပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို သတ်မှတ်ကျသင့်ငွေများပေးသွင်း၍ ၆-၇-၂၀၁၅ ရက် (တနင်္လာနေ့)မှ စတင်ဝယ်ယူနိုင်ပါသည်။

၁။ စက်ပစ္စည်းများ
၂။ ရုံးသုံးစက်ပစ္စည်းများ
၃။ ပရိဘောဂပစ္စည်းများ
၄။ အားကစားသုံးပစ္စည်းများ
၅။ Educational Books
၆။ လက်တွေ့ခန်းသုံးပစ္စည်းများ(Apparatus)
၇။ လက်တွေ့ခန်းသုံးပစ္စည်းများ(Glassware)
၈။ လက်တွေ့ခန်းသုံးပစ္စည်းများ(Chemical)

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၇-၂၀၁၅ ရက် (တနင်္လာနေ့) ၁၆:၀၀နာရီဖြစ်ပြီး အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)နှင့် (မန္တလေးရုံးခွဲ)တို့ရှိ အိတ်ဖွင့်ဈေးနှုန်းလွှာ စိစစ်လက်ခံရေးအဖွဲ့ရုံးခန်းများသို့ နမူနာပစ္စည်း(သို့မဟုတ်) ပုံပြစာရွက်စာတမ်းများနှင့်အတူ အရောက်ပေးပို့တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၃၅၂၉၄၊ ၀၁-၅၀၄၇၅၅၊ ၀၁-၅၀၂၂၅၇နှင့် အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ)၊ လမ်း၈၀၊ ၃၄×၃၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း၀၂-၆၀၃၇၁၊ ၀၂-၆၀၃၇၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးဆိုင်ရာတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အဆင့်မြင့်ပညာဦးစီးဌာန**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၅-၂၀၁၅ရက်ထုတ် မြန်မာ့အလင်း သတင်းစာကြော်ငြာကဏ္ဍ (၈) တွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၄၇၆(အစား) ၃၄၆၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ဦးအောင်ကိုကို ၁၄/ပသန(နိုင်)၁၆၈၉၀၄၏သား ပုသိမ်မြို့၊ အမက (၁၀) ပုဂံကျောင်း၊ ဒုတိယတန်းမှ မောင်ဘုန်းသန့်အား မောင်ဟိန်းထက်ဉာဏ်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းထက်ဉာဏ်**

# မော်တော်ယာဉ် ဥပဒေကြမ်း

## ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

### မော်တော်ယာဉ်ဥပဒေကြမ်း

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။)**

**၁၃၇၆ ခုနှစ်၊ လ ရက်**

**( ၂၀၁၅ ခုနှစ်၊ လ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မော်တော်ယာဉ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကိုဖြစ်စေ၊ အခြားစွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍မောင်းနှင်သော ဘီးတပ်ယာဉ်ကို ဆိုသည်။

(ခ) **နောက်တွဲယာဉ်** ဆိုသည်မှာ မော်တော်ယာဉ်ဖြင့် ဆွဲသည့် သို့မဟုတ် ဆွဲရသည့် ယာဉ်တစ်ခုခုကို ဆိုသည်။

(ဂ) **လိုင်စင်ထုတ်ပေးသူအရာရှိ** ဆိုသည်မှာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် ဦးစီးဌာနက အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိကိုဆိုသည်။

(ဃ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မော်တော်ယာဉ်များကို မှတ်ပုံတင်ရန် ဦးစီးဌာနက အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိကိုဆိုသည်။

(င) **မော်တော်ယာဉ်မှတ်ပုံတင်အထောက်အထား** ဆိုသည်မှာ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်၏ အချက်အလက်များပါဝင်သော မော်တော်ယာဉ်မှတ်ပုံတင်ထားသူအား ထုတ်ပေးသည့် မှတ်တမ်းအထောက်အထားကိုဆိုသည်။

(စ) **မော်တော်ယာဉ် မှတ်ပုံတင်သက်သေခံလက်မှတ်** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ထားရှိကြောင်းနှင့် အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်နိုင်ကြောင်း အသိအမှတ်ပြုထုတ်ပေးသော အထောက်အထားကိုဆိုသည်။

(ဆ) **မော်တော်ယာဉ်မှတ်ပုံတင်သူ** ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် အမည်ဖော်ပြထားသူကို ဆိုသည်။

(ဇ) **မော်တော်ယာဉ်ပိုင်ရှင်** ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင် မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် ဖော်ပြခြင်းခံရသူကို ဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ယာဉ် လက်ရှိဖြစ်သူသည် အရွယ်မရောက်သေးသူဖြစ်လျှင် အဆိုပါ အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ၊ ထို့ပြင် သဘောတူစာချုပ်အရ အဆိုပါမော်တော်ယာဉ်ကို လက်ရှိဖြစ်သူတို့လည်း ပါဝင်သည်။

(ဈ) **စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်** ဆိုသည်မှာ လူ သို့မဟုတ် ကုန်စည်ကို အဖိုးအခရယူ၍ သယ်ယူပို့ဆောင်သော မော်တော်ယာဉ်ကို ဆိုသည်။

(ည) **မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်း** ဆိုသည်မှာ မော်တော်ယာဉ်၏ ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ အင်ဂျင်၊ ဂီယာ၊ ပေါင်၊ ဝင်ရိုးကို ဆိုသည်။

(ဋ) **ဝန်တင်အား** ဆိုသည်မှာ မော်တော်ယာဉ်တွင် ဦးစီးဌာနက သတ်မှတ်တင်ဆောင်ခွင့်ပြုသည့် ကုန်အလေးချိန် သို့မဟုတ် ခရီးသည်အရေအတွက် သို့မဟုတ် ကုန်အလေးချိန်နှင့် ခရီးသည်အရေအတွက် စုစုပေါင်းကို ဆိုသည်။

(ဌ) **မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်း** ဆိုသည်မှာ မော်တော်ယာဉ် စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ခွင့်ရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဍ) **ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်** ဆိုသည်မှာ မော်တော်ယာဉ်ကို စစ်ဆေး၍ မော်တော်ယာဉ်ကြံ့ခိုင်မှုရှိကြောင်း ထုတ်ပေးသော အထောက်အထားကို ဆိုသည်။

(ဎ) **မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား** ဆိုသည်မှာ မော်တော်ယာဉ်၏ မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ယာဉ်၏ အရှေ့နှင့်အနောက် သို့မဟုတ် သတ်မှတ်ထားသည့် နေရာများတွင် တပ်ဆင်အသုံးပြုရန် သတ်မှတ်ထားသည့်ပုံစံ၊ အရွယ်အစား၊ အရောင်များနှင့်အညီ ရိုက်နှိပ်ရေးသားထားသောအရာကို ဆိုသည်။

(ဏ) **အများပြည်သူဆိုင်ရာနေရာ** ဆိုသည်မှာ အများပြည်သူတို့ ဝင်ထွက်သွားလာခွင့်ရှိ သောလမ်းနယ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြောင်းနှင့် အများပြည်သူတို့ ဝင်ထွက်သွားလာခွင့်ရှိသောနေရာကို ဆိုသည်။

(တ) **လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ** ဆိုသည်မှာ မော်တော်ယာဉ် မောင်းသူများအပါအဝင် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းနှင့် ကြိုးကြပ်ခြင်းများပြုလုပ်ရန် ရေးသားထားသော သို့မဟုတ် စိုက်ထူထားသော သို့မဟုတ် တပ်ဆင်ထားသော အချက်ပြအမှတ်အသားကိရိယာကိုဆိုသည်။

(ထ) **ယာဉ်မောင်းလိုင်စင်** ဆိုသည်မှာ လိုင်စင်ထုတ်ပေးသူအရာရှိက သီးခြားဖော်ပြထားသူအား မော်တော်ယာဉ်ကိုဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အတန်းအစား သို့မဟုတ် အမျိုးအစားတစ်ခုခုတွင် ပါဝင်သော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခွင့်ပြုကြောင်း ထုတ်ပေးသည့် အထောက်အထားတစ်ခုခုကို ဆိုသည်။

(ဒ) **ယာဉ်အကူလက်မှတ်** ဆိုသည်မှာ ခရီးသည်တင်မော်တော်ယာဉ်တွင်ဖြစ်စေ၊ ကုန်တင်မော်တော်ယာဉ်တွင်ဖြစ်စေ မော်တော်ယာဉ်မောင်းသူနှင့် ခရီးသည်များကို ကူညီဆောင်ရွက်သူကို ထုတ်ပေးသည့် အထောက်အထားတစ်ခုခုကို ဆိုသည်။

(ဓ) **မော်တော်ယာဉ်နှင့်စပ်လျဉ်းသောပတ်ဝန်းကျင်ထိန်းသိမ်းရေး** ဆိုသည်မှာ မော်တော်ယာဉ်ကြောင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းခြင်း၊ အသံဆူညံခြင်းတို့ လျော့နည်းစေရန် ထိန်းသိမ်းရေးကို ဆိုသည်။

(န) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ပ) **ဦးစီးဌာန** ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းများပြည့်မီမှု ရှိမရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်၊

(ဂ) လမ်းအသုံးပြုသူများ သွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး ကာကွယ်ဆောင်ရွက်ရန်၊

(ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(င) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်။

**အခန်း(၃)**

**မော်တော်ယာဉ် မှတ်ပုံတင်ခြင်း**

၄။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ထားရှိရမည်။

၅။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းပြုပြင်ထားရှိရမည်။

၆။ မည်သည့်မော်တော်ယာဉ်မဆို စက်ချွတ်ယွင်းနေလျှင်ဖြစ်စေ၊ ပုဒ်မ ၅ ပါ လိုအပ်ချက်များနှင့်သော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်သော်လည်းကောင်း မညီညွတ်လျှင်ဖြစ်စေ၊ လျှောက်ထားသူက ယင်းမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ယခင်က မှတ်ပုံတင်ခဲ့ဖူးသည့် အကြောင်းအရာများကို ဖော်ပြရန်ပျက်ကွက်လျှင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည် ယင်းမော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြုရ။

၇။ ဦးစီးဌာနသည် မော်တော်ယာဉ် ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းချက် များ သတ်မှတ်ရမည်။ ထို့ပြင် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ခြင်း၊ အခြားမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များကိုလည်း သတ်မှတ်ရမည်။

၈။ (က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ယာယီမှတ်ပုံတင်ပေးရန်လည်းကောင်း၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာယီမှတ်ပုံတင်အမှတ်အသား ထုတ်ပေးရန်လည်းကောင်း၊ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ဤပုဒ်မအရပြုလုပ်သည့် ယာယီမှတ်ပုံတင်ခြင်းမှာ သုံးလထက်မပိုသော ကာလအပိုင်းအခြားအတွက်သာ အတည်ဖြစ်စေရမည်။ ယင်းသို့ ယာယီမှတ်ပုံတင်ခြင်းကို အသစ်တဖန်ပြုလုပ်ခွင့် မရှိစေရ။

၉။ ဦးစီးဌာနသည် မော်တော်ယာဉ်ကိုယ်ထည်တည်ဆောက်မှုပုံသဏ္ဌာန်နှင့် ဝန်တင်အားပေါ်မူတည်၍ မော်တော်ယာဉ်အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၁၀။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ ဆောင်ရွက်လိုလျှင် မှတ်ပုံတင်အရာရှိထံ ကြိုတင်လျှောက်ထားရမည်။

၁၁။ မည်သည့်မော်တော်ယာဉ်ပိုင်ရှင်မျှ မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ မပြုရ။

၁၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၀ အရ လျှောက်ထားသည့်ကိစ္စကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၃။ စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်ကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ရမည်။

၁၄။ မော်တော်ယာဉ်ကို လွှဲပြောင်းပိုင်ဆိုင်သူ၊ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသူ သို့မဟုတ် အမွေဆက်ခံခွင့်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မော်တော်ယာဉ် မှတ်ပုံတင်သူ အမည်ပြောင်းလဲရေး ဆောင်ရွက်ရမည်။

၁၅။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် နေရပ်လိပ်စာပြောင်းလဲသည့်အခါတိုင်း ပြောင်းလဲသည့် နေရပ်လိပ်စာကို မှတ်တမ်းတင်ရန် ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၆။ ဝန်ကြီးဌာနသည် မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်းကို သတ်မှတ်ပေးရမည်။

**အခန်း(၄)**

**မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း**

၁၇။ မှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်တွင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ခေတ္တရပ်စဲနိုင်သည်-

(က) မော်တော်ယာဉ်တွင် အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ချွတ်ယွင်းချက်များ စစ်ဆေးတွေ့ရှိခြင်း၊

(ခ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ် မှတ်ပုံတင်သူကို ဆင့်ခေါ်ရာတွင် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လာရောက်ရန် ပျက်ကွက်ခြင်း၊

(ဂ) ကြိုတင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်းကို ပြောင်းလဲပြင်ဆင်ခြင်း၊

(ဃ) သက်ဆိုင်ရာဌာန သို့မဟုတ် မော်တော်ယာဉ်နှင့် သက်ဆိုင်သူက သတ်မှတ်ချက်များနှင့်အညီ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း။

၁၈။ မှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ဖြစ်ပွားလျှင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည်-

(က) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြန်လည်ပြင်ဆင်၍မရနိုင်သည်အထိ ပျက်စီးခြင်း၊

(ခ) မော်တော်ယာဉ်ကို မြန်မာနိုင်ငံပြင်ပသို့ အပြီးအပိုင်ယူဆောင်သွားခြင်း၊

(ဂ) မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသဖြင့် အသစ်လဲလှယ်ရန် တစ်ဆက်တည်း ၅ နှစ် ပျက်ကွက်ခြင်း၊

(ဃ) ဝန်ကြီးဌာနမှ သတ်မှတ်သည့် မော်တော်ယာဉ်သက်တမ်း ကျော်လွန်ခြင်း၊

(င) ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ် အမျိုးအမည်၊ ခုနှစ်ပုံစံ၊ ခွင့်ပြု၍မရသော ပုံစံအနေအထား၊ ကိုယ်ထည်ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(စ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းပေးရန် မှတ်ပုံတင်သူက အထောက်အထား ခိုင်လုံစွာဖြင့် လျှောက်ထားခြင်း၊

၁၉။ (က) မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြု၍သော်လည်းကောင်း၊ ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်ထုတ်မပေး၍သော်လည်းကောင်း၊ ပုဒ်မ ၆ အရ ငြင်းဆိုသည့် အမိန့်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၁၂ အရ ငြင်းဆိုသည့်အမိန့်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၁၇ သို့မဟုတ် ပုဒ်မ ၁၈ အရ ခေတ္တရပ်စဲသည့် သို့မဟုတ် ဖျက်သိမ်းသည့်အမိန့်ကြောင့်ဖြစ်စေ နစ်နာသည့် မော်တော်ယာဉ်ပိုင်ရှင်တစ်ဦးဦးသည် အဆိုပါအမိန့်ချမှတ်သည့် အကြောင်းကြားစာရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက် ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့လည်းကောင်း အဆင့်ဆင့် အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံလျှောက်ထားမှုများတွင် ဝန်ကြီးဌာနကချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း(၅)**

**မော်တော်ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်များထုတ်ပေးခြင်း၊ ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းနှင့် အမြဲတမ်းရုပ်သိမ်းခြင်း**

၂၀။ ဦးစီးဌာနသည် မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် ယာဉ်မောင်းလိုင်စင်အမျိုးအစားအား သတ်မှတ်ရမည်။

၂၁။ ယာဉ်မောင်းလိုင်စင်ရရှိလိုသူသည် လိုင်စင်ထုတ်ပေးသည့် အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၂။ လိုင်စင်ထုတ်ပေးသူအရာရှိသည်-

(က) တစ်ဦးတစ်ယောက်သောသူနှင့်ပတ်သက်၍ အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်တွင် ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် ငြင်းဆိုခြင်း၊ ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို အမြဲတမ်းရုပ်သိမ်းခြင်းပြုနိုင်သည်။ ထို့ပြင် ယာဉ်မောင်းလိုင်စင်လက်ရှိထားရန် သော်လည်းကောင်း၊ ရရှိရန်သော်လည်းကောင်း၊ သီးခြားဖော်ပြသည့် ကာလအပိုင်းအခြားအတွက် အရည်အချင်းပျက်ယွင်းကြောင်း သတ်မှတ်ခြင်းတို့ ပြုနိုင်သည်-

(၁) ရောဂါ သို့မဟုတ် မသန်စွမ်းမှုတစ်ခုခုကြောင့် မော်တော်ယာဉ်မောင်းနှင်ရန် မသင့်လျော်သူဟုယုံကြည်ရန် အကြောင်းရှိခြင်း၊

(၂) စိတ်ကျန်းမာ ကြံ့ခိုင်ခြင်းမရှိသဖြင့် အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်မောင်းနှင်ရန် မသင့်လျော်သူဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၃) မော်တော်ယာဉ်မောင်းနှင်ရေးနှင့် စပ်လျဉ်း၍ ပြစ်မှုမကြာခဏ ကျူးလွန်တတ်သူ သို့မဟုတ် အရက်သေစာအလွန်အကြူး အမြဲတစေ မူးယစ်သောက်စားလေ့ရှိသူဟု ယုံကြည်ရန်အကြောင်း ရှိခြင်း၊

(၄) ထိုသူ၏ ယခင်မှတ်တမ်းအရ မော်တော်ယာဉ်မောင်းနှင်ခြင်းမှာ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ဟု ယုံကြည်ရန်အကြောင်းရှိခြင်း၊

(၅) ဤဥပဒေအရဖြစ်သော ပြစ်မှုအတွက် သို့မဟုတ် မော်တော်ယာဉ် မောင်းနှင်ခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်၍ ထိုသို့ပြစ်မှုထင်ရှားစီရင်သည့် တရားရုံးက ယာဉ်မောင်းလိုင်စင် ထုတ်မပေးရန် သို့မဟုတ် ရုပ်သိမ်းရန် သို့မဟုတ် ခေတ္တရပ်စဲရန် အဆိုပြုခြင်းခံရသူဖြစ်ခြင်း။

(ခ) ယင်းသို့ ငြင်းဆိုရခြင်း သို့မဟုတ် ခေတ္တရပ်စဲခြင်း သို့မဟုတ် ရုပ်သိမ်းရခြင်း သို့မဟုတ် သတ်မှတ်ရခြင်းအကြောင်းများကို စာဖြင့်ရေးမှတ်ထားရမည်။

၂၃။ ဦးစီးဌာနသည် ယာဉ်မောင်းလိုင်စင် အမျိုးအစားတစ်ခုမှ အခြားအမျိုးအစားတစ်ခုသို့ ပြောင်းလဲပေးရန် လျှောက်ထားခြင်းတွင် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၄။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့်လက်မှတ် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၅။ ဦးစီးဌာနသည် ပြည်ပမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်တင်ပြ၍ ပြည်တွင်းတွင် မောင်းနှင်ရန် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့် အညီ စိစစ်၍ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၆။ ယာဉ်အကူလက်မှတ်ရရှိလိုသူသည် လိုင်စင်ထုတ်ပေးသည့် အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၇။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ပုဒ်မ ၂၆ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ယာဉ်အကူလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းဆိုခြင်း ပြုနိုင်သည်။

၂၈။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ်ကိုင်ဆောင်သူက သတ်မှတ်ထားသည့်စည်းကမ်းကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ် သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်အမျိုးအစား ပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ လိုင်စင်ကို ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းနှင့် လိုင်စင် အမြဲတမ်းရုပ်သိမ်းခြင်းကိစ္စတို့တွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ ဖြစ်စေရမည်။

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၅ မှ

၂၉။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ ပြဋ္ဌာန်းချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်အကူကို ကာလသတ်မှတ်၍ ယာဉ်အကူလက်မှတ် ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် ယာဉ်အကူလက်မှတ် အမြဲတမ်းရုပ်သိမ်းခြင်းပြုနိုင်သည်။

၃၀။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၃၀ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၂။ ပုဒ်မ ၂၃၊ ၂၄၊ ၂၅ သို့မဟုတ် ၃၁ အရ ငြင်းပယ်သည့်အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၃။ (က) ပုဒ်မ ၂၃၊ ၂၄၊ ၂၅ သို့မဟုတ် ၃၁ အရ ချမှတ်သည့် အမိန့်မှအပ ဤအခန်းအရ ချမှတ်သည့် အခြားအမိန့် တစ်စုံတစ်ရာအပေါ် ကျေနပ်မှုမရှိသူသည် အဆိုပါ အမိန့်ချမှတ်သည့် အကြောင်းကြားစာ ရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့လည်းကောင်း အဆင့်ဆင့် အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံလျှောက်ထားမှုများတွင် ဝန်ကြီးဌာနက ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၆)
## မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်း

၃၄။ ဦးစီးဌာနသည် မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ စည်းကမ်းချက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ရမည်။

၃၅။ မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၃၆။ ဦးစီးဌာနသည် ပုဒ်မ ၃၅ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၇။ ပုဒ်မ ၃၅ အရ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုသည့်အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့်ချမှတ်သည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၇)
## ဝန်ကြီးဌာန၏လုပ်ပိုင်ခွင့်များ

၃၈။ ဝန်ကြီးဌာနသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆောင်ရွက်နိုင်ရန် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီကို ဖွဲ့စည်း၍ ယင်း၏လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်း၍ ယင်းဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

၃၉။ (က) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။ ယင်းသို့ သတ်မှတ်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး ကိစ္စရပ်များကို မထိခိုက်စေရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီသည် ခရိုင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီနှင့် မြို့နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီအသီးသီးကို ဖွဲ့စည်း၍ ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

၄၀။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည် -

(က) ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့် ခုနှစ်နှင့် အရေအတွက်သတ်မှတ်ခြင်း၊

(ခ) ပြည်တွင်း၌အသုံးပြုသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် သွားလာခွင့်ရှိသည့် နေရာဒေသသတ်မှတ်ခြင်း၊

(ဂ) နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံဖြတ်ကျော်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သွားလာခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း။

၄၁။ ဝန်ကြီးဌာနသည် ကောက်ခံရမည့် အောက်ပါအခငွေများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်-

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ ပြည်ပတင်သွင်း ယာဉ်မှတ်ပုံတင်ခ၊ မော်တော်ယာဉ်ကနဦးမှတ်ပုံတင်ခ၊ နှစ်လဲယာဉ်မှတ်ပုံတင်ခ၊ ယာဉ်စစ်ဆေးခနှင့် အခြားမှတ်ပုံတင်အခငွေများ၊

(ခ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ မှတ်ပုံတင်ခ၊ စစ်ဆေးခနှင့် အခြားယာဉ်မောင်းလိုင်စင်ဆိုင်ရာအခငွေများ၊

(ဂ) မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်ရောင်းချခြင်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်း၊ မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ခြင်းဆိုင်ရာ အခငွေများ။

၄၂။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေနှင့်အညီ ကောက်ခံသည့် အခငွေနှင့် စီမံခန့်ခွဲမှုဆိုင်ရာဒဏ်ကြေးငွေပမာဏများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းပြုနိုင်သည်။

၄၃။ ဝန်ကြီးဌာနသည် မည်သည့်မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် အခငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေပါ မိမိ၏ လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့အသီးသီးသို့ သင့်လျော်သလို လွှဲအပ်ဆောင်ရွက်နိုင်သည်။

## အခန်း(၈)
## ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များ

၄၅။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ သတ်မှတ်ခြင်း၊

(ခ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းဆိုင်ရာ စည်းကမ်းသတ်မှတ်ခြင်း၊

(ဂ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများသတ်မှတ်ခြင်း၊

(ဃ) ပြည်ပမှ ခေတ္တရောက်ရှိလာသော မော်တော်ယာဉ်၊ ပြည်ပသို့ ခေတ္တထွက်ခွာသွားမည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ် လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ မောင်းနှင်ခွင့် သုံးစွဲခွင့် စည်းကမ်းသတ်မှတ်ခြင်း၊

(ဇ) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဈ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းများသတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများ သတ်မှတ်ခြင်း၊

(ဋ) လမ်းများအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အရည်အသွေးစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် သက်ဆိုင်ရာသို့ အကြံပြုခြင်း၊

(ဌ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ ဆောင်ရွက်ခြင်း၊

(ဍ) ယာဉ်မတော်တဆမှုများနှင့်ပတ်သက်၍ လေ့လာသုံးသပ်ခြင်း၊ ယာဉ်မတော်တဆမှုများလျော့နည်းစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဎ) ယာဉ်ကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပညာပေးလှုံ့ဆော်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း(၉)
## တားမြစ်ချက်များ

၄၆။ မည်သည့်မော်တော်ယာဉ်မဆို မှတ်ပုံတင်ထားခြင်းမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်ထားသော်လည်း မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် ရပ်စဲခြင်းခံထားရလျှင်ဖြစ်စေ၊ သိမ်းဆည်းခြင်းခံထားရလျှင်ဖြစ်စေ၊ မှတ်ပုံတင်ဖျက်သိမ်းထားလျှင်ဖြစ်စေ၊ မှတ်ပုံတင်သက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ကို သတ်မှတ်သည့်နည်းလမ်းအတိုင်း ပြသမထားလျှင်ဖြစ်စေ မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်းမပြုရ။ ထို့ပြင် မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူသည် အဆိုပါ မော်တော်ယာဉ်ကို မောင်းနှင်စေခြင်း သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

၄၇။ ခရီးသည်မှအပ မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှုအာမခံမထားရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် အသုံးမပြုရ သို့မဟုတ် အသုံးပြုခွင့်မပေးရ။

၄၈။ (က) မည်သူမျှ သတ်မှတ်သည့်နည်းလမ်းအတိုင်း မိမိအားထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင်လက်ရှိမထားလျှင် မော်တော်ယာဉ်ကို အများ ပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်းမပြုရ။

(ခ) မည်သည့်မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူမျှ ယင်းမော်တော်ယာဉ်ကို ယာဉ်မောင်းလိုင်စင်ရရှိမထားသူတစ်ဦးဦးအား မောင်းနှင်စေခြင်းမပြုရ သို့မဟုတ် မောင်းနှင်ရန် ခွင့်မပြုရ။

၄၉။ မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် ယာဉ်မောင်းလိုင်စင်၌ ခွင့်ပြုထားခြင်းမရှိသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

၅၀။ မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) မော်တော်ယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ အရမ်းမောင်းနှင်ခြင်း၊

(ခ) မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းအောက်လျှော့၍ မောင်းနှင်ခြင်း၊

(ဂ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဃ) မူးယစ်ဆေးဝါးသုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(င) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

၅၁။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ် ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၅၂။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ခြင်း မပြုရ။

၅၃။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၅၄။ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) မော်တော်ယာဉ်နံပါတ်ပြားကို မထင်ရှားအောင်ပြုလုပ်ခြင်း၊

(ခ) မော်တော်ယာဉ်နံပါတ်ပြားကို ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊

(ဂ) မမှန်ကန်သောမော်တော်ယာဉ်နံပါတ်ပြားကို မော်တော်ယာဉ်တွင် တပ်ဆင်အသုံးပြုခြင်း။

၅၅။ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ယာဉ်အကူလက်မှတ်မရှိဘဲ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) စိတ်ဖြစ်စေ၊ ကိုယ်ဖြစ်စေ မော်တော်ယာဉ်ကိုမောင်းနှင်ရန် သင့်လျော်ခြင်းမရှိသည့်အခါ မောင်းနှင်ခြင်း၊

(ဂ) သတ်မှတ်ထားသည့် ဝန်တင်အားထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဃ) မော်တော်ဆိုင်ကယ်ကို စီးနင်းစဉ် မော်တော်ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်၍ မောင်းနှင်မှုမပြုခြင်း၊

(င) ခြေကျင်လမ်းကူးနေရာနှင့်သက်ဆိုင်သည့် နည်းဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဆန့်ကျင်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(စ) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မော်တော်ယာဉ်၏ မူလအမျိုးအမည်၊ ရုပ်သဏ္ဌာန်ပျက်ပြားစေသည်အထိ ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် စက်ကိရိယာ တစ်စိတ်တစ်ဒေသကို ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်ပါ အနေအထားများကို ပြုပြင်ပြောင်းလဲခြင်း။

၅၆။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) မော်တော်ယာဉ်လွှဲပြောင်းခြင်းနှင့် ရောင်းချခြင်းတို့တွင် မော်တော်ယာဉ်လွှဲပြောင်းသည့်နေ့ရက် သို့မဟုတ် အရောင်းအဝယ်စာချုပ် စာချုပ်ချုပ်ဆိုသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်သူအမည်ပြောင်းလဲပေးနိုင်ရေးအတွက် လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ခ) အမွေဆက်ခံခြင်းဖြင့် မော်တော်ယာဉ်ပိုင်ဆိုင်ခွင့်ရရှိသူသည် မှတ်ပုံတင်သူအမည် ပြောင်းလဲပေးရန် တရားဝင်ပိုင်ဆိုင်ခွင့် ရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ဂ) မှတ်ပုံတင်သူအမည် ပြောင်းလဲပေးရန် လျှောက်ထားရာတွင် မော်တော်ယာဉ် လွှဲပြောင်းခြင်းစာချုပ်၌ အချက်အလက်တစ်စုံတစ်ရာကို မမှန်မကန်ဖော်ပြခြင်း၊ ပြင်ဆင်ခြင်း၊ ချန်လှပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုသည့်နေ့ရက်ကို မမှန်မကန်ဖော်ပြခြင်း။

၅၇။ မည်သူမျှ ဦးစီးဌာနက ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို အတုအပပြုလုပ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းမပြုရ။

၅၈။ မည်သူမျှ ဦးစီးဌာနက ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို သက်ဆိုင်ခြင်းမရှိသည့် မော်တော်ယာဉ်တွင် ပြောင်းလဲသုံးစွဲခြင်း သို့မဟုတ် သုံးစွဲစေခြင်း မပြုရ။

၅၉။ မည်သူမျှ အခြားသူတစ်ဦးဦး၏ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

**အခန်း(၁၀)**

**ပြစ်ဒဏ်များ**

၆၀။ (က) မည်သူမဆို ပုဒ်မ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀ နှင့် ၅၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ဤပုဒ်မပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယခင်က ဤပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၂ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်းတစ်ဆယ်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၄ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၄။ မည်သူမဆို ပုဒ်မ ၅၅ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၅။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမဆို ပုဒ်မ ၅၆ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၆။ မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၇ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သူမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၉။ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် ဤဥပဒေအရ ပြုသည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုပြစ်မှုအတွက် ဤဥပဒေ၌ သီးခြားပြစ်ဒဏ် ပြဋ္ဌာန်းမထားပါက ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၇၀။ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုအရဖြစ်စေ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ရန်အားပေးကူညီလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

**အခန်း(၁၁)**

**လျော်ကြေးငွေပေးဆောင်ခြင်း**

၇၁။ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကြောင့် တစ်ဦး တစ်ယောက်သောသူသည် ရာဇသတ်ကြီးပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄-က အရ ပြစ်မှုထင်ရှားစီရင်ခံရ၍ ထိုပြုလုပ်သည့် သို့မဟုတ် ပျက်ကွက်သည့်ကိစ္စကြောင့် ပစ္စည်းတစ်ခုခု ပျက်စီးဆုံးရှုံးလျှင် တရားရုံးသည် ယင်းပစ္စည်းပျက်စီးဆုံးရှုံးမှုအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင်ပစ္စည်းတစ်ခုခု ပျက်စီးလျှင် အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့်လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ခြင်း၊

(ခ) ပုဒ်မခွဲ(က)တွင်ဖော်ပြထားသည့်ပစ္စည်းမှအပ အခြားပစ္စည်းတစ်ခုခု ပျက်စီးလျှင် ပစ္စည်းပိုင်ရှင်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဖက်သဘောတူညီမှု မရပါက အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့် လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ခြင်း၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရ ချမှတ်သည့် လျော်ကြေးငွေကို ပေးရန် ပျက်ကွက်လျှင် အဆိုပါသူအပေါ် တပ်ရိုက်သည့် ငွေဒဏ်ကဲ့သို့ အရကောက်ခံရမည်။

၇၂။ ပုဒ်မ ၇၁ အရ ချမှတ်သည့်အမိန့်သည် နစ်နာသူက တရားမမှု စွဲဆိုခွင့်ကို ပိတ်ပင်ခြင်း မရှိစေရ။

**အခန်း(၁၂)**

**စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူခြင်း**

၇၃။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သူများအား စစ်ဆေးအရေးယူရန် ဦးစီးဌာနကိုသော်လည်းကောင်း၊ ဦးစီးဌာနမှ သင့်လျော်သည့် အရာရှိတစ်ဦးဦးကိုသော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၇၄။ (က) ရဲဝတ်စုံဝတ်ထားသည့် ရဲအရာရှိသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲဖမ်းဆီးနိုင်သည်-

(၁) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၂) မူးယစ်ဆေးဝါးသုံးစွဲ၍ မော်တော်ယာဉ်ကိုမောင်းနှင်ခြင်း၊

(၃) ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မော်တော်ယာဉ်ကိုအရမ်း မောင်းနှင်ခြင်း၊

(၄) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကိုမောင်းနှင်ခြင်း။

(ခ) အရက်သေစာသောက်စား၍ မူးယစ်နေစဉ် မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့် စပ်လျဉ်း၍ ထိုသို့ ဖမ်းဆီးခံရသည့်သူ တစ်ဦးဦးကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စစ်ဆေးပြီး အချုပ်မှ လွှတ်ရမည်။

၇၅။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိသည် အောက်ပါတစ်ဦးတစ်ယောက်သောသူကို ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ အမည်နှင့် နေရပ်ဖော်ပြစေလိုပါလျက် မဖော်ပြလိုဟု ငြင်းဆိုသူ သို့မဟုတ် ထိုရဲအရာရှိက မမှန်ဟု ယုံကြည်ရန်အကြောင်းရှိသောအမည်နှင့် နေရပ်ဖော်ပြသူ၊

(၂) ဤဥပဒေအရဖြစ်သောပြစ်မှု သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်သော ပြစ်မှုတစ်ခုခုတွင် ပါဝင်သက်ဆိုင်၍ သို့မဟုတ် ပါဝင်သက်ဆိုင်သည်ဟု သင်္ကာမကင်းဖွယ်ရာအကြောင်းရှိ၍ ထွက်ပြေးတိမ်းရှောင်မည်ဟု သို့မဟုတ် သမ္မာန်စာချအပ်ခြင်းမခံရအောင် အခြားနည်း ရှောင်ရှားနေမည်ဟု အဆိုပါရဲအရာရှိက ယုံကြည်ရန် အကြောင်းရှိသောသူ၊

(ခ) ရဲအရာရှိသည် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးလျှင် မော်တော်ယာဉ်ကို လုံခြုံစွာ ယာယီထိန်းသိမ်းထားရန် လိုအပ်ပါက မိမိသင့်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။

၇၆။ (က) ရဲအရာရှိ သို့မဟုတ် ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှ အရာရှိသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်မောင်းသူလက်ရှိထားသော ယာဉ်မောင်းလိုင်စင်ကို သိမ်းယူနိုင်သည်။ ယင်းသို့ သိမ်းယူလျှင် ယာဉ်မောင်းလိုင်စင် သိမ်းယူကြောင်းအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

(ခ) ယာဉ်မောင်းလိုင်စင် သိမ်းယူကြောင်း အသိအမှတ်ပြုလက်မှတ်ဖြင့် မော်တော်ယာဉ်ကို နေထိုင်ရာဥပစာသို့ ပြန်လည်ယူဆောင်ရန်အတွက်သာ ယာဉ်မောင်းနှင်ခွင့်ရှိသည်။

၇၇။ ရဲအရာရှိကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာနမှ အရာရှိကဖြစ်စေ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်များကို စစ်ဆေးရာတွင် ယင်းလက်မှတ်များမှာ အစစ်အမှန်မဟုတ်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အဆိုပါသက်သေခံအထောက်အထားများကို သိမ်းယူနိုင်သည်။

၇၈။ ရဲအရာရှိ သို့မဟုတ် ဦးစီးဌာနမှ အရာရှိသည် အများပြည်သူဆိုင်ရာနေရာတွင် အောက်ပါ မော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိလျှင် ယင်းမော်တော်ယာဉ်ကို ယာယီထိန်းသိမ်းနိုင်ရန် အနီးဆုံး ရဲစခန်းတွင် အပ်နှံရမည်-

(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်၊

(ခ) မှတ်ပုံတင်ဖျက်သိမ်းထားပြီးသော မော်တော်ယာဉ်။

**အခန်း(၁၃)**

**နည်းဥပဒေများထုတ်ပြန်ရာတွင်ပါဝင်ရမည့် ကိစ္စရပ်များ**

၇၉။ ဝန်ကြီးဌာနသည် အောက်ပါကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အားလုံးနှင့် စပ်လျဉ်း၍ဖြစ်စေ နည်းဥပဒေများထုတ်ပြန်နိုင်သည် -

(က) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့်ကိစ္စ၊

(ခ) မော်တော်ယာဉ်စစ်ဆေးခြင်းနှင့်သက်ဆိုင်သည့်ကိစ္စ၊

(ဂ) မော်တော်ယာဉ်တည်ဆောက်ခြင်း၊ နောက်တွဲယာဉ်တည်ဆောက်ခြင်း၊ ကိရိယာ တန်ဆာပလာတပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စ၊

(ဃ) မော်တော်ယာဉ်အမျိုးအစား၊ အလေးချိန်နှင့် တင်ဆောင်သည့်ဝန် သတ်မှတ်ခြင်းကိစ္စ၊

(င) မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်ရောင်းချခြင်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စ၊

(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းဆိုင်ရာကိစ္စ၊

(ဆ) လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကိစ္စ၊

(ဇ) မော်တော်ယာဉ်ကြောင့် မတော်တဆ ထိခိုက်မှုဖြစ်ပွား၍ တစ်ဦးတစ်ယောက်သောသူ ဒဏ်ရာရရှိသည့်အခါ မော်တော်ယာဉ်မောင်းနှင်သူနှင့် မော်တော်ယာဉ် ကြီးကြပ်သူ ဆောင်ရွက်ရမည့်ကိစ္စ၊

(ဈ) ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာအသုံးပြုရေးကိစ္စ၊

(ည) မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေရေးကိစ္စ၊

(ဋ) ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊

(ဌ) ယာဉ်အကူလက်မှတ်ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊

(ဍ) မော်တော်ယာဉ်မောင်း သင်တန်းကျောင်းဆိုင်ရာကိစ္စ၊

(ဎ) စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊

(ဏ) မော်တော်ယာဉ်သွားလာမှုဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊

(တ) ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းများကိစ္စ၊

(ထ) စက်ဘီးစီးသူများလိုက်နာရန် စည်းကမ်းများကိစ္စ၊

(ဒ) အချက်ပြအထိန်းအမှတ်များနှင့် အချက်ပြကိရိယာများဆိုင်ရာကိစ္စ၊

(ဓ) လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် လမ်းအချက်ပြများဆိုင်ရာကိစ္စ၊

(န) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များသာ အသုံးပြုရေးကိစ္စ၊

(ပ) မော်တော်ယာဉ်တွင် အသက်ကယ်လေအိတ်များ ပါရှိစေရေးကိစ္စ၊

(ဖ) အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ရေးကိစ္စ၊

(ဗ) ကလေးသူငယ် အန္တရာယ်ကင်းရှင်းရေး ထိုင်ခုံသုံးစွဲရေးကိစ္စ၊

(ဘ) မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ရေးနှင့် စီးနင်းရေးကိစ္စ၊

(မ) မော်တော်ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းအသုံးမပြုရေးကိစ္စ၊

(ယ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများနှင့် သက်ဆိုင်သည့်ကိစ္စ၊

(ရ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊

(လ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊

(ဝ) ဤဥပဒေအရ တင်သွင်းနိုင်သည့် အယူခံအမှုများနှင့်သက်ဆိုင်သောကိစ္စ၊

(သ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ယာယီထွက်ခွာသွားသော သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ယာယီရောက်ရှိလာသော မော်တော်ယာဉ်များနှင့်သက်ဆိုင်သည့်ကိစ္စ၊

(ဟ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ဖြတ်သန်းသွားလာသော ပြည်ပ မော်တော်ယာဉ်များနှင့် သက်ဆိုင်သည့်ကိစ္စ၊

(ဠ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ခေတ္တမျှသာ နေထိုင်သူတို့ ယူဆောင်လာသည့် မော်တော်ယာဉ်များနှင့် သင့်တင့်ဆီလျော်အောင် ပြုလုပ်ရေးကိစ္စ၊

(အ) အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကို ငှားရမ်းခြင်း၊ အခနှင့် မောင်းနှင်သွားလာရာ၌ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် ပေးဆောင်ရမည့် အခွန်အခများ သတ်မှတ်ရန်ကိစ္စ။

**အခန်း(၁၄)**

**အထွေထွေ**

၈၀။ ပြည်ထောင်စုအစိုးရသည် အမိန့်ကြော်ငြာစာဖြင့် မည်သည့်မော်တော်ယာဉ် သို့မဟုတ် မော်တော်ယာဉ်အမျိုးအစားကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်ခုခု အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၈၁။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၂။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ တာဝန်ရှိသူဖြစ်သည်။

၈၃။ ဤဥပဒေမပြဋ္ဌာန်းမီ ထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း အထောက်အထားနှင့် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း၊ မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်များသည် ဤဥပဒေအရ ထုတ်ပေးသော စာတမ်းအမှတ်အသားများဖြစ်သည်ဟု မှတ်ယူရမည်။

၈၄။ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ ထုတ်ပြန်ထားသောနည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၅။ ဤဥပဒေ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၆။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများဆွေးနွေးပွဲ ပုသိမ်မြို့၌ကျင်းပ

**ပုသိမ် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် Learning and Action Group For Local Governance ( LAG-LOG) တို့ ပူးပေါင်းစီစဉ်သည့် ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုဆိုင်ရာဆွေးနွေးပွဲကို ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ဇွန် ၃၀ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဝန်ကြီးများ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များကို LAG- LOG မှ ဦးနေဇင်လတ်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆားလုပ်ငန်း၊ စက်မှုလက်မှု၊ လျှပ်စစ်၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းစသည့် ကဏ္ဍများနှင့်ပတ်သက်၍ ဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဆွေးနွေးကြသည်။ ဆွေးနွေးပွဲကို ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက် နှစ်ရက်ဆက်တိုက်ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(iprd)**

# ဆံကေသာအလှမယ်ပြိုင်ပွဲနှင့်တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုပြပွဲ မုံရွာမြို့၌ကျင်းပ

**မုံရွာ ဇူလိုင် ၂**

မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ မြို့တော်ခန်းမ၌ ဆံကေသာအလှမယ်ပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲကို ဇွန် ၃၀ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဆံကေသာအလှမယ် ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စမ်းစမ်းရည်နှင့် ဥက္ကဋ္ဌ ဒေါ်နန်းချိုချိုပြုံးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆံကေသာအလှမယ် ၁၇ ဦးက ဆံကေသာအလှယှဉ်ပြိုင်ကြသည်။

ထို့နောက် မုံရွာတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ကျောင်းသား ကျောင်းသူများက မြန်မာအမျိုးသမီးတို့၏ဂုဏ်ရည်ကို တေးသရုပ်ဖော်ကပြခဲ့ပြီး မုံရွာစီးပွားရေးတက္ကသိုလ်၊ မုံရွာပညာရေးကောလိပ်၊ မုံရွာတက္ကသိုလ်မြန်မာစာဌာန၊ အရှေ့တိုင်းပညာဌာနတို့မှ ကျောင်းသား ကျောင်းသူများက ဆက်လက်ဖျော်ဖြေကြသည်။ ထို့နောက် တက္ကသိုလ်၊ ကောလိပ်များနှင့် သူနာပြုကျောင်းများမှ ကျောင်းသားကျောင်းသူများက တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုများကို အလှပြခဲ့ကြသည်။

ဆံကေသာအလှမယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၇ ဦးမှ ဆန်ကာတင် ၁၀ ဦး ရွေးချယ်ကာ ထိုမှတစ်ဆင့် ပထမ၊ ဒုတိယနှင့် တတိယများကို ထပ်မံရွေးချယ်ပြီး ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




# သက်မွေးနည်းပညာရပ်များဆိုင်ရာဆွေးနွေးပွဲ နည်းပညာတက္ကသိုလ်(လွိုင်ကော်)၌ ကျင်းပ

**လွိုင်ကော် ဇူလိုင် ၂**

ကယားပြည်နယ် နည်းပညာတက္ကသိုလ် လွိုင်ကော်၌ သက်မွေးနည်းပညာရပ်များ ဆိုင်ရာဆွေးနွေးပွဲကို TU(Loikaw)၊ GTHS(Loikaw) နှင့် ထိုင်းနိုင်ငံရှိ Nawamintrachine College မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများပူးပေါင်း၍ ဇွန် ၂၄ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ ကယားပြည်နယ်အစိုးရအဖွဲ့ ပညာရေးတာဝန်ခံ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ဦး၊ ထိုင်းနိုင်ငံ Nawamintrachine Mae Hong Son Industrial and Communtity Education College မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး Nawamintrachine College မှ Mr.Chukait Saipunya နှင့် Thailand Country Representative of ACTED မှ Mr. David Brow တို့က သက်မွေးနည်းပညာရပ်များနှင့် သက်မွေးနည်းပညာ သင်တန်းများဖွင့်လှစ်ရေးဆိုင်ရာ အကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲကို စတုတ္ထအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း၊ တတိယအကြိမ်မြောက် ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက မယ်ဟောင်ဆောင်၌ ကျင်းပခဲ့ကြောင်း၊ တတိယအကြိမ်ဆွေးနွေးပွဲ အကျိုးရလဒ်အနေဖြင့် Deploma Level နှစ်ခုနှင့် Certificate Level နှစ်ခုကို မယ်ဟောင်ဆောင်ကောလိပ်မှ စကောလားရှစ်ပေးရန် သဘောတူညီမှုရရှိခဲ့ကြောင်း၊ ဆက်လက်၍လည်း အစိုးရနည်းပညာအထက်တန်းကျောင်းတွင် တည်ဆောက်ရေးလုပ်ငန်းခွင်သင်တန်း၊ လျှပ်စစ်နှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း လုပ်ငန်းခွင်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းများကိုလည်း ပူးပေါင်းဖွင့်လှစ်ပေးခဲ့ကြောင်း၊ နောက်သင်တန်းနှစ်ခုကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသားများ၏ သင်တန်းဆင်းလက်မှတ်များကိုလည်း ထိုင်းနိုင်ငံဘက်မှ အသိအမှတ်ပြုပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းဆင်းများအနေဖြင့် ထိုင်းနိုင်ငံတွင်ရော မြန်မာနိုင်ငံတွင်ပါ အလုပ်လုပ်၍ရမည်ဖြစ်ကြောင်း၊ ယခု စတုတ္ထအကြိမ်ဆွေးနွေးပွဲတွင်လည်း သက်မွေးပညာသင်တန်းများ ဖွင့်လှစ်သည့် အတွေ့အကြုံကိုဖလှယ်ကြခြင်း၊ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် သက်မွေးသင်တန်းများ ဖွင့်လှစ်နိုင်ရန်နှင့် စကောလားရှစ်ပေးမည့် လေးဦးအတွက် အသေးစိတ်အချက်များကို ဆွေးနွေးခဲ့ပြီး နောက်ထပ်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြောင်း နည်းပညာတက္ကသိုလ်(လွိုင်ကော်) ကျောင်းအုပ်ကြီး ဒေါက်တာဇော်ဝင်းအောင်ထံမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ငရုတ်စိုက်ပျိုးရေးအတွက် အလုပ်သမားရှားပါးနေသဖြင့် တောင်သူအချင်းချင်း အငှားလိုက်ပေးနေရ

**သာစည် ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ကျေးလက်ဒေသများ၌ လယ်ယာလုပ်ငန်းခွင်များတွင် အလုပ်သမားရှားပါးနေ၍ သာစည်မြို့နယ်၏ အဓိကစိုက်ပျိုးသီးနှံတစ်ခုဖြစ်သော ငရုတ်စိုက်ပျိုးရာတွင် အလုပ်သမားများ လိုအပ်မှုအတွက် တောင်သူအချင်းချင်း လက်စားလိုက်စနစ်ဖြင့် လုပ်ကိုင်ပေးနေရကြောင်း သိရသည်။

"တချို့က မိုးရွာမှ ငရုတ်စိုက်ပျိုးကြပြီးတချို့က ရေလောင်းပြီး စိုက်ကြပါတယ်။ ငရုတ်စိုက်ပျိုးခြင်းဟာ အလုပ်သမားများစွာအသုံးပြုရပြီး ငရုတ်စိုက်ပျိုးမယ့်အကွက်ကို သေချာထွန်ယက်ထားရပါတယ်။ စိုက်ပျိုးတဲ့အချိန်ကစပြီး ငရုတ်ပေါ်ချိန်အထိ ငရုတ်ခင်းထဲ အလုပ်သမားမပြတ်ပေါင်းနုတ်၊ ဆေးဖျန်း၊ ထွန်တိုဝင် လုပ်ကြရပါတယ်။ ငရုတ်သီးကောက်ချိန်ရောက်ရင် တစ်ပတ်တစ်ခါ ငရုတ်သီးကောက်ဖို့ အလုပ်သမားငှားရမ်းရပြီး ငရုတ်သီးမှည့် ရေရွေးဖျော၊ အခြောက်လှန်းကအစ အလုပ်သမား ငှားရမ်းရပါတယ်။ ငရုတ်ပေါ်ချိန်ဆို ငရုတ်သီးပွဲစားတွေ အိမ်အရောက်လာဝယ်ကြပါတယ်"ဟု သာစည်မြို့နယ် ရွာပုလဲကြီးကျေးရွာမှ ငရုတ်သီးစိုက်ပျိုးသူ ဒေသခံတစ်ဦးက ပြောသည်။

ငရုတ်စိုက်ပျိုးခြင်းသည် အလုပ်သမားငှားရမ်းရသည့် ကုန်ကျစရိတ်များပြားခြင်းကြောင့် အရင်းအနှီးများကြောင်း၊ တောင်သူများအနေဖြင့် ငရုတ်သီးဈေးကောင်းရရန် မျှော်လင့်ပြီး စိုက်ပျိုးရကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

လယ်ယာလုပ်ငန်းခွင်များတွင် ငရုတ်စိုက်ခြင်းအတွက် အလုပ်သမားတစ်ဦးငှားရမ်းပါက တစ်ဦးလျှင် ကျပ် ၂၀၀၀ နှုန်းပေး၍ ငှားရမ်းရပြီး ယခုနှစ်တွင် အလုပ်သမားရှားပါးနေသဖြင့် တောင်သူအချင်းချင်း သူ့အကွက်ကိုယ့်အကွက် လက်စားလိုက်သည့်စနစ်ဖြင့် ဆောင်ရွက်နေကြရကြောင်း သိရသည်။

**မျိုးမင်း(သာစည်)**

# လယ်ယာသုံးစက်ကိရိယာများ ငှားရမ်းမှုလွယ်ကူစေရန် စက်မှုလယ်ယာရှေ့တန်းစခန်းဖွင့်



**ရေဦး ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်းမှ ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်ကိရိယာများ လွယ်ကူစွာနှင့် ကုန်ကျစရိတ်သက်သာစွာ ငှားရမ်းအသုံးပြုနိုင်ရန်နှင့် စက်ယန္တရားအသုံးပြုမှု တွင်ကျယ်လာစေရန်ရည်ရွယ်၍ စက်မှုလယ်ယာရှေ့တန်းစခန်းကို အမှတ်(၂၁) စက်မှုလယ်ယာဦးစီးဌာနက ပန်းကုံးကျေးရွာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ပန်းကုံးစိုက်ခြံ)၌ ဇွန် ၂၉ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

စိုက်ပျိုးရိတ်သိမ်းချိန်တွင် မြို့နယ်ရုံးအထိလာရောက် ငှားရမ်းစရာမလိုဘဲ လက်လှမ်းမီရာ ထွန်စက်စခန်းတွင် ဝန်ထမ်းများ၊ စက်များထားကာ ငှားရမ်းနိုင်အောင်စီစဉ်ပေးထားသဖြင့် တောင်သူများအနေဖြင့် အချိန်ကုန်သက်သာသလို ငွေကြေးကုန်ကျမှုလည်း သက်သာမည်ဖြစ်ကြောင်း၊ ငှားရမ်းခနှုန်းထားများမှ မြေတစ်ဧကလျှင် ထွန်ယက်ခ ကျပ်တစ်သောင်းခွဲ၊ ရိတ်သိမ်းခြွေလှေ့ခမှာ တောင်သူမှ ဆီထည့်ပေးပါက ကျပ်သုံးသောင်းနှင့် အပြီးအစီးငှားရမ်းပါက ကျပ်လေးသောင်းနှုန်း သတ်မှတ်ထားကြောင်း သိရသည်။

လယ်ယာသုံးစက်ကိရိယာများ ငှားရမ်းပေးခြင်းအပြင် အထွက်နှုန်းကောင်း၊ ရေဝင်ရေထွက်ကောင်းသည့် စနစ်ကျသောလယ်ယာမြေအဖြစ် ပြုပြင်ခြင်းနှင့် အဆင့်မြင့်လယ်ယာမြေ ဖော်ဆောင်လိုသောဆန္ဒရှိပါက နိုင်ငံတော်က အကုန်အကျခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း စက်မှုလယ်ယာဦးစီးဌာနမှူး ဦးငွေဇော်စိုးက အဆိုပါရှေ့တန်းစခန်းဖွင့်ပွဲ၌ ပြောကြားခဲ့သည်။

အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းဖြင့် တောင်သူများအနေဖြင့် မိမိပိုင်ဆိုင်သော လယ်မြေဧက လျော့နည်းသွားမှုရှိခြင်း၊ ရေဝင်ရေထွက် လေဝင်လေထွက်ကောင်းခြင်း၊ ကုန်ထုတ်လမ်းအသုံးပြု၍ အချိန်မရွေး ဝင်ထွက်သွားလာနိုင်ပြီး ထွက်ကုန်များသယ်ယူရန် လွယ်ကူခြင်း၊ ရာသီဥတုအပေါ် မူတည်ပြီး တောင်သူနှစ်သက်ရာသီးနှံစိုက်ခွင့် ရှိနေခြင်းများကြောင့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရန် ဒေသခံတောင်သူများက စိတ်ပါဝင်စားလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# အမျိုးသမီးကမ္ဘာ့ဖလားဗိုလ်လုပွဲကို တက်ရောက်မှာမဟုတ်တဲ့ ဘလတ္တာ

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာဟာ ပုဂ္ဂိုလ်ရေးအကြောင်းပြချက်များနဲ့ တနင်္ဂနွေနေ့မှာ ကျင်းပမယ့် အမျိုးသမီးကမ္ဘာ့ဖလားဗိုလ်လုပွဲအတွက် ကနေဒါနိုင်ငံသို့ သွားရောက်မှာမဟုတ်ဘူးလို့ ဆိုပါတယ်။ အသက် ၇၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဖီဖာဥက္ကဋ္ဌဆပ်ဘလတ္တာဟာ ဖီဖာအတွင်းရေးမှူးချုပ် ဂျာရွန်းဗက်ကီက ဖွင့်ပွဲအခမ်းအနားတက်ရောက်ဖို့ ရုပ်သိမ်းခဲ့ပေမယ့် ဗန်ကူဗာမြို့မှာ ကျင်းပမယ့် ဗိုလ်လုပွဲကိုတော့ ဆပ်ဘလတ္တာတက်ရောက်ဖို့ စီစဉ်ထားခဲ့တာပါ။ ဖီဖာဥက္ကဋ္ဌကို အမေရိကန်မှာ စစ်ဆေးမှုတွေပြုလုပ်နေဆဲဖြစ်တယ်လို့ သတင်းတွေက ဆိုပါတယ်။ ဘလတ္တာဟာ ၁၉၉၈ ခုနှစ်က ဖီဖာဥက္ကဋ္ဌဖြစ်လာပြီးနောက် ပထမဆုံးအနေနဲ့ ဖလားဆွတ်ခူးနိုင်တဲ့အသင်းကို ဖလားမပေးနိုင်ခြင်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌ အစ်ဆာဟာယာတိုက ဆုဖလားပေးမှာဖြစ်ပါတယ်။



# ပေါ်လင်ဟို တရုတ်ကလပ်သို့ပြောင်းပြီ



သက်ကြီးပိုင်းရောက်လာတဲ့ ကမ္ဘာကျော်ဘောလုံးသမားတွေဟာ ဘောလုံးထွန်းသစ်စနိုင်ငံတွေကို ပြောင်းရွှေ့လျက်ရှိရာမှာ ဘရာဇီးကွင်းလယ်ကစားသမားပေါ်လင်ဟိုကတော့ စပါးမှ တရုတ်ကလပ် ကွမ်ကျိုးအဲဗားဂရိတ်သို့ ပေါင် ၉ ဒသမ ၉ သန်းနဲ့ ပြောင်းရွှေ့သွားပါပြီ။ အသက် ၂၆ နှစ်အရွယ်သာရှိသေးတဲ့ ပေါ်လင်ဟိုဟာ ၂၀၁၃ ခုနှစ်က ဘရာဇီးကလပ် ကိုရင်သီရန်မှ ပေါင် ၁၇ သန်းနဲ့ ပြောင်းရွှေ့လာရာမှာ ၆၇ ပွဲအထိ ပါဝင်ကစားခဲ့ပါတယ်။ ပေါ်လင်ဟိုဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်မှာ ၂၇ကြိမ် ပါဝင်ကစားခဲ့ပြီး ၁၂ ကြိမ် လူစားလဲပါဝင်ကစားခဲ့ပါတယ်။ သူ့ကို ဘရာဇီးနည်းပြဟောင်း စကိုလာရီ ကိုင်တွယ်နေတဲ့ တရုတ်ချန်ပီယံ ကွမ်ကျိုးအဲဗားဂရိတ်က လေးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ပါတယ်။ အင်္ဂလန်မှာ နှစ်နှစ်တာကာလအတွင်း အကောင်းဆုံးအားပေးကြတဲ့ ပရိသတ်တွေကို အထူးပဲကျေးဇူးတင်ပါတယ်လို့ ပေါ်လင်ဟိုက ဆိုပါတယ်။ ကွမ်ကျိုးအသင်းဟာ တရုတ်မှာအောင်မြင်နေတဲ့အသင်း ဖြစ်ပါတယ်။


မိုးမြင့်လင်းလက်

# စပိန်၊ ဂျာမနီနဲ့ နယ်သာလန်တို့ အခြေအနေကောင်းပါ့မလား

***ယူအီးအက်ဖ်အေ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲရဲ့ အုပ်စုဒုတိယပွဲစဉ်တွေကို ဇူလိုင် ၉ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အုပ်စု(A)က ယူကရိန်းနဲ့ ပြင်သစ်၊ ဂရိနဲ့ သြစတြီးယား၊ အုပ်စု(B)က စပိန်နဲ့ ရုရှား၊ ဂျာမနီနဲ့ နယ်သာလန်တို့ ဆင်နွှဲကြမှာဖြစ်လို့ အုပ်စုက နောက်တစ်ဆင့်တက်ရေး အသင်းတိုင်း ခြေကုန်ထုတ်ကြရဦးမယ့်ပွဲတွေဖြစ်နေပါတယ်။***

## ယူကရိန်းနှင့် ပြင်သစ်

၂၀၀၉ ခုနှစ်က ချန်ပီယံဖြစ်ခဲ့တဲ့ ယူကရိန်းနဲ့ ၂၀၀၅၊ ၂၀၁၀ ပြည့်နှစ်တွေမှာ ချန်ပီယံဖြစ်ခဲ့တဲ့ ပြင်သစ်တို့ပွဲကတော့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ ပြင်သစ်တို့ကတော့ ဒီနှစ်မှာချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ရေး ပြင်ဆင်ထားတာမို့ ယူကရိန်းအဖို့ခက်ခဲမယ့်ပွဲပါပဲ။ ပြင်သစ်ရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ခြေစွမ်းအရ ရှုံးပွဲမရှိတာမို့ အကောင်းဆုံးစွမ်းဆောင်မှုရရှိနေပါတယ်။ ပြင်သစ်တိုက်စစ်မှာ ဒမ်ဘီလီ၊ နိုမိုနဲ့ ဟီလ်မူပေးတို့က လက်ရှိမှာ တစ်ပွဲတစ်ဂိုးနှုန်းသွင်းယူနိုင်သလို ဂိုးသမားဒိုရင်နဲ့ အက်စ်ကာလက်စ်တို့က လက်စွမ်းပြကာကွယ်နိုင်မှုတွေ ပေးဆပ်နေတာမို့ ယူကရိန်းတို့ အမြင့်ဆုံးမျှော်မှန်းနိုင်တာ တစ်မှတ်ပဲဖြစ်ပါလိမ့်မယ်။

## ဂရိနှင့် သြစတြီးယား

ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ပြိုင်ပွဲမှာ အုပ်စုအဆင့်က ထွက်ခဲ့ရတဲ့ ဂရိအသင်းဟာ လောလောဆယ်မှာ ခြေစွမ်းကောင်းရရှိနေတဲ့ သြစတြီးယားကို အနိမ့်ဆုံးသရေပွဲရအောင် ကြိုးစားပါလိမ့်မယ်။ အုပ်စု(A)မှာ နောက်တစ်ဆင့် တက်ရောက်မယ်လို့ နာမည်ကြီးနေတဲ့ သြစတြီးယားတို့က တိုက်စစ်မှာ မာကိုဗာဆီနာ၊ ဒန်နီရယ်ရက်ပစ်တို့က ဂိုးသွင်းစွမ်းရည်ထက်မြက်သူတွေဖြစ်ပါတယ်။ ၄း၂း၄ ပုံစံအခြေပြုကစားမယ့် သြစတြီးယားနည်းပြ ဟာမန်းစတက်လာရဲ့ နည်းဗျူဟာနဲ့ ကစားသမားအခင်းအကျင်းက ဘယ်လောက်အထိ ရလဒ်ကောင်းစွမ်းဆောင်နိုင်မလဲကြည့်ရမှာဖြစ်ပါတယ်။

## စပိန်နှင့် ရုရှား

အုပ်စု(B)က စပိန်ရော ရုရှားတို့ပါ စွမ်းဆောင်ရည်မြင့်မားနေပြီး နိုင်ပွဲတွေဆက်နေပါတယ်။ စပိန်အသင်းဟာ ဒီနှစ်မှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေပြီး တိုက်စစ်မှူးတွေဖြစ်တဲ့ မာယိုရယ်၊ ပီဒရာဇာနဲ့ ကွန်ချာတို့က ပြိုင်ဘက်ခံစစ်ကြောင်းကို လျင်လျင်မြန်မြန်ကျော်ဖြတ်ဂိုးသွင်းနိုင်သူတွေဖြစ်ပါတယ်။ ဒါ့အပြင် ကွင်းလယ်ကစားသမား မာကိုအစင်စီရိုကလည်း တိုက်စစ်ကိုပံ့ပိုးနိုင်သလို ဂိုးလည်းရအောင်သွင်းနိုင်သူဖြစ်တာမို့ ရုရှားခံစစ်မှူးတွေ သတိထားရပါလိမ့်မယ်။ ရုရှားအသင်းမှာ ဇီမာလက်ဒီနော့ဗ်၊ ဂိုလိုဗင်၊ ရှီဒက်ဗ်တို့က အားကိုးရသူတွေဖြစ်တာမို့ စပိန်ကို အပြန်အလှန်ဖိအားပေးကစားပါလိမ့်မယ်။ ရုရှားနည်းပြ ဒီမီထရီခိုမူခါကတော့ စပိန်ကို အနိုင်ကစားမယ်လို့ ဆိုထားတာမို့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## ဂျာမနီနှင့် နယ်သာလန်

အုပ်စု(B)မှာ ခြေစွမ်းကောင်းတွေ ပိုင်ဆိုင်ထားတဲ့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုပါပဲ။ နည်းပြအေရွန်ဝမ်တာရဲ့ နယ်သာလန်အသင်းမှာ တိုက်စစ်စွမ်းရည်ပြသနေတာကတော့ ဇစ်ကိုဗစ်ဖြစ်ပြီး အစ်ဆာကယ်လွန်၊ အမာဖို့ဒ်တို့လည်း ဂိုးသွင်းကောင်းသူတွေဖြစ်ပါတယ်။ ဒါ့အပြင် ကွင်းလယ်ကစားသမား ဗန်ဒါဘက်ကလည်း အသက် ၁၇ နှစ်သာရှိသေးပေမယ့် ဘောလုံးဖြန့်ဝေမှု၊ တိုက်စစ်အားသန်မှုတွေအပြင် ဂိုးသွင်းစွမ်းရည်ထက်မြက်တာမို့ ဂျာမနီတို့ သေသေချာချာပြင်ဆင်ကစားမှရပါလိမ့်မယ်။ နည်းပြမာကတ်ဆော့ဂ်ရဲ့ ဂျာမနီအသင်းကတော့ လောလောဆယ်မှာ ရလဒ်ကောင်းတွေ ပိုင်ဆိုင်နေပြီး အကောင်းဆုံးပုံစံရရှိနေပါတယ်။ ဂျာမနီတိုက်စစ်မှာ အသက် ၁၈ နှစ်သာရှိသေးတဲ့ တီမိုဝါနာက လောလောဆယ်သုံးပွဲမှာ လေးဂိုးအထိ သွင်းယူထားနိုင်သလို လူကတ်ကူကလည်း သုံးပွဲမှာ နှစ်ဂိုးသွင်းယူထားနိုင်တာမို့ အားကိုးရသူတွေဖြစ်ပါတယ်။ ကွင်းလယ်မှာ ဒီဗန်တေးပါကာ၊ လီရွိုင်ဆေး၊ ဖလူကာတို့ကလည်း ကစားကွက်ကို ထိန်းချုပ်နိုင်သူတွေဖြစ်တာမို့ နယ်သာလန်တို့အတွက် ပွဲကျပ်ပါပဲ။ ဒီပွဲဟာ သရေပွဲလည်းဖြစ်သွားနိုင်ပြီး အနိုင်ဆိုရင် ဂျာမနီတို့ အလေးသာနိုင်ပါတယ်။



# အာဂျင်တီးနား ကိုပါဖလားနဲ့နီးပြီ

မက်ဆီ၊ အဂူရို၊ ဒီမာရီယာ အစရှိတဲ့ ကမ္ဘာကျော်ဘောလုံးသမားတွေဦးဆောင်တဲ့ အာဂျင်တီးနားအသင်းဟာ ချီလီနိုင်ငံမှာ ကျင်းပနေတဲ့ ကိုပါအမေရိကဖလားနဲ့ လက်တစ်ကမ်းအလို ရောက်ခဲ့ပါပြီ။ အာဂျင်တီးနားအသင်းဟာ ၁၉၉၃ ခုနှစ်နောက်ပိုင်း ကိုပါအမေရိကဖလားကို ဆွတ်ခူးနိုင်ဖို့ကြိုးစားနေတဲ့အသင်းဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲမှာ ပါရာဂွေးအသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ဗိုလ်လုပွဲတက်ရောက်လာတာဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ အုပ်စုအဆင့်မှာ ပါရာဂွေး၊ ဉရုဂွေးနဲ့ ဂျမေကာတို့ကို ကျော်ဖြတ်ပြီး ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့ပါတယ်။ ကွာတားအဆင့်မှာ ကိုလံဘီယာကို ပယ်နယ်တီငါးဂိုး-လေးဂိုးနဲ့နိုင်ရပြီး ဆီမီးတက်ခဲ့ရတယ်ဆိုပေမယ့် အာဂျင်တီးနားအသင်းဟာ ခြေစွမ်းသာတဲ့အသင်းကောင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆီမီးမှာ အုပ်စုအဆင့်တုန်းကတစ်ဖက်နှစ်ဂိုးစီသရေကစားခဲ့တဲ့ ပါရာဂွေးကို ဂိုးပြတ်နဲ့နိုင်အောင်ကစားပြီးဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပါတယ်။ အာဂျင်တီးနားအသင်းဟာ ကိုပါအမေရိကဖလားဗိုလ်လုပွဲသို့ ၂၀၀၇ ခုနှစ်က နောက်ဆုံး တက်ရောက်နိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲကို ဆန်တီယာဂိုမြို့မှာ အိမ်ရှင်ချီလီနဲ့ ဇူလိုင် ၅ ရက်နံနက်မှာ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ကောင်းမြတ်သူ ➢ ➢ စုစည်းသည်။

# နေရပ်ပြန်ရခိုင်တိုင်းရင်းသားများမှ ကျန်းမာရေးမကောင်းသူများအား ဆေးဝါးများကုသ



**ကောလင်း ဇူလိုင် ၂**

ကချင်ပြည်နယ် မြစ်ကြီးနားဘူတာမှထွက်ခွာလာသော ရခိုင်တိုင်းရင်းသားများအား နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးရန်အတွက် မြန်မာ့မီးရထားမှ စီစဉ်ပေးသော လူစီးတွဲ ၁၁ တွဲပါရထားသည် မြစ်ကြီးနားဘူတာမှ နံနက် ၉ နာရီတွင် မန္တလေးသို့ ထွက်ခွာလာခဲ့ရာ ကောလင်းဘူတာသို့ ည ၉နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်ရပ်နားစဉ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကြက်ခြေနီအဖွဲ့များက ကြိုဆိုကြသည်။

ယင်းနောက် နေရပ်ပြန်သူများအနက်မှ ကျန်းမာရေးမကောင်းသူ ၁၅ ဦးကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ အခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့မှ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်သန်းက ဆေးဝါးကုသပေးခဲ့သည်။

အဆိုပါရထားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တိုင်းညွှန်ကြားရေးမှူး ဦးစဝေလေဖရန်နှင့် တာဝန်ရှိသူများ၊ မီးရထားရဲတပ်ဖွဲ့ တပ်ခွဲ(၁)မှ ဒုရဲအုပ်နေမင်းထွန်းနှင့် တပ်ဖွဲ့ဝင်များပါဝင်၍ ရခိုင်တိုင်းရင်းသားအိမ်ထောင်စု ၂၃ စု၊ လူဦးရေ ၅၁၀ စီးနင်းလိုက်ပါခဲ့ကြောင်း သိရပြီး ကောလင်းဘူတာမှ မန္တလေးမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြိတ်တက္ကသိုလ်၌ စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**မြိတ် ဇူလိုင် ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းနယ်မြေရှိ မြိတ်တက္ကသိုလ်၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်စားပွဲတင် တင်းနစ်ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက်က မြိတ်တက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချိုက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် အမျိုးသား၊ အမျိုးသမီးစားပွဲတင် တင်းနစ်ပြိုင်ပွဲကျင်းပရာ မြိတ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ၁၈ ဦး၊ ကျောင်းသူခုနစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချို၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်ခင်ဌေးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်း၊ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချိုနှင့်တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# HIV၊ ဘီပိုး၊ စီပိုး ရောဂါများ လျော့ချရေးဆွေးနွေး

**မူဆယ် ဇူလိုင် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် မူးယစ်ဆေးဝါးထိုးသွင်းရာမှ ဖြစ်ပေါ်လာသော HIV၊ ဘီပိုး၊ စီပိုး ကူးစက်မှုဆိုင်ရာရောဂါများ အန္တရာယ်လျော့ချရေးအလုပ်ရုံဆွေးနွေးပွဲကို ဇွန်စတုတ္ထပတ်က မူဆယ်ခရိုင် မူဆယ်မြို့ရှိ Phoenix (Muse) ရုံး၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် စီမံကိန်းမန်နေဂျာက ဒေသအတွင်း ဆိုးရွားစွာပျံ့နှံ့လာသော ဖော်ပြပါကူးစက်မှုဆိုင်ရာရောဂါများ လျော့ချစေရေးအတွက် မိမိတို့ရပ်ရွာလူထု အခြေပြုအဖွဲ့အစည်းများအနေဖြင့် လက်လှမ်းမီသလောက် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် တိုက်တွန်းဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ မူဆယ်ခရိုင် မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆရာ ဆရာမများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မိုင်းယု(၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ၊ ပါရမီလူမှုကူညီရေးအသင်းမှ အသင်းသား၊ အသင်းသူများနှင့် မူးယစ်ဆေးဝါးသုံးစွဲကြသူများ စုစုပေါင်း ၆၀ ကျော် တက်ရောက်ခဲ့သည်။ ထို့နောက် တက်ရောက်ကြသူများက တစ်ဦးချင်းလိုအပ်သည်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(၁၀၅မိုင်)**

# နည်းပညာတက္ကသိုလ် (သန်လျင်)အား ISO Certificate ပေးအပ်

**ရန်ကုန် ဇူလိုင် ၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(သန်လျင်)အား အရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက်များ ချမှတ်ပေးသော ကမ္ဘာ့အသိအမှတ်ပြုအဖွဲ့အစည်းဖြစ်သော ISO အဖွဲ့ကြီး၏ အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ Engineering Education Program သင်တန်းများနှင့် အရည်အသွေးစီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော် ကျင့်သုံးနိုင်ခဲ့ခြင်းအတွက် ISO 9001:2008 Certificate ပေးအပ်ချီးမြှင့်ပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီက နည်းပညာတက္ကသိုလ်(သန်လျင်)၌ ကျင်းပသည်။

အခမ်းအနားတွင် တက္ကသိုလ်အနုပညာအသင်းမှ ကျောင်းသား ကျောင်းသူများက အဆိုအကများဖြင့် သီဆိုဖွင့်လှစ်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က ISO 9001:2008 Certificate ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် Bureau Veritas Certification Holding SAS-UK Branch မှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းထွဋ်က ISO 9001:2008 Certificate ကို ပါမောက္ခချုပ် ဒေါက်တာကေသီလွင်ထံ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



ဇူလိုင် ၃ ရက်တွင်ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲကို ဇွန် ၂၉ ရက်က ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီး၌ပြုလုပ်ရာ သွေးလှူရှင် ၁၃ ဦး လှူဒါန်းခဲ့ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းနှင့်အဖွဲ့ဝင်များက သွေးလှူရှင်များအား လှည့်လည်ကြည့်ရှုအားပေးကြစဉ်။ (ပြည်နယ် ပြန်/ဆက်)

# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပထမအကြိမ် ငွေထုတ်ပေး

**ရေစကြို ဇူလိုင် ၂**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၂၉ ခုကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် (ပထမအကြိမ်) ငွေထုတ်ပေးခြင်းကို ဇွန် ၃၀ ရက်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာအထောက်အကူပြုကော်မတီဥက္ကဋ္ဌများထံ ပထမအကြိမ် ထုတ်ပေးငွေများကို တာဝန်ရှိသူများက လာရောက်ပေးအပ်ကြသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှာ အမှန်တကယ်လိုအပ်နေသော ရေရရှိရေး လုပ်ငန်းနှစ်ခုအတွက် လမ်းတံတားလုပ်ငန်းများ ကျန်းမာရေး၊ ကျောင်းခြံစည်းရိုးကာရံခြင်း၊ ကျောင်းဆောင် အပြီးသတ်ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ လျှပ်စစ်မီးကြိုးသွယ်တန်းခြင်း၊ စာကြည့်တိုက်တည်ဆောက်ခြင်း စသည့်လုပ်ငန်းများအတွက် စုစုပေါင်း ငွေကျပ် ၇၁၉၂၀၀၀၀ ဖြစ်ကြောင်း သိရသည်။

လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ရေစကြိုမြို့နယ်အတွင်း ပြည်သူများအတွက် အမှန်လိုအပ်ချက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာ ငွေကျပ်သိန်း ၅၀ အောက်လုပ်ငန်းများအတွက် ခွဲဝေချထားပေးကြောင်းနှင့် လမ်း/ တံတားများ ဖွံ့ဖြိုးလာခြင်း၊ ကျောင်းဝိုင်းများ သတ်သတ်မှတ်မှတ် အကာအရံများဖြစ်တည်လာခြင်း၊ ဆေးခန်းများကောင်းမွန်လာခြင်း၊ သောက်သုံးရေဖူလုံစွာရရှိခြင်း၊ ရပ်ကွက်များ လျှပ်စစ်မီးတိုးတက် သုံးစွဲလာနိုင်ခြင်း၊ စာကြည့်တိုက်နှင့် ကျောင်းဆောင်များ ကောင်းမွန်တိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများကို ပြည်သူများခံစားရကြောင်း ဒေသခံအထောက်အကူပြုအဖွဲ့ဝင်များထံမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# သတိထားစရာ သွေးလွန်တုပ်ကွေးရောဂါ

မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၀၀၀၀ ကျော်ရှိပြီး ယင်းအနက် သေဆုံးသူ ၄၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်းအရ မွန်ပြည်နယ်တွင် အများဆုံးဖြစ်ပြီး ရောဂါဖြစ်ပွားသူ ၂၁၈၂ ဦးရှိကြောင်း၊ ဒုတိယအများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး တတိယအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ကြောင်း၊ သေဆုံးမှုနှုန်းအရမူ ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် နေ့စဉ် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၂၀၀ မှ ၂၅၀ အထိရှိနေကြောင်း၊ သို့သော် တောင်တန်းဒေသဖြစ်သော ချင်းပြည်နယ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမရှိသလောက်ပင် တွေ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန သွေးလွန်တုပ်ကွေးရောဂါဌာနမှ စီမံကိန်းမန်နေဂျာ ဒေါက်တာခင်နန်းလွင်က ဆိုသည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နိုင်ငံတွင်းရှိ ဒေသအသီးသီးတွင် ဆောင်ရွက်နေသော်လည်း နှစ်စဉ်သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်းမှာ လျော့ကျသွားခြင်းမရှိသေးကြောင်း၊ ထို့ကြောင့် ကြိုတင်ကာကွယ်မှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကလေးရောလူကြီးပါ သေဆုံးစေကြောင်း၊ ယင်းရောဂါအတွက် ကာကွယ်ဆေးမရှိသေးကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၃၀၈၆ ဦးရှိပြီး ၂၀၁၃ ခုနှစ်က ၂၀၂၅၅ ဦးရှိခဲ့ကြောင်း၊ WHO၏ ထုတ်ပြန်ချက်အရ ၂၀၁၃ ခုနှစ်က ကမ္ဘာတစ်ဝန်းတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ သုံးသန်းရှိပြီး ယင်းအနက် သေဆုံးသူ ၁၂၅၀၀ ဦးရှိကြောင်း သိရသည်။

**ကျော်သဲအိမ်**

# စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းဖွင့်

**ကန့်ဘလူ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မိုးစပါးနှင့် အခြားသီးနှံများ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းအသုံးပြုနိုင်ရေး ရည်ရွယ်၍ ဇူလိုင် ၁ ရက်က အမှတ် ၄၀ စက်မှုလယ်ယာစခန်းမှ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းကို ရွာမကျေးရွာ၌ ဖွင့်လှစ်ကြောင်း သိရသည်။



အဆိုပါ ရှေ့တန်းစခန်းတွင် ဆိုနာလီကာ (၉၀) ထွန်စက်ကြီးလေးစီး/ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်တစ်စီးနှင့် အခြားလယ်ယာသုံးစက်ကိရိယာများ ထားရှိမည်ဖြစ်ကြောင်း၊ ယခင်က တောင်သူများ မြို့နယ်ရုံးသို့လာရောက် ငှားရမ်းရကြောင်း၊ ယခုအခါ ကျေးရွာရှေ့တန်းစခန်းတွင် ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဘိုအေးက ပြောကြားသည်။

"ကျွန်တော်တို့ ကျေးရွာတွေမှာ လယ်ယာလုပ်ငန်းခွင်ကို ကျွဲနွားတွေကိုသာ အားကိုးခဲ့ရပါတယ်။ ကျွဲနွားမရှိသူတွေကတော့ ဈေးကြီးပေးပြီး ငှားရမ်း ထွန်ယက်စိုက်ပျိုးရပါတယ်။ အခုလို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ကျေးရွာအရောက် စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းဖွင့်လှစ်ပြီး ဈေးနှုန်းချိုသာစွာ ငှားရမ်းပေးတော့ အချိန်မီ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်မှာဖြစ်ပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပထမဝေဘူဆရာတော်ကြီးအား ရည်စူး၍ ဘေးမဲ့ပန်းဥယျာဉ် တည်ဆောက်

**ကျောက်ဆည် ဇူလိုင် ၂**

ကျောက်ဆည်မြို့ ဝေဘူချောင်တွင် စတင်တည်ထောင် သီတင်းသုံးတော်မူခဲ့သော ပထမဝေဘူဆရာတော်ကြီးအား ရည်စူးကာ ဆရာတော်ကြီးက ဘေးမဲ့တောအဖြစ် သတ်မှတ်တော်မူခဲ့သည့် ဘေးမဲ့ကျောက်ဖျာအနီး၌ အထိမ်းအမှတ် ဘေးမဲ့ပန်းဥယျာဉ်တစ်ခု တည်ဆောက်ထားရှိကြောင်း သိရသည်။

ယခုအခါတွင် ဆရာတော်ကြီးအား ရည်စူးကာ အလျားပေ ၁၀၀ ခန့်နှင့် အနံ ပေ ၆၀ ခန့်ရှိ ဘေးမဲ့ပန်းဥယျာဉ်တော်ကို အလှူရှင်များက တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ဆရာတော်ကြီး၏ သက်တော် (၁၂၀)ပြည့် ဇွန် ၂၇ ရက် (ပထမဝါဆိုလဆန်း ၁၁ ရက်)တွင် သံဃာတော်များအား ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

ပထမဝေဘူဆရာတော်ကြီးသည် သက်တော်(၈၂)နှစ်တွင် အင်ကြင်းပင်၌ ပျံလွန်တော်မူခဲ့ပြီး (၃၈)နှစ်အကြာ ဘေးမဲ့ပန်းဥယျာဉ်တော်ကို ပထမဆရာတော်ကြီးအား ရည်စူးကာ အထိမ်းအမှတ်အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ယခုလက်ရှိ ဝေဘူတတိယဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၏ မြွက်ကြားချက်များအရ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# စားအုန်းဆီဈေးနှုန်း ဇွန်လအတွင်း တစ်ပိဿာ ငွေကျပ် ၂၀၀ ဈေးကျ

**ရန်ကုန် ဇူလိုင် ၂**

ဇွန် ၁၀ ရက်က စားအုန်းဆီ လက်ကား ဈေးနှုန်း (အလှယ်) တစ်ပိဿာ ငွေကျပ် ၁၆၂၀ ထိ ဈေးမြင့်ခဲ့သော်လည်း ဇွန် ၃၀ ရက်တွင်တစ်ပိဿာ ၁၄၁၅ ကျပ်သာရှိသည်အထိ ဈေးနှုန်းကျဆင်းလာသည်ဟု ဘုရင့်နောင်ပွဲရုံ စိန်ပန်းလမ်း ရှိ စားသုံးဆီရောင်း ပွဲရုံမှ ဦးမျိုးက ဆိုသည်။

ဇွန် ၃၀ ရက်တွင် ပြည်ပစားအုန်းဆီ FOB တစ်တန် ဈေးနှုန်း ၆၅၅ ဒေါ်လာ ပြည်ပသို့ပို့ကုန်ရငွေ ၁၁၈၆ ကျပ်ဖြင့် ဆိပ်ကမ်းအရောက်တစ်ပိဿာ အရင်းဈေး ၁၄၅၇ ကျပ်ရှိနေပြီး ဇွန် ၁၀ ရက်တွင်မူ FOB တစ်တန် ဈေးနှုန်း ဒေါ်လာ ၆၇၀ ပြည်ပပို့ကုန်ရငွေလဲနှုန်း ငွေကျပ် ၁၂၈၀ ဖြင့် တစ်ပိဿာ အရင်းဈေး ၁၅၉၇ ကျပ်နှုန်းရှိသည်ဟု ဆီအသင်း၏ နေ့စဉ်နိုင်ငံခြားစားအုန်းဆီဈေးနှုန်းနှင့် L/C ငွေလဲနှုန်း ထုတ်ပြန်ချက်မှ သိရသည်။

မေ ၁၄ ရက်တွင် ပြည်ပပို့ကုန်ရငွေ ငွေလဲနှုန်း ၁၁၁၅ ကျပ်သာရှိရာ ယင်းနေ့တွင် စားအုန်းဆီ FOB တစ်တန်ဈေးနှုန်းမှာ ၆၅၅ ဒေါ်လာနှုန်းရှိပြီး ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်းဈေးမှာ ၁၃၇၅ ကျပ်သာရှိသည်။

ယခုအခါ ပြည်ပမှ စားအုန်းဆီတင်သွင်းရာတွင် နိုင်ငံခြားသုံးငွေကို ဗဟိုဘဏ်နှုန်းထားအတိုင်း ဘဏ်များကတစ်ဆင့် လိုသလောက် ဝယ်ယူနိုင်သည်။ ဇွန် ၃၀ ရက်တွင် ဗဟိုဘဏ်၏ ရည်ညွှန်းနှုန်းထားမှာ ငွေကျပ် ၁၁၁၀ သာရှိသည်။

သို့ဖြစ်ရာ စားအုန်းဆီ ဆိပ်ကမ်းအရောက် တစ်ပိဿာ အရင်းဈေး တွက်ချက်ရာတွင် ပြည်ပငွေလဲလှယ်နှုန်းထားဖြင့် မတွက်ချက်ဘဲ ဗဟိုဘဏ် ငွေလဲလှယ်နှုန်းထားများအတိုင်း ဘဏ်များကတစ်ဆင့် ရယူ တွက်ချက်လျှင် ဇွန် ၃၀ ရက်တွင် ဆိပ်ကမ်း အရောက် တစ်ပိဿာ အရင်းဈေးမှာ ၁၄၅၇ ကျပ်မရှိဘဲ ယင်းထက် လျော့နည်းနိုင်သည်။

သို့ဖြစ်၍ "ဇွန် ၃၀ ရက်က ရန်ကုန်စားအုံးဆီ ဈေးကွက် ရောင်းဈေးတွင် ဈေးကျလာခြင်းဖြစ်သည်" ဟု စားအုန်းဆီနေ့စဉ်ဝယ်ယူ၍ နယ်သို့တင်ပို့နေသူ ကိုဇော်ကြီးက ပြောသည်။

၂၀၁၄ ခုနှစ် ဇွန် ၃၀ ရက်တွင် မြေပဲဆီ လက်ကား ရောင်းဈေး တစ်ပိဿာ ငွေကျပ် ၅၂၀၀ ရှိရာ ယခုနှစ် ဇွန်လကုန်တွင် မြေပဲဆီဈေးနှုန်းသည် ယခင်နှစ် ကာလ ဈေးထက် မြင့်နေသော်လည်း စားအုန်းဆီဈေးနှုန်းမှာ ပြည်တွင်း ပြည်ပ ဈေးနှုန်းများ ကျဆင်းနေကြောင်း သိရသည်။

**ခင်ဆိုင်**

# လူထုကျန်းမာရေးစောင့်ရှောက်မှု ဆွေးနွေးပွဲကျင်းပ

**ပျဉ်းမနား ဇူလိုင် ၂**

နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှစ်ဝက်ဆန်းစစ်ဆွေးနွေးပွဲ (၂၀၁၅) ကို ဇွန် ၂၉ ရက်က ပျဉ်းမနားခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးနှင့် ပျဉ်းမနားခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးတို့က အမှာစကားပြောကြားပြီး ဇီးကုန်း၊ နတ်သူရဲ ကျေးလက်ကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတို့မှ ဌာနအလိုက် တင်ပြဆွေးနွေးကြပြီး ဆွေးနွေးပွဲဒုတိယပိုင်း၌ ဖလောင်း၊ ပြဒါးချောင်း၊ ဘို့မ၊ ဂမုန်းတောင် စသည့်ကျေးလက်ကျန်းမာရေးဌာနများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ဆွေးနွေးတင်ပြကြပြီး လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှစ်ဝက်ဆန်းစစ်ဆွေးနွေးချက်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**





# ဂျိုက်ကာအကူအညီဖြင့် မုံရွာမြို့ပေါ် ရပ်ကွက်သုံးခု ရေပေးမည်

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA ၏အကူအညီဖြင့် အကောင်အထည်ဖော်မည့် ရေပေးဝေရေးအစီအစဉ်ကို ဇူလိုင်လအတွင်းစတင်ဆောင်ရွက်တော့မည်ဖြစ်သဖြင့် မုံရွာမြို့ပေါ် ရပ်ကွက်သုံးခုနေပြည်သူများ သောက်ရေသုံးရေဖူလုံစွာရရှိတော့မည်ဖြစ်သည်ဟု မုံရွာမြို့နယ်စည်ပင်သာယာ အင်ဂျင်နီယာမှူးရုံးမှ သိရသည်။

"JICAအစီအစဉ်နဲ့ဆောင်ရွက်မယ့်ရေရရှိရေးစီမံကိန်းအတွက် ဒီဇူလိုင်လထဲမှာ တင်ဒါခေါ်သွားမှာဖြစ်ပါတယ်။ သူတို့ကမ်းလှမ်းထားတာကတော့ ၂၀၁၂-၂၀၁၃ ခုနှစ်ကတည်းကပါ။ JICAက ကူညီပေးမယ့် ပမာဏကတော့ ငွေကျပ် ၅၄၁ သန်းလျာထားပါတယ်။ မုံရွာမြို့ပေါ်က အိုးဘိုတောင်ရပ်ကွက်၊ မုံရွာ တောင်ရပ်ကွက်နဲ့ သလ္လာရပ်ကွက်တို့အတွက် ရပ်ကွက်နေပြည်သူတွေ လိုသလောက်ကူညီဖို့ စီမံကိန်းဆွဲထားပါတယ်" ဟု မြို့နယ်အင်ဂျင်နီယာမှူး ဦးသင်းအောင်က ပြောသည်။

အဆိုပါသုံးရပ်ကွက်သည် ရေပေးရေးစနစ်လုံးဝမရှိသော ရပ်ကွက်သုံးရပ်ကွက်ဖြစ်ပြီး ယခုဖော်ဆောင်မည့် အစီအစဉ်သည် မြေအောက်ရေပေးရေးစနစ်ကိုအသုံးပြုကာ ဆောင်ရွက်သွားမည်ဖြစ်သည်ဟုသိရသည်။ စီမံကိန်းတွင် ရပ်ကွက်သုံးခုဟု ဆိုသော်လည်း အဆိုပါရပ်ကွက်ထဲတွင် အိုးဘိုတောင်နှင့် တစ်ဆက်တစ်စပ်တည်းရှိ မြို့သစ်ရပ်ကွက်၊ မုံရွာတောင်ပိုင်းရှိ အေးသာယာ ရပ်ကွက်၊ ချမ်းမြဝတီရပ်ကွက် စသည့်ရပ်ကွက်များအတွက်လည်း ထည့်သွင်းထားကြောင်း သိရသည်။

"မုံရွာမြို့မှာရပ်ကွက်ပေါင်း ၂၇ ရပ်ကွက်ရှိပါတယ်။ နေ့စဉ်ရေလိုအပ်ချက်ကတော့ ရေဂါလန် ၃၃၃၀၈၈၀ ရှိပါတယ်။ ကျွန်တော်တို့ စည်ပင်သာယာက ရေပေးဝေနိုင်မှုက ရေဂါလန် ၁၁၉၅၀၀၀ ပဲရှိပါတယ်။ လိုအပ်ချက်ရဲ့ ၃၆ရာခိုင်နှုန်းကိုပဲ ဖြည့်ဆည်းပေးနိုင်ပါတယ်"ဟု မုံရွာမြို့၏ ရေလိုအပ်ချက်နှင့် ရေရရှိမှုအခြေအနေကို ဦးသင်းအောင်က ဆက်လက်ရှင်းပြသည်။

ယခုကမ်းလှမ်းထားသည့် JICA အစီအစဉ်ဖြင့် ဖော်ဆောင်မည့်ရေပေးရေးစနစ်ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဦးစီးဌာနမှတစ်ဆင့်ကြားခံကာ တင်ဒါစနစ်ဖြင့် ဇူလိုင်လအတွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ WHO က သတ်မှတ်သည့် နိုင်ငံတကာစံနှုန်းများပြည့်မီမှု ရှိ၊ မရှိကို ၎င်းတို့ကသာ စိစစ်ဆုံးဖြတ်သွားမည်ဖြစ်ပြီး ရေရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေပေးဝေရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက အိုးဘိုတောင်နှင့်မြို့သစ် ရပ်ကွက်နေ အိမ်ထောင်စု ၄၁၆ စု၊ မုံရွာတောင်ရပ်ကွက်၊ အေးသာယာ ရပ်ကွက်နှင့် နတ်လူထိပ်ပန်ရပ်ကွက်တို့ရှိအိမ်ထောင်စု၂၃၅၅ စုနှင့် သလ္လာ ရပ်ကွက်နေအိမ်ထောင်စု ၂၃၆၈ စု တို့အတွက်သောက်ရေသုံးရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်သည်။ ယခင်က မုံရွာမြို့တွင် ဂျပန်နိုင်ငံအကူအညီဖြင့် ဆောင်ရွက်ခဲ့သော ရေရရှိရေးနေရာ ငါးနေရာရှိသည်ဟုလည်း သိရသည်။

**သတင်း-မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# ငါးမျိုးမပြုန်းတီးရေးအတွက် ငါးမွေးကန်များသို့ ငါးသားပေါက်များစိုက်ထည့်



**သနပ်ပင် ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတထိန်းသိမ်းရေး ငါးမျိုးမပြုန်းတီးရေးနှင့် စဉ်ဆက်မပြတ် ငါးတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သနပ်ပင်မြို့နယ်အောက်စုကျေးရွာအုပ်စု အောက်စုရပ်ကွက်နှင့် ဈေးပိုင်းရပ်ကွက်များအတွင်းရှိ တစ်ပိုင်တစ်နိုင်လယ်ကြား ငါးမွေးကန်များသို့ ငါးခုံးမ ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက စိုက်ထည့်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးစိုး၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူတို့က ငါးသားပေါက်များ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု လှယဉ်ကျေးမယ်ပြိုင်

**ညောင်လေးပင် ဇူလိုင် ၂**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ကိုယ်ကာယအလှမယ်ပြိုင်ပွဲ၊ ဆံကေသာပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ဇွန်လစတုတ္ထပတ်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မမိုးရန့်ခင်က မြန်မာအမျိုးသမီးလေးပါ သီချင်းဖြင့်သီဆိုဖွင့်လှစ်ပေးသည်။

ထို့နောက် ညောင်လေးပင်မြို့နယ်အတွင်းရှိ အမျိုးသမီးငယ်များက ကိုယ်ကာယအလှဖြင့်လည်းကောင်း၊ ဆံကေသာအလှဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်ခြင်းအလှဖြင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများနှင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်တွင် ဆုရရှိကြသူများအား ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေနွယ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ **နေလင်း**



# ကြည့်မြင်တိုင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကြည့်မြင်တိုင် ဇူလိုင် ၂**

ရန်ကုန်အနောက်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ ဝါးရုံဆိပ် အေးရွာ(အနောက်)ရပ်ကွက် ဝါးရုံဆိပ်အပိုင်၌ ဇွန်လတတိယပတ်ကကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို စိုက်ပျိုးပင်ငယ်များပေးအပ်ခဲ့ပြီး ဖွံ့ဖြိုးရေးလမ်းမကြီးတစ်လျှောက် သစ်ပင်များ စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**ကိုကြီးတင် (ရွှေတိုင်မြေ)**


## ချင်းပြည်နယ်အစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးလက်အောက်ရှိ စီမံကိန်းအထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကတ္တရာခင်းခြင်းလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး ဖုန်း- ၀၇၀-၂၀၀၃၃၊ ၀၇၀-၂၂၃၅၈တို့အား ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၅
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၇-၂၀၁၅၊ ၁၂း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၈-၇-၂၀၁၅

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ချင်းပြည်နယ်၊ လမ်းဦးစီးဌာန**




## ပျောက်ဆုံးကြောင်းကြေညာခြင်း

မြင်းခြံခရိုင်၊ မြေစာရင်းဦးစီးဌာန၏၁၂-၁၁-၂၀၁၄ ရက်စွဲပါ စာအမှတ် ၄၇၉/မအ-၂ ဘိုးဘပိုင်မြေကွက်အမည်ပြောင်းနှင့် မြင်းခြံမြို့နယ်၊ မြေစာရင်းဦးစီးဌာန၏ စာချုပ်အမှတ် (၂၁၂/၂၀၁၄)၊ မြင်းခြံခရိုင်တရားရုံး၏ ကျမ်းကျိန်အမှတ် (၄၉၉/၂၀၁၄)တို့၏ မူရင်း စာချုပ်စာတမ်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၇၉၄၂၇၇၇၂၆ သို့ အကြောင်းကြားပေးပါရန်နှင့် သက်ဆိုင်ရာရုံးဌာနများတွင် စာချုပ်စာတမ်းများ ပျောက်ဆုံးကြောင်း လျှောက်ထားမည်ဖြစ်ပါသည်။

**ဒေါ်မြသန်း**
**၉/မခန(နိုင်)၁၂၇၂၇၇**
**အမှတ် (၈၉/၈)ရပ်ကွက်၊ မြင်းခြံမြို့**

## လူပျောက်ကြော်ငြာ



မောင်နန်းဝေယံထွန်း ၇/ပခန(နိုင်)၃၇၅၅၀၄ အသက် ၁၅ နှစ် နဝမတန်းကျောင်းသားသည် ၂၈-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ၅း၀၀နာရီတွင် နေအိမ်မှထွက်ခွာသွားပြီး ပြန်မလာပါ၍ တွေ့ရှိသူများ ဆက်သွယ်အကြောင်းကြားပေးနိုင်ရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဦးနန်းထွန်း-ဒေါ်ခိုင်ခိုင်မြင့်**
**တိုက် (၁၂)၊ အခန်း (၁၄)၊ မဂ္ဂတစ်လမ်း၊**
**အဆင့်မြင့်အိမ်ရာတိုက်ခန်း၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၂၈၁၃၆၉၀၈၊ ၀၉-၄၉၃၀၁၁၅၂**

## မိဘအမည်မှန်

မဟာမြကျွန်းသာ ကိုယ်ပိုင်အထက်တန်းကျောင်း (ရန်ကုန်)တက္ကသိုလ်ဝင်တန်းမှ မောင်ဝဏ္ဏထွန်း ၁၃/နမတ(နိုင်)၀၆၁၉၃၉ ၏မိဘအမည်မှန်မှာ ဦးရန်ဖာလျို့ ၁၃/နမတ(နိုင်)၀၂၅၃၈၂ နှင့်ဒေါ်ရန်ရင်ကျင် ၁၃/နမတ(နိုင်)၀၂၅၂၂၂ တို့ဖြစ်ပါကြောင်း။

**(ဦးရန်ဖာလျို့)-ဒေါ်ရန်ရင်ကျင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၂၆၅၃၄ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် ၉/မနတ(နိုင်)၀၀၅၅၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၆-၂၀၁၅ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၃)ဦးဇော်လင်း၏ ဂရန်သစ်တွင်လျှောက်ထားသည့်အကြောင်းအရာဂရန်သစ်အစားဂရန်ခွဲဟုဖတ်ရှုပါရန်။

# ရေးမြို့ကျိုက်သရေဆောင် ရေလယ်ဘုရား ဓမ္မပိမာန်ထီးတော်တင်



**ရေး ဇူလိုင် ၂**

မွန်ပြည်နယ် ရေးမြို့ကျိုက်သရေဆောင်သာသနာ ၂၅၀၀ စေတီ ရေလယ်ဘုရားတွင် ဓမ္မပိမာန်ထီးတော်တင်လှူပွဲကို ဇူလိုင် ၁ ရက်တွင် ကျင်းပကြောင်း သိရသည်။

အဆိုပါ ထီးတော်တင်မင်္ဂလာ အချိန်အခါတွင် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဓမ္မပိမာန်ဘုရား၏ အထွတ်အထိပ်သို့ မင်္ဂလာပန်းရထားဖြင့် စိန်ဖူးတော် ထီးတော်ဘုံ အဆင့်ဆင့် တင်လှူပူဇော်ခဲ့ကြပြီး ထီးတော် တင်လှူအောင်မြင်ခြင်းအဖြစ် ရွှေမိုးငွေမိုးများ ရွာသွန်းပေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# ဝေါလေမြိုင်မြို့တွင် ပျိုးပင်များအခမဲ့ပေး

**မြဝတီ ဇူလိုင် ၂**

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုရန်၊ ဒေသတွင်းစိမ်းလန်းစိုပြည်စေရန်နှင့် စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်များ အခမဲ့ပေးဝေပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက ဝေါလေမြိုင်မြို့ သစ်တောပျိုးဥယျာဉ်ရှေ့၌ ကျင်းပရာ ဝေါလေမြိုင်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် တာဝန်ရှိသူများက ကျေးရွာများရှိ ဒေသခံပြည်သူများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများအား ပျိုးပင်များ ပေးဝေခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**




# မိုးကြိုးချည်မျှင်ရှည်ဝါ စံပြကွက် စိုက်ပျိုးထားရှိမှု ကွင်းသရုပ်ပြ

**ပျော်ဘွယ် ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှတောင်သူများအား ဝါစိုက်နည်းပညာများနှင့် စိုက်ပျိုးနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် မိုးကြိုးချည်မျှင်ရှည်ဝါငွေချည်(၉)စံပြကွက်တစ်ဧကပိဿာ ၁၀၀၀ အထက်ထွက်ရှိရန် စိုက်ပျိုးထားရှိမှု ကွင်း သရုပ်ပြပွဲကို ပျော်ဘွယ်မြို့နယ် ချောင်းမကြီးကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာ ကွင်းအမှတ်(၃၆၄) တောင်သူဦးကျော်ဝင်း၏ သုံးဧကစံပြစိုက်ကွင်း၌ ဇွန် ၂၉ ရက်က ကျင်းပခဲ့သည်။

မိုးကြိုးချည်မျှင်ရှည်ဝါငွေချည်(၉) စံပြကွက်ကွင်းသရုပ်ပြပွဲတွင် တိုင်းဒေသကြီးစက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးမှူး ဦးတင်သန်းဆွေက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးနေဝင်းကဌာနမှ ထုတ်လုပ်လျက်ရှိသည့်အထွက်တိုးချည်မျှင်ရှည်ဝါ ရွှေတောင်ငွေချည်(၉)ဝါမျိုး၏ ထူးခြားချက်နှင့် အားသာချက်များ၊ တစ်ဧကချင်းအလိုက် အထွက်နှုန်းတိုးမြှင့်ရေးအတွက် သိပ္ပံနည်းကျနည်း စနစ်များနှင့် ပိုးမွှားကင်းစင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ကျေးလက်လူငယ် စွမ်းဆောင်ရည်မြှင့်တင်ရေး နည်းပြ(ဆင့်ပွား) သင်တန်းဖွင့်

**မိုးကောင်း ဇူလိုင် ၂**

မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးနည်းပြ(ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီခွဲက မိုးကောင်းမြို့နယ် မိုးကောင်းခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သူအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေသူရိန်စိန်လှက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ကျေးရွာ ၁၀ ရွာမှ ဒေသခံလူငယ်များ တက်ရောက်ကြကြောင်း သိရသည်။

**ဝင်းအောင်**

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်

**နမ့်ဆန် ဇူလိုင် ၂**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ မြန်မာနိုင်ငံအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁ ရက်နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း နဝရတ်ခန်းမဆောင်၌ ကျင်းပရာ ကျောင်းသားကျောင်းသူ ၇၀ ခန့်ပါဝင်ယှဉ်ပြိုင်ကြောင်းသိရသည်။

ပြိုင်ပွဲတွင် အထက်တန်းအဆင့်ကလေးများအား ဂုဏ်ပြုထိုက်သော မြန်မာအမျိုးသမီးများခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလယ်တန်းအဆင့်ကလေးများအား မြန်မာအမျိုးသမီးများနေ့ခေါင်းစဉ်ဖြင့် လည်းကောင်း သတ်မှတ်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ပညာရေးဌာနနှင့်ပူးပေါင်း၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဇူလိုင် ၃ ရက် မြန်မာနိုင်ငံအမျိုးသမီးများနေ့ အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန နည်းပညာတက္ကသိုလ်(ကလေး)မှ အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်း(၂)မျိုးအား ဌာနအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | Desktop Computer Dell (Memory 4GB, HDD 500GB, Processor Intel Core i7) | 9-လုံး |
| (ခ) | UPS (Power Tree) (650 VA) | 9-လုံး |

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များကို ၃-၇-၂၀၁၅ ရက် ရုံးချိန်အတွင်းမှစတင် ဝယ်ယူနိုင်ပြီး ၁၀-၇-၂၀၁၅ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထား၍ တင်ဒါများပေးသွင်းရမည်။

၃။ အသေးစိတ်သိရှိလိုသောအချက်များကို နည်းပညာတက္ကသိုလ်(ကလေး)ရုံး ဖုန်း-၀၉-၆၄၇၂၅၆၅နှင့် ငွေစာရင်းဌာန ဖုန်း-၀၉-၄၀၀၄၅၈၂၅၂တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(ကလေး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျိုင်းတုံဆေးရုံကြီးတွင် လိုအပ်သောဆေးဝါးများကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်** - ၂၀-၇-၂၀၁၅ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်း/စည်းကမ်းများနှင့် ပစ္စည်းစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ ကျိုင်းတုံဆေးရုံကြီး**
**ဖုန်း-၀၈၄-၂၁၅၁၁**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(တီးတိန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(တီးတိန်)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁။ | Computer Table | ၃၀ လုံး |
| ၂။ | Stage ခုံ (8'x4'x8") | ၆ လုံး |
| ၃။ | Drawing Board and Stand | ၂၀ လုံး |
| ၄။ | ကျောင်းသားသုံးစားပွဲ (L 5.5'x W 15"x H 2.5') | ၃၀ လုံး |
| ၅။ | ကျောင်းသားသုံးထိုင်ခုံ (L 5.5' x W 10" x H 1.5') | ၃၀ လုံး |
| ၆။ | Cupboard (steel, glass door) (6'-3'-1.5') | ၄ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း (တီးတိန်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၃-၇-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(တီးတိန်) ဖုန်း-၀၇၀-၅၀၆၀၅ နှင့် ၀၉-၄၇၁၇၃၁၀၈ တို့သို့ စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်စိစစ်ရေးကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း**
**တီးတိန်**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး မကွေးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၇-၂၀၁၅ ရက်၊ (ကြာသပတေးနေ့) ညနေ ၄း၀၀ နာရီ

၄။ တင်ဒါလျှောက်လွှာများကို တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့တွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးအစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့**
**ဖုန်း-၀၆၃-၂၃၃၈၆၊ ၀၆၃-၂၆၀၂၉**

## ကရင်ပြည်နယ်အစိုးရအဖွဲ့
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန-ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကရင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကရင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးဌာနအဆောက်အအုံများ အသစ်ဆောက်လုပ်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လှိုင်းဘွဲ့မြို့နယ်၊ ကွမ်ဘီကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(ခ) လှိုင်းဘွဲ့မြို့နယ်၊ ပေါလောက်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း။
(ဂ) ဘားအံမြို့နယ်၊ ဖားကပ်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(ဃ) ကြာအင်းဆိပ်ကြီးမြို့နယ်၊ သံပုရာကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း။

၂။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၆-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၇-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ
**တင်ဒါတင်သွင်းရန်နေရာ** - ကရင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်နှင့် ပတ်သက်၍အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း ကရင်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဖုန်း-၀၅၈-၂၁၂၃၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးတင်ဒါကြီးကြပ်ရေးအဖွဲ့**

## ဂရန်မူရင်းစာအုပ်အား ပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကံဘဲ့၊ မြေကွက်အမှတ် ၇၀/က၊ မြေကွက်တည်နေရာအမှတ် ၆/က၊ ဆေးရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ဒေါ်မော်မော်အုန်း ၁၂/ရကန(နိုင်)၀၃၈၉၀၉ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မော်မော်အုန်းမှ ၄င်းလက်ဝယ်တွင် ဂရန်မိတ္တူမှန်သာရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားသဖြင့် မူလထုတ်ပေးထားသည့် ဒေါ်မော်မော်အုန်းအမည်ပေါက် မြေငှားအမှုတွဲအမှတ်-ဂရန်-၅/သက်တမ်းတိုး-၃၂/၁၉၉၄ (၇-၁၀-၁၉၉၄)ပါ ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


**သွေးသည် အသက်**

## မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အဆောက်အအုံများဆောက်လုပ်ရေးအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ကုသရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရန် သက်ဆိုင်ရာ မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၇-၂၀၁၅ ရက် ညနေ ၄း၃၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၁**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးနည်းပညာတက္ကသိုလ်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါ သင်ထောက်ကူပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | သင်ထောက်ကူပစ္စည်းများနှင့်ဓာတ်ခွဲခန်းသုံးပစ္စည်းများ | ၈၃ မျိုး |
| ၂။ | စက်နှင့်စက်ကိရိယာ | ၁ မျိုး |
| ၃။ | ရုံးသုံးစက်ကိရိယာ | ၃ မျိုး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးနည်းပညာတက္ကသိုလ်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၇-၇-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၁၅း၀၀နာရီ နောက်ဆုံးထား၍ မန္တလေးနည်းပညာတက္ကသိုလ်သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၆၅၀၂၆၀၂၊ ၀၉-၆၅၀၂၆၀၅၊ ၀၉-၆၅၀၂၆၀၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၆/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) **စက်နှင့်စက်အရန်ပစ္စည်းများ** - REF 542 Plus (HMI) Unit with Control Program Installer, Variable Frequency Drive(VFD),Main Control Unit (FM-801), High Voltage Cable.

**မြန်မာကျပ်ငွေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း**

(က) Urea Auto Clave သယ်ယူရန် Transporter ငှားရမ်းခြင်း

**နိုင်ငံခြားငွေဖြင့် ဝယ်ယူခြင်း**

(က) **ဓာတုဗေဒပစ္စည်းများ** - Fluorescent Indicator Dyed Gel

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ** - Spare Parts for Synthesis Gas Compressor,Spare Parts for Urea Hydrolyzer Feed Pump& Diaphragm Disc Pack, Level Transmitter, Temperature Element & Low Voltage Manager (BDM-100) for Plant Control, Spare Parts for Ammonia Feed Pump, Flushing Pump, Absorber Feed Pump and Hydrolyzer Feed Pump, Level Transmitter (LT 3202,LT 3404,LT 3505), Differential Pressure Transmitter (PDT 8112), Control Valve (Temperature Valve TV 4001), Controller (F 701 C Weighting Controller) and Solenoid

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၇-၂၀၁၅ ရက် ၁၂း၀၀ နာရီ Urea Auto Clave သယ်ယူရန် Transporter ငှားရမ်းခြင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀-၇-၂၀၁၅ ရက် ၁၂း၀၀ နာရီ၊ အခြား Tender များ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာအမျိုးသားလေကြောင်း
# ကြေညာချက်အမှတ်(၂/၂၀၁၅)

မြန်မာအမျိုးသားလေကြောင်းမှ ကြေညာချက်အမှတ်(၁/၂၀၁၅)ဖြင့် ကြေညာထားသည့် လေယာဉ်မောင်၊ လေယာဉ်မယ် လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်အား ၃-၇-၂၀၁၅ရက်အစား ၂၀-၇-၂၀၁၅ရက်သို့ တိုးမြှင့်သတ်မှတ်ကြောင်းနှင့် လူတွေ့စစ်ဆေးမှုများအား ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ၂၄-၇-၂၀၁၅ရက်တွင် စတင်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**

### မြန်မာ့သစ်လုပ်ငန်း
### ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
### ကချင်ပြည်နယ်-မြစ်ကြီးနားမြို့
### စက်မှုကုန်ကြမ်းသစ်လုံး/တိုင်များ
## အိတ်ဖွင့်လေလံကြော်ငြာအမှတ် ၀၂/၂၀၁၅-၂၀၁၆

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်းသစ်လုံး/တိုင်များကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၂-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက်၁၀း၀၀နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ပုံစံ(၈)အုပ်စု(၁)တမလန်းသစ်လုံး(၀.၁၅၂)တန်
- ပုံစံ(၈) အုပ်စု(၁)တမလန်းတိုင်(၅.၇၈၀)တန်
- အုပ်စု(၂) ကညင်သစ်လုံး(၃၃၆.၂၀၈)တန်
- ပုံစံ(၈) အုပ်စု(၂) တောင်တမာသစ်လုံး(၀.၁၇၆)တန်

(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)နှင့် မြန်မာ့သစ်လုပ်ငန်း၏ Website ဖြစ်သော www. myanmartimber Com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အိတ်ဖွင့်လေလံရောင်းချရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများတွင် SCADA, EMS နှင့် ချိတ်ဆက်အသုံးပြုရန်အတွက် လိုအပ်သော ဓာတ်အားခွဲရုံပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ၂၅/၂၆/၂၇-၆-၂၀၁၅ရက် သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ရာ မြန်မာကျပ်ငွေအစား နိုင်ငံခြားငွေဖြင့် ပြင်ဆင်ဝယ်ယူလိုပါကြောင်း အသိပေးအကြောင်းကြားပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် အသုံးပြုမည့် အောက်ဖော်ပြပါ သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း (၁၀၄) မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစက်ပစ္စည်း အသေးစိတ်အား သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ် (၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်မှာ ၂၉-၆-၂၀၁၅ ရက်မှ ၁၇-၇-၂၀၁၅ ရက်အထိ ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၁၅၁၇၉၇၆၊ ၆၆၅၂၉၂၊ ၀၉-၇၃၁၄၀၁၆၄၊ ၀၉-၄၂၁၀၀၉၃၇၅၊ ၆၆၃၂၅၈၊ ၆၆၃၀၂၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကယ်ဆယ်ရေးပစ္စည်းများ (ကျားလုံချည် ၂/၈၀ အသင့်ချုပ်ပြီး အကျယ် ၇၅"၊ အနံ၄၆") (မလုံချည် ပါတိတ်ဆင် အထက်ဆင်ပါချုပ်ပြီး အကျယ် ၇၂"၊ အနံ ၄၂") (ကိုယ်သုတ်ပဝါ တရုတ်ချည်သားဖောင်းပွ အလျား၅၄"၊ အနံ၂၇") (ချည်စောင် အလျား၈၀"၊ အနံ၆၆") (၂၂စီအမ်စတီး၈လုံ)တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချပေးနိုင်မည့် ဈေးနှုန်း၊ ပစ္စည်းနမူနာနှင့်အတူ အိတ်ဖွင့်တင်ဒါ လာရောက်ပေးသွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့် ကယ်ဆယ်ရေးပစ္စည်းများ၏ အသေးစိတ်စာရင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရုံးအမှတ် ၂၃၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၄၃၆၉၊ ၀၆၇-၄၀၄၃၁၇ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ခ) **တင်ဒါပုံစံပိတ်မည့်ရက်** - ၁၀-၇-၂၀၁၅ ရက် ၁၆း၀၀ နာရီ

(ဂ) **တင်ဒါပုံစံ(၁)စောင်ဈေးနှုန်း** - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် ၂၃၊ နေပြည်တော်

**တင်ဒါခေါ်ယူရေးအဖွဲ့**

## မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အဆောက်အအုံများဆောက်လုပ်ရေးအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် သက်ဆိုင်ရာ မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၇-၂၀၁၅ ရက် ညနေ ၄း၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၁**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဘဏ္ဍာရေးဝန်ကြီးဌာန
### ငွေတိုက်ဦးစီးဌာန
### ရုံးအမှတ်(၃၄)၊ နေပြည်တော်
## စိစစ်ရေးမှူး-၂ ရာထူး ရေးဖြေစာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန(နေပြည်တော်)တွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး ၉ နေရာအတွက် လျှောက်လွှာခေါ်ယူခဲ့ပြီးဖြစ်ရာ ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လာရောက်ဖြေဆိုနိုင်ရန် အကြောင်းကြားပါသည်။

| စာမေးပွဲကျင်းပမည့်ရက် | အချိန် | ဘာသာရပ် | ကျင်းပမည့်နေရာ |
|---|---|---|---|
| ၁၈-၇-၂၀၁၅ရက် | နံနက် ၁၀း၀၀နာရီမှ | မေးခွန်းလွှာ(၁) | အထက(၅) |
| (စနေနေ့) | မွန်းတည့် ၁၂း၀၀နာရီအထိ | မြန်မာစာနှင့်အင်္ဂလိပ်စာ | နေပြည်တော် |
| | မွန်းလွဲ ၁း၀၀နာရီမှ | မေးခွန်းလွှာ(၂) | အထက(၅) |
| | ညနေ ၃း၀၀နာရီအထိ | အထွေထွေဗဟုသုတ | နေပြည်တော် |

၂။ **ယူဆောင်လာရမည့် စာရွက်စာတမ်းများ**

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား

(ခ) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြထားသော စာရွက်စာတမ်း(မူရင်း)များ

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အထက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်း(မူရင်း)များကို ယူဆောင်လာရန် ပျက်ကွက်ပါက စာမေးပွဲဝင်ရောက် ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၄။ စာမေးပွဲဖြေဆိုသူများသည် စာဖြေဌာန(အထက-၅)နေပြည်တော်သို့ ၁၈-၇-၂၀၁၅ရက် (စနေနေ့) နံနက် ၉း၀၀ နာရီထက် နောက်မကျစေဘဲ သတင်းပို့ရမည်ဖြစ်ပါသည်။

၅။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံနံပါတ်အား ငွေတိုက်ဦးစီးဌာန ရုံးအမှတ်(၃၄)၊ နေပြည်တော်၊ ကြော်ငြာသင်ပုန်းတွင် ၁၀-၇-၂၀၁၅ရက်၌ ထုတ်ပြန်ကြေညာထားမည်ဖြစ်ပါ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၀၁၆၂၊ ၀၆၇-၄၁၀၀၇၃ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း (အဆင့် ၁) အောင်မြင်ပြီးသူများ၊<br>- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့်အောင်မြင်ပြီးသူများ(သို့)<br>- ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့်၁) | တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၆။ | အစားအစာနှင့်အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း(အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | ဤသင်တန်းဌာနမှအခြေခံ(အဆင့် ၁) အစားအစာ ထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။ |
| ၈။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (စီမံ/ဘဏ္ဍာ) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ။ |
| | (အခန်းဌာနကြီး)<br>(အစားအစာနှင့်အဖျော်ယမကာဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ |

**သင်တန်းကာလ။** ၁၃-၇-၂၀၁၅ရက်မှ ၄-၉-၂၀၁၅ရက်အထိ

**သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်**

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(ရမည်းသင်း)မှ အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | |
|---|---|
| Laptop Computer Dell (Memory 4GB.HDD 500GB, Processor intel Core i7) | 9 nos |
| UPS (Power Tree) (650 VA) | 9 nos |

၂။ အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းချက်များကို နည်းပညာတက္ကသိုလ်(ရမည်းသင်း)တွင် ၆-၇-၂၀၁၅ရက် ရုံးချိန်အတွင်း စတင်ဝယ်ယူနိုင်ပြီး ၁၆-၇-၂၀၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါများပေးသွင်းရမည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၁၇၃၂၁၄၊ ၀၆၄-၄၀၂၀၂ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ၊ နည်းပညာတက္ကသိုလ် (ရမည်းသင်း)**

---

**အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန**
**လူမှုဖူလုံရေးရုံးချုပ်**
**ရုံးအမှတ် ၅၁၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (Open Tender)

မြန်မာနိုင်ငံအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို ဆေးဆိုင်များဖွင့်လှစ်၍ဖြစ်စေ၊ ဆေးခန်းများသို့ အရောက်ပေးပို့၍ဖြစ်စေ တာဝန်ယူရောင်းချပေးခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်သော ဆေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။ အသေးစိတ်စုံစမ်းလိုပါက လူမှုဖူလုံရေးရုံးချုပ် ဆေးဌာန ဖုန်း-၀၆၇-၄၃၀၂၈၁၊ ၀၆၇-၄၃၀၃၈၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁-၇-၂၀၁၅ ရက်မှ ၃၀-၇-၂၀၁၅ ရက်
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၀-၇-၂၀၁၅ ရက်
(ဂ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်** - ၁၀-၈-၂၀၁၅ ရက်

**ဆေးဌာန**
**လူမှုဖူလုံရေးရုံးချုပ်၊နေပြည်တော်**

---

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## အင်းလေးဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

အင်းလေးဒေသဟိုတယ်ဇုန် ၆၆/၃၃/၁၁ကေဗွီ ဟိုတယ်ဇုန်ဓာတ်အားခွဲရုံတွင် လိုအပ်သော ခွဲရုံထိန်း/ပြင်(နေ့စား)ဝန်ထမ်း(၈)ဦး ခန့်အပ်သွားမည်ဖြစ်ပါသဖြင့် အောက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) ဒေသခံအမျိုးသားဖြစ်ရမည်။
(ခ) အသက်(၃၀) ထက်မကြီးရ။
(ဂ) အနည်းဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
(ဃ) AGTI(EP), BTech(EP), BE(EP) ရရှိပြီးသူများဦးစားပေးမည်။
(င) ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ခန့်ထားခြင်းဖြစ်ပြီး လစာကို နိုင်ငံ့ဝန်ထမ်းများရရှိခံစားနေသော လစာနှုန်းအတိုင်းခံစားခွင့်ပြုမည်။
(စ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ဝန်ထမ်းအဖြစ် သွပ်သွင်းခန့်ထားနိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်ပေးမည်။
(ဆ) လျှောက်ထားသူသည် ကိုယ်တိုင်ရေးလျှောက်လွှာ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဘွဲ့၊ ဒီပလိုမာ၊ အခြေခံပညာအထက်တန်း အောင်မြင်ကြောင်းလက်မှတ်မိတ္တူတို့နှင့် အတူ ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ စီမံခန့်ခွဲရေးဌာနတွင် ရုံးချိန်အတွင်းလာရောက် လျှောက်ထားနိုင်ပါသည်။

---

## ဖခင်အမည်မှန်

နေပြည်တော်ပျဉ်းမနား အထက(၂)တွင် ပညာသင်ကြားခဲ့သော မမြမဉ္ဇူ၏ ဖခင်အမည်မှန်မှာ ဦးဉာဏ်ထွန်းဖြစ်ပါကြောင်း။
**ဦးဉာဏ်ထွန်း ၉/ပမန(နိုင်)၁၀၃၁၀၆**

## အမည်မှန်

လယ်ဝေးမြို့၊ ဧလာ အထက(၃) သတ္တမတန်းတွင် ပညာသင်ကြားခဲ့သော ဦးညီဆောင်၏သမီး မရွှေစင်ဝင်း၏ အမည်မှန်မှာ မရွှေဇင်ဝင်း ဖြစ်ပါကြောင်း။
**မရွှေဇင်ဝင်း**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**မုံရွာမြို့နယ်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၇**

| | | |
|---|---|---|
| မသီတာအောင် | **နှင့်** | မောင်စောထွန်းဦး |
| **တရားလို** | | **တရားပြိုင်** |

မုံရွာမြို့နယ်၊ အက်တောရွာ (ဥက္ကဟောင်း ဦးအောင်မင်း၏ခြံ)နေ မောင်စောထွန်းဦး(အလုပ်အကိုင်မရှိ) သိစေရမည်။

မသီတာအောင်က လင်မယားကွာရှင်းပြတ်စဲလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၂၇ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးဖြိုးအေး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မုံရွာမြို့နယ်တရားရုံး**

---

## ချင်းပြည်နယ်အစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးလက်အောက်ရှိ စီမံကိန်းအထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း၊ တံတား ကတ္တရာခင်းခြင်း၊ လမ်းတာချဲ့ခြင်းလုပ်ငန်း၊ (Guard Rail)ကာရံခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၂၁၀၃၃၊ ၀၇၀-၂၂၃၅၈တို့အား ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါစတင်ရောင်းချမည့်ရက်** | - ၃၀-၆-၂၀၁၅ရက် |
| **တင်ဒါပိတ်မည့်ရက်/ အချိန်** | - ၂၉-၇-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - ၃၀-၇-၂၀၁၅ရက် |

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ချင်းပြည်နယ်၊ လမ်းဦးစီးဌာန**

---

## မိဘအမည်မှန်

တနိုင်းမြို့(အထက)၊ တက္ကသိုလ်ဝင်တန်း (A)မှ မကျော့ကေခိုင်၏ မိဘအမည်မှန်မှာ ဦးဌေးလွင် ၅/ယမပ(နိုင်)၀၂၁၃၃၁ နှင့် ဒေါ်ခင်ပြုံးရီ ၅/ပလဘ(နိုင်)၀၀၀၇၇၃ ဖြစ်ပါသည်။

## အမည်မှန်

လားရှိုးမြို့၊ အထက(၁)၊ သတ္တမတန်းမှ မစမ်းသီတာ၏ ဖခင်အမည်မှန်မှာ ဦးမဟိန္ဒာရာ(ခ)ဦးထွန်းရွှေ ၁၃/နမတ(နိုင်)၀၀၀၂၈၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ (ထ-ခွဲ) အလက(၄)၊ အဋ္ဌမတန်း(C)မှ မောင်ဇင်မျိုးဝင်း၏ ဖခင်အမည်မှန်မှာ ဦးရဲမင်းဦး ၅/မရန(နိုင်)၁၈၀၉၉၀ ဖြစ်ပါသည်။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်မှ ဇော်မင်းလတ် ၅/မရန(နိုင်)၀၀၃၂၁၅ ၏ ဖခင်အမည်မှန်မှာ ဟီရှောင်(ခ)စိန်ဝင်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဟီရှောင်(ခ)စိန်ဝင်း**

## အမည်ပြောင်းခြင်း

ချောင်းဆုံမြို့နယ်၊ ရွာလွတ် အထက နဝမတန်း(B) မှ ဦးမြင့်သိန်း ၁၀/ခဆန(နိုင်)၁၁၀၃၇၂ ၏သမီး မိစီစီမာကို မိဇင်မာဦးဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၂၅၆၁၅၊ ANBO-125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းအောင် ၈/မလန(နိုင်)၀၅၇၇၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၈၁၄၇၁၊ Honda Dream -125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းမြင့် ၈/မကန(နိုင်)၀၀၂၃၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။**ကညန၊ တိုင်းရုံး(မကွေး)**

---

## အမည်ပြောင်းခြင်း

ဦးဌေးအောင် ၁၂/မဂတ(နိုင်)၀၃၄၁၈၁ ၏သား အထက(၂)ရန်ကင်း၊ အဋ္ဌမတန်း(B)မှ မောင်ထူးအောင်လင်းအား မောင်လင်းသက်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

---

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းမှာ လျှောက်ထားကြောင်း**

## အကြောင်းကြားစာ
**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ပြည်ခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၀**
**ကွယ်လွန်သူ ဒေါက်တာဦးစံကာ၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း**

ဒေါ်မြတ်လှချို၊ (ဘ) ဦးဘကျော်၊ အခန်း ၃၁၊ တိုက် ၁၇၊
ပြည်ရိပ်မွန်အိမ်ရာ၊ အမှတ်(၆)ရပ်ကွက်၊ ကမာရွတ်၊ ရန်ကုန်မြို့။

**လျှောက်ထားသူ**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၁၇၊ အခန်း(၁၃)နေ ဒေါ်မြတ်လှချိုက ကွယ်လွန်သူ ဒေါက်တာဦးစံကာ၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ ပြည်မြို့၊ ပန်းဘဲတန်းလမ်း၊ အမှတ် ၂၇၅နေ ကွယ်လွန်သူ ဒေါက်တာဦးစံကာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံ လက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါက်တာဦးစံကာ ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဇူလိုင် ၂၉ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်မြတ်လှချို၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇွန်လ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)**
**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်တရားရုံး၌**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂**

| | | |
|---|---|---|
| ဦးအောင်ဆန်းဦး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်ကိုဦး) | **နှင့်** | ၁။ မနှင်းယုလွင်၊ ၂။ ဒေါ်သိန်းကြည် ၃။ မခင်သန္တာ၊ ၄။ မခင်ဇာနည်ဆွေ အမှတ်(၁၁၂)၊ ၆-လွှာ၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပါအမှုမှ အမှတ်(၄) တရားပြိုင်ဖြစ်သော မခင်ဇာနည်ဆွေ အမှတ်(၁၁၂)၊ ၆-လွှာ၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ကွန်ပျူတာပစ္စည်းဖိုးငွေ ၅၁၄၃၂၄၀ိ/-(ငါးဆယ့်တစ်သိန်း လေးသောင်းသုံးထောင့်နှစ်ရာ့လေးဆယ်ကျပ်တိတိ)ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၁၅ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးမိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျောက်တံတားမြို့နယ်တရားရုံး**

---

**ပြင်ဆင်မှုလျှောက်လွှာကိုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်ရက်ကို**
**လျှောက်ထားခံရသူထံသို့**

## အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၂၄၄**

| | | |
|---|---|---|
| ဒေါ်တင်တင်စန်း(ခ)ဟုဆွေလှ | **နှင့်** | ဒေါ်ညွန့်ညွန့် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နန်းထားထားခင်) ပါ-၃ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်စွဲပါ ရှမ်းပြည်နယ် တရားလွှတ်တော်၊ တရားမပြင်ဆင်မှုအမှတ်-၇၀/၂၀၁၄ ၏ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ အမှတ်(၂) ဒေါ်နန်းဆိုင်နန်း (၎င်း၏တရားရုံးကိုယ်စားလှယ်စာရသူ ဒေါ်နန်းခမ်းဦး)၊ အမှတ်(၃) ဦးအိုက်စီ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးစိုင်းခမ်းအောင်) အမှတ်(၆/၂၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ တောင်ကြီးမြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ)သူများ သိစေရမည်။

ဤအမှုတွင် ရှမ်းပြည်နယ် တရားလွှတ်တော်၏အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်မေဘယ်လ်စံကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၁၅ခုနှစ် ဇူလိုင် ၂၁ရက် နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်ရှေ့နေကဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇွန် ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နိုင်စိုး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမ တရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်ရေးမှူးရုံး**

---

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**

## အကြောင်းကြားစာ
**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၄၂**

**ကွယ်လွန်သူ ဦးအေးသောင်း ၉/မနမ(နိုင်)၀၇၇၇၁၅ (ဘ) ဦးလိုက်ဆူးဟောင်၏ ဘဏ်၌စုဆောင်းငွေများအပေါ်တွင် အမွေဆက်ခံခွင့်ရလိုကြောင်း လျှောက်ထားမှု။**

ဒေါ်နန်းမြမေလေး
မြန်မာပြည်ကျောက်စိမ်းဖိနပ်ဆိုင်၊
၈၂လမ်း၊ ၃၁×၃၂လမ်းကြား၊
အကွက် ၁၅၇၊ ပုလဲငွေရောင်ရပ်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ **လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်၊ အကွက် ၁၅၇၊ ၈၂လမ်း၊ ၃၁လမ်း×၃၂လမ်းကြား၊ မြန်မာပြည်ကျောက်စိမ်းဖိနပ်ဆိုင်နေ ဒေါ်နန်းမြမေလေးက ကွယ်လွန်သူ ဦးအေးသောင်း၏ ဇနီးအရင်းဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးအေးသောင်းမှာ ကျန်ရှိသည့်ပစ္စည်းပိုင်အနက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာကိုရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအေးသောင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၅ခုနှစ် ဇူလိုင် ၁၃ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်နန်းမြမေလေး၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇွန် ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ခင်လှ)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း

**ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ်ကျော်ဝင်း (ငြိမ်း)**
**ဒုတိယဝန်ကြီး(ငြိမ်း)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**ကြည်း-၁၁၃၈၀၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၀)**
**အသက်(၆၈)နှစ်**

ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ်ကျော်ဝင်း(ငြိမ်း) အသက်(၆၈)နှစ်သည် ၃၀-၆-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့်ဇနီး ဒေါ်ခင်မျိုးငွေး မိသားစု**
**ပြန်ကြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်နီနီ**
**အသက်(၈၃)နှစ်**

စစ်တက္ကသိုလ်အပတ်စဉ်(၁)မှ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်နီနီသည် ၂၁-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးမောင်လတ်(ငြိမ်း)**
**စစ်တက္ကသိုလ်အပတ်စဉ်(၁)**
**ဗိုလ်မှူးမောင်စိုး(ငြိမ်း)**
**စစ်တက္ကသိုလ်အပတ်စဉ်(၂)**

## ဦးမိုးကျော်သူ

**Third Engineer**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City ၊ သစ်ခွလမ်းသွယ်-၄၊ အမှတ် O-130 နေ ဦးဝင်းမောင်-ဒေါ်ခင်ဆွေတင့်(Joyee)တို့၏ သားကြီး၊ (ဗိုလ်ရဲကျော်သူဝင်း)၊ ဒေါ်မေကျော်သူဝင်း၊ ဦးဝဏ္ဏကျော်သူဝင်း-ဒေါ်မြတ်မြတ်ထွန်း၊ ဒေါ်ကေခိုင်ကျော်သူဝင်းတို့၏အစ်ကိုကြီးသည် ၂-၇-၂၀၁၅ရက် နံနက် ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးချွန်လှိုင်ဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန) အသက်(၄၅)နှစ်သည် ၁-၇-၂၀၁၅ရက်တွင် မော်လမြိုင်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၁-၁၉၉၅ ကျောင်းဆင်း**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ သူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရဟ္မာ(ခ)**
**ဒေါ်စန်းစန်းခင်**
**ရွှေသမင်သစ်ရောင်းဝယ်ရေး**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၈၁၆နေ ဦးချစ်ခင်-(ဒေါ်နီ)တို့၏သမီးကြီး၊ [ဒေါ်ရဟုန် (ခ) ဒေါ်ဝေဝေခင်]၊ ဦးဇော်ဝင်း-ဒေါ်အေးအေးသန်း၊ ဦးခင်ဝင်း-ဒေါ်တင်တင်ဝင်း၊ ကိုဇော်မင်းထွန်း(ခ)ကိုတိုးတိုး၊ မသီတာလင်း(ခ)မီးမီးတို့၏အစ်မကြီး၊ မဖြူနှင်းစိုး(ခ)ပို့ပို့၏မိခင်၊ တူ၊တူမ လေးယောက်တို့၏အဒေါ်သည် ၁-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၇-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုညဏ်ဝင်း

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့နေ ဦးကံဝေ-ဒေါ်ချိုချိုမြင့်တို့၏သား၊ (ဦးအောင်မြင့်-ဒေါ်မေကြည်လှ)တို့၏သားသမက်၊ ဦးဝင်းမြင့်-ဒေါ်မြနွယ်ဝင်း၊ ဦးဝင်းမြင့်-ဒေါ်တင်တင်ကြည်၊ ဦးတင်ထွန်း၊ ဦးရွှေထွန်း၊ ဒေါ်သန်းသန်းထွေး၊ ဒေါ်စန်းစန်းဝင်း၊ ဦးကြည်လှိုင်-ဒေါ်အေးအေးခိုင်တို့၏တူ၊ ကိုကျော်စိုး-မမေဇာဇာခိုင်၊ကိုလင်းဝဏ္ဏ၊ ကိုဝေယံ၊ မမေသူဇာသွယ်၊ မဝေမာမြင့်၊ မဖြူမာမြင့်၊ ကိုပြည့်စုံအောင်မြင့်၊ ကိုအာကာအောင်မြင့်တို့၏အစ်ကို၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့၊ ၃၉×၈၆လမ်း၊ အကွက် ၂၇၉၊ ကုက္ကိုစုရပ်နေ မစံမဒီ၏ဖခင်၊ မချယ်ရီအောင်မြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့ အထက်ပါနေအိမ်မှ တောင်အင်း မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဗိုလ်မှူးချုပ်ချိုမောင်စိုး အသက်(၅၄)နှစ်

**ကြည်း-၂၀၈၀၇၊ OTS-75**
**B.E Mechanical (85 Batch)**

ရန်ကုန်မြို့နေ(ဦးဘစီ-ဒေါ်လှ)တို့၏သား၊ ဒုရဲမှူးဝင်းအိုင်(ငြိမ်း)-ဒေါ်စိန်စိန်တို့၏သားသမက်၊ နေပြည်တော်၊ ၄ဝါရိပ်သာနေ ဒေါ်ဝင်းမြတ်ခိုင်၏ခင်ပွန်း၊ မောင်ကျော်ခန့်၊ မခိုင်လဲ့ရည်နွယ်တို့၏ဖခင် ဗိုလ်မှူးချုပ်ချိုမောင်စိုးသည် ၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော်တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်၍ စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရုံ (စလင်း)**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ စကားဝါလမ်း၊ အမှတ် ၆နေ (ဦးစိုးမြင့်)၏ဇနီး၊ ဦးလီကျင်ဖီ၊ ဦးမျိုးလွင်၊ ဒေါ်ဆွေ့ရင်၊ ဦးလီရင်ဖီ-ဒေါ်ကျန်းရှောင်ဂျင်၊ ဦးမိုးဟိန်း-ဒေါ်ခင်ဆွေဦး၊ ဦးစန်းညိုအောင်-ဒေါ်ခင်မေဦး၊ ဦးဇော်လင်း-ဒေါ်ခင်ဝေဦး၊ ဦးအောင်သိန်း-ဒေါ်ခင်လင်းဦး၊ ဦးကျော်လင်း-ဒေါက်တာခင်ဝင်းဦး၊ ဒေါက်တာမြန်လင်း-ဒေါက်တာမြမြဝင်း၊ ဒေါ်ခင်မျိုးဦးတို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စံမေ (စစ်တွေ)**
**အသက်(၈၉)နှစ်**

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ဒု-ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒု-ဗိုလ်မှူးကြီးထွန်းငြိမ်း(ငြိမ်း) - ဒေါ်ခင်လှစိန် (သီဂီဓာတ်ခွဲခန်း)တို့၏မိခင် ဒေါ်စံမေ(စစ်တွေ)သည် ၂၇-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဝင်း-ဒေါ်မိမိတင်**
**'ဇော်ထက်ပိုင်'အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီ**
**'စိန်ရွှေထိပ်တန်း'ဆောက်လုပ်ရေးကုမ္ပဏီ**

## ဟာဂျီဒေါက်တာဦးစိုးမြင့် (ဟသ်ာတ)

**ပြည်နယ်ဒေသန္တရအရာရှိ(အနာကြီးရောဂါတိုက်ဖျက်ရေး)(ငြိမ်း)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၁၈လမ်း၊ အမှတ်(၇၂၃/ခ)နေ (ဦးပန်းတင်-ဒေါ်စောခင်)တို့၏သား၊ ဟာဂျီမဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဒေါ်ကေသီစိုး(စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်)၊ ဒေါ်နွယ်နီစိုး(TU-သန်လျင်)၊ ကိုမြတ်သူ-မကေးကေး(Hearty Ratten ကြိမ်ထည်လုပ်ငန်း)၊ ကိုဝင်းသူ(E/E V Ships)-မဝတ်ရည်မင်း၊ ဒေါက်တာအောင်သူစိုးမြင့်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ဖခင်၊ ဖွေးဖွေးထူးမြတ်သူ၊ အမရာထူးမြတ်သူ၊ အာဒမ်ဝင်းသူတို့၏ဘိုးဘိုးကြီးသည် ၃၀-၆-၂၀၁၅ရက် နံနက် ၁၀း၅၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၅း၃၀နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးပု**
**အသက်(၈၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ဈေးပိုင်းရပ်ကွက်နေ ဒေါ်ကျင်အေး(ပန်းသီးစတိုး)၏ခင်ပွန်း၊ ဒေါ်ခင်ဝင်း၊ ခနော်ဖြူမြို့နေ ဦးမျိုးလွင်-ဒေါ်တင်တင်ယု၊ ကျိုက်ထိုမြို့နေ ဦးဇော်ဝင်း-ဒေါ်အေးအေးစန်း၊ သနပ်ပင်မြို့နေ ဦးသန်းဝင်း၊ ဦးစိန်ဝင်း-ဒေါ်စန်းစန်းနုတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် သနပ်ပင်မြို့ အောက်စုသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့်

**အသက်(၆၉)နှစ်**

ဒေးဒရဲမြို့နေ (ဦးတိုး-ဒေါ်မြစော)တို့၏သားကြီး၊ (ဦးလှမောင်-ဒေါ်သိန်းရှင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်ပုလဲသွယ်လမ်း၊ အမှတ် ၃၇၄နေ ဒေါ်မြသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်ကျော်ဇေမင်း-ဒေါ်စောစန္ဒာဦး(အထက-၁၊ဒဂုံအရှေ့)၊ဦးသက်နိုင်စိုး (လက်ထောက်မန်နေဂျာ၊ ၉၁ သစ်စက်၊ ပဲခူးတိုင်းဒေသကြီး)-ဒေါက်တာ ဒေါ်အေးအေးမင်း (လက်ထောက် ကထိက၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ မရွှေရွှေဝင်းတို့၏ဖခင်၊ မြေး သုံးယောက်တို့၏ အဘိုးသည် ၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၁၅ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ဝင်းရီ

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ တပ်မြေရပ်ကွက်၊ မြခွာညိုလမ်း၊ အမှတ် ၂၄၊ ပထမထပ်နေ (ဦးအောင်နီလန်ယုံ - ဒေါ်ဝေရှု)တို့၏ သားကြီး၊ ဒေါ်ကျင်စိန်မွေး၏ခင်ပွန်း၊ မဇင်မျိုးသက် (ဝါဝါဝင်းကုမ္ပဏီ)၊ မသင်းသင်းနွယ်၊ မောင်ဆန်းသော်တို့၏ဖခင်သည် ၂-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၇-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စောယုဝေ(ခ)Lilian

**(ကွတ်ခိုင်မြို့)**
**အသက်(၆၄)နှစ်**

ကွတ်ခိုင်မြို့နေ (ဦးလီတာယု-ဒေါ်ချစ်မေ)တို့၏သမီး၊ U.S.A နေ Richard Couch ၏ဇနီး၊ ဦးသိန်းအောင်-ဒေါ်အိုင်းရင်းတို့၏အစ်မ၊ Polly Pale ၏ ချစ်လှစွာသောမိခင်၊မောင်နွေဦး-မစိမ်းဝါဝါလွင်၊ စိုင်းထွန်းလိုင်း၊ စိုင်းလွင်အေးဆွေတို့၏အဒေါ်သည်၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၁၀နာရီတွင် U-8 မြကန်သာလမ်း၊ Asian Villa အိမ်ရာဝင်း၊ ပိတောက်ချောင်း၊ လှိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှကြီး (တူးချောင်း)

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ အမှတ် ၁၀၄နေ (ဦးထွန်းရင်-ဒေါ်သိန်းတင်)တို့၏သား၊ (ဒေါ်သောင်း)၏ခင်ပွန်း၊ Capt တင့်လွင်-ဒေါ်ခင်ခင်နွဲ့၊ (ဒေါ်ရီရီမြင့် - ဗိုလ်မှူးတင့်လွင်)၊ Capt. ကျော်ငွေး(Liz Star Co.,)-ဒေါ်သန်းသန်းနွယ်တို့၏ဖခင်ကြီး၊ မောင်သုတလွင်(M.C.C)၊ မဆုနှင်းလွင်(Grade-8, TTC)တို့၏ဘိုးဘိုးကြီး၊ (ဦးကြည်လှိုင် - ဒေါ်သိန်းရွှေ)တို့၏အစ်ကိုကြီးသည် ၂၉-၆-၂၀၁၅ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ဆေးတက္ကသိုလ်(၁) ရန်ကုန်မြို့သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်ဒါယကာကြီး

**ဦးပွား(ခ)ဦးအောင်မြင့်**
**အသက်(၈၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ မယင်းကူးကျေးရွာအုပ်စု၊ မယင်းကူးကျေးရွာနေ (ဦးငြိမ်းမောင်-ဒေါ်ရင်ရွှေ)၊ ဦးတင်သောင်း-ဒေါ်မြနွဲ့၊ (ဦးတင်သိန်း-ဒေါ်အုံးရီ)၊ ဦးမြသိန်း-ဒေါ်ပြုံးရီ၊ ဦးမြင့်ရွှေ-ဒေါ်ငွေးအောင်၊ ဦးစိုးလင်း - ဒေါ်ကြည်ကြည်ဝင်း၊ ဦးဇော်ထွန်း-ဒေါ်ခင်မွေး၊ ဦးဝင်းလှိုင်-ဒေါ်ကြည်ကြည်ဝင်းတို့၏ဖခင်၊ မြေး ၂၅ယောက်၊ မြစ် ၁၇ယောက်တို့၏အဘိုး၊ ဒေါ်ခင်အေး၏ခင်ပွန်းသည် ၁-၇-၂၀၁၅ရက် ညနေ ၃နာရီတွင် သဃ်ာန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**ဟာဂျီဆရာဦးမူဆာ(ဓာတု)**
**ရမည်းသင်းမြို့**
**အသက်(၇၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နေ ဦးA ရာမန်-ဒေါ်ဇိုင်သွန်းဘီတို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ကုန်ဈေးတန်းလမ်း၊ အမှတ် ၁၃၉ (တတိယထပ်)နေ (ဒေါ်မိုရာသီ)၏ခင်ပွန်း၊ ဟာဂျီဦးခင်မောင်သန်း-ဟာဂျီမ ဒေါ်အေးအေးခိုင်တို့၏ဖခင်၊ (ဒေါ်အာရှာဘီ)၊ ဦးအီစာ၊ ဒေါ်ဖွာတေမာဘီတို့၏ညီ/မောင်၊ ကိုတင့်ဆွေ၊ မသီတာချိုတို့၏ဦးလေး၊ မောင်ခင်မောင်ဦး၊ မယုယုခိုင်၊ မယုလှိုင်ထွေးတို့၏အဘိုးသည် ၂၉-၆-၂၀၁၅ရက် ည ၁၁နာရီတွင် ရမည်းသင်းမြို့နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၆-၂၀၁၅ရက် ဇဟိုရ်နမားဇ်အပြီးတွင် ရမည်းသင်းမြို့ ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

**ဒေါ်ခင်မာငွေး**
**အထပြ၊ပြည်လမ်း၊ TTC (ငြိမ်း)**
**အမက(၁၂)ရန်ကင်း**
**အလက(၅)ရန်ကင်း**
**အသက်(၆၇)နှစ်**

နတ်တလင်းမြို့နေ (ဦးခင်မောင်ဟန်-ဒေါ်သန်း)တို့၏သမီး၊ (ဦးခင်မောင်ဝင်း)-ဒေါ်စိန်မြင့်တို့၏ညီမ၊ဦးစံလွင်-(ဒေါ်ခင်ငွေးမြင့်)၊ ဦးခင်မောင်အေး-ဒေါ်မော်မော်ဝေ၊ ဦးခင်မောင်ကျော်-ဒေါ်မြင့်မြင့်စိန်တို့၏အစ်မ၊ တူ၊တူမ ၁၂ယောက်တို့၏အဒေါ်၊ မြေးကိုးယောက်တို့၏အဘွား၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ (၂)ရပ်ကွက်၊ အမှတ် ၂၅၆၊ အခန်း ၁၄နေ ဒေါ်ခင်မာငွေးသည် ၂-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် အင်းစိန်မြို့နယ် ကွယ်သဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ တံတား ဒါယိကာမကြီး

**ဒေါ်ဒေါ်ငယ်**
**အသက်(၁၀၀)**

မန္တလေးမြို့၊ စိတ္တရမဟီရပ်၊ ၂၆ ဘီလမ်းနှင့် ၇၅လမ်းထောင့်၊ အမှတ် ၉၇-၉၈နေ (ဦးဝင်းမြင့်-ဒေါ်သန်းသန်း)၊ ဦးတင်ဖေ-(ဒေါ်စန်းစန်း)၊ (ဦးမြသန်း)-ဒေါ်သန်းသန်းလှ၊ ဦးတင်မြင့်-ဒေါက်တာဒေါ်ကြည်ကြည်စိန်၊ ဦးချစ်တူး-ဒေါ်ကြည်ကြည်ဝင်း၊ ဦးအောင်မင်း-ဒေါ်ကြည်ကြည်လင်းတို့၏မိခင်၊ (ဦးဘစိန်၊ ကြံတိုင်းအောင်လွယ်အိတ်)၏ဇနီး၊ မြေး ၁၄ယောက်၊ မြစ် ၁၃ယောက်တို့၏ဘွားဘွားကြီးသည် ၁-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှမြင့် (လသာလမ်း)

**နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၆လမ်း၊ အမှတ် ၁၁၄/၁၁၆(မြေညီထပ်)နေ (ဦးစိန်ညန်-ဒေါ်စန်းရင်)တို့၏သား၊ [ဦးမောင်မောင်မြင့်(လသာမြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်)]၊ (ဒေါ်လှသိန်း)၊ (ဦးခင်ကြိုင်)-ဒေါ်စိန်စိန်တို့၏မောင်၊ (ဒေါ်မြသိန်း)၊ ဦးမောင်မောင်သိန်း(ကြေး-၁၊ ငြိမ်း)၊ ဦးစံမြင့်(ကုန်သွယ်ရေး၊ ငြိမ်း)-(ဒေါ်ရင်မြ)၊ ဒေါ်လှမြင့်တို့၏အစ်ကို၊ ဦးချိုသင်း(မြန်မာ့စာတိုက်၊ ပြည်ပစာပို့)-ဒေါ်ဇာလွင်ဦး(မြန်မာ့စာတိုက်၊ ပြည်ပစာပို့)၊ တူ၊ တူမ ၁၅ယောက်တို့ဘကြီး၊ မောင်အောင်ကောင်းမြတ်၏အဘိုးသည် ၁-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးဘချို (မြောက်ဦး)**
**လ/ထ မန်နေဂျာ(ငြိမ်း)**
**မြန်မာ့စီးပွားရေးဘဏ်ခွဲ-၂၊ ရန်ကုန်**
**အသက်(၈၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၈(E)ရပ်ကွက်၊ ဇာဒက်ကြီးကျွန်းလမ်း၊ အမှတ် ၃နေ (ဦးဝါခိုင်-ဒေါ်ယက်သဲဖြူ)တို့၏သား၊ (ဦးဘက်ကား - ဒေါ်ကြာဇံလှ)တို့၏သားသမက်၊ ဒေါ်အောင်မြခိုင်(ခ)ဒေါ်အေးသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်ချို(ဒုကြီးမှူး၊ ငြိမ်း၊ ဘဏ်တွင်းစာရင်းစစ်ဌာန၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်)၊ ဒေါက်တာထွန်းနိုင်ချို(Australia)၊ ဦးမြတ်သူ-ဒေါ်ခင်အေးချို(Australia)၊ ဦးသက်ဇော်(Shin Yang Shipping Sdn-Bhd)-ဒေါ်ရီရီချိုတို့၏ဖခင်သည် ၂-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၅ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးချစ်စံ(ခ)နိုင်ချစ်ဆိုင်**
**ရွာလွတ်ရွာ၊ ဘီလူးကျွန်း၊ ကျိုက်သီမွန်ကျောင်းဒါယကာကြီး**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၇၇/၇၉နေ(ဦးပန်းယုံ-ဒေါ်သဲနု)တို့၏သား၊ ဒေါ်မိအုန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ မင်းကျော်ညွန့်-မိသူဇာလှိုင်၊ မင်းဟံသာထော-မိမြမြသန်း၊ ဗညားကောနန်-မနွယ်နွယ်ဝင်း၊ မိမြစန္ဒာ၊ ဗညားထောသွန်တို့၏ ချစ်လှစွာသောဖခင်၊ မင်းသိုက်ဆန်း၊ မိဇာခြည်မွန်၊ မိဇွန်ပါသွန်း၊ ဗညားအုပ်စိုးပိုင်၊ ဗညားအောင်ထက်ပိုင်တို့၏ ဘိုးဘိုး၊ ဗိုလ်မှူးကြီးအောင်ငြိမ်း(ငြိမ်း)-ဒေါ်မိခင်သန်း၊ နိုင်ဘစန်း-ဒေါ်မိမြင့်ကြည်၊ ဒေါ်မိခင်လှတင်(ငြိမ်း)၊ ဦးမင်းတင်ရွှေ (ငြိမ်း) - ဒေါ်မိမြင့်မြင့်သောင်းတို့၏ အစ်ကိုသည် ၂-၇-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက်၄း၃၀နာရီတွင် ရန်ကုန်မြို့ (ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## စလင်းမြို့နယ်အသင်း(ရန်ကုန်)

**ဒေါ်ရုံ**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊အေးရိပ်မွန်အိမ်ရာ၊ စကားဝါလမ်း၊ အမှတ် ၆နေ (ဦးစိုးမြင့်)၏ဇနီး၊ စလင်းမြို့နယ် အသင်းရာသက်ပန်အသင်းဝင်နှင့် သက်ကြီးကန်တော့ခံဖြစ်သူသည် ၁-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်အပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဦးအေးကြင် (မြိတ်)

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ် ၁၈၁နေ (ဦးဂွမ်ဟို-ဒေါ်လှရီ)တို့၏သားကြီး၊ ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ကိုင်းတန်းလမ်း၊ အမှတ် ၅၆နေ (ဦးရွှေ-ဒေါ်မြသန်း)တို့၏သားသမက်၊ ဒေါ်အေးအေးလွင်၊ ဒေါ်မြင့်မြင့်လွင်၊ ဦးအေးရှင်၊ ဒေါက်တာဒေါ်ရီရီလွင် (ဓာတ်မှန်ဆရာဝန်ကြီး)၊ ဦးမောင်မောင်၊ ဦးလှဝေ၊ ဒေါ်ခင်ချိုလွင်တို့၏ အစ်ကိုကြီး၊ ဒေါ်ကြည်ကြည်မြ၏ အစ်ကို၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ မောင်နိုင်လင်း၊ ဒေါက်တာလင်းထက်အောင်တို့၏ဖခင်သည် ၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) အမေရိကန်စံတော်ချိန် ညနေ ၃း၁၉နာရီတွင် အမေရိကန်နိုင်ငံ North Carolina ပြည်နယ်၊ Charlotte မြို့ရှိ Carolina Healtcare System Pinevilla Hospital ၌ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## Nu Hau Suan Cing

**(ခ) Cing Nu**
**အသက်(၆၀)**

ချင်းပြည်နယ်၊ တွန်းဇန်မြို့နေ (Pu Khawl Khaw Thang - Pi Man Ngaih Cing)တို့၏သမီး၊ ချင်းပြည်နယ်၊ တွန်းဇန်မြို့နယ်၊ မွာလ်ပီးကျေးရွာနေ(Pu Thang Khen Zam-Pi Gin Suan Cing)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ အေ-ဘလောက်၊ ၄ဝါလမ်း၊တိုက် ၂၊ အခန်း ၁၀၃နေ Rev: Dr Tun Go Lian ၏ ချစ်လှစွာသောဇနီး၊ Pa Zam Lam Khai - မပြုံးဝေကို (ခ) Cing Sian Dim, Pa Thang Suan Mang-Nu Cing Khaw Hau, Thang Hau Deih Piang, Taang Dal Sian Lian Thawn,Lia Cing Sian Lim Nuam, Pa Ngaih Lam Thang- မဆုရည်ဝင်းလွင်၊ Taang Dal Khan Kim တို့၏မိခင်၊ ဒုအရာခံဗိုလ်နိမ်းဆွင်းဒါလ်း(ငြိမ်း)၏ညီမ၊ ဒေါ်ညောင်းခန့်ဝုန်(ကလေးမြို့)၏အစ်မသည် ၁-၇-၂၀၁၅ရက် နံနက် ၁၁း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၇-၂၀၁၅ရက် ညနေ ၃နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော် (ရေဝေး)ခန်းမဆောင်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် NHKသတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြား

## ဒုတိယသက်တမ်းနှင့်ပတ်သက်ပြီး တိုင်းပြည်အခြေအနေ၊ ပြည်သူများ၏ဆန္ဒတို့အပေါ်မူတည်ပြီး ဆုံးဖြတ်သွားမည်၊ ပြည်သူများက ဆန္ဒရှိခဲ့လျှင် အလေးအနက်ထားစဉ်းစားမည်

စာ - ၈

# အာရှယူ -၁၉ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု (G) ပွဲစဉ်များ မြန်မာနိုင်ငံကျင်းပခွင့်ရရှိ



၂၀၁၄ အာရှ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။

ဓာတ်ပုံ- ဖိုးသော်ဇင်

ရန်ကုန်   ဇူလိုင်   ၂

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှ ယူ-၁၉ ဘောလုံးပြိုင်ပွဲ အုပ်စု (G) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့် ရရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစစ်ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် တောင်းဆိုခဲ့ရာ ဇူလိုင် ၂ ရက်တွင် အာရှဘောလုံး အဖွဲ့ချုပ်က ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အာရှ ယူ -၁၉ ပြိုင်ပွဲဝင်ခွင့်ရရှိမည့် ခြေစစ်ပွဲများကို အုပ်စု(၁၀) စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စု (G) တွင် ဗီယက်နမ်၊ ဟောင်ကောင်၊ ဘရူနိုင်း၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။ အဆိုပါ ခြေစစ်ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ တစ်ရက်လျှင်နှစ်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲများကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ စက်တင်ဘာ ၃၀ ရက်တွင် ဘရူနိုင်း၊ အောက်တိုဘာ ၂ ရက်တွင် တီမော၊ အောက်တိုဘာ ၄ ရက်တွင် ဟောင်ကောင်၊ အောက်တိုဘာ ၆ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၆ ❍

# ဂျပန်-မဲခေါင် ယူ -၁၅ ပြိုင်ပွဲ အုပ်စုပွဲစဉ်များယှဉ်ပြိုင်

တိုကျို   ဇူလိုင်   ၂

ဂျပန်-မဲခေါင် ယူ -၁၅ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇူလိုင် ၂ ရက်က ဂျပန်နိုင်ငံ၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာယူ -၁၅ အသင်းမှာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ယမန်နေ့က ယှဉ်ပြိုင်ကစားသည့် အဖွင့်ပွဲတွင် ဟီရိုရှီးမားအသင်းကို အနိုင်ရခဲ့သော်လည်း ယနေ့ယှဉ်ပြိုင်သည့် ပွဲစဉ်များတွင် လာအိုအသင်းနှင့် တစ်ဂိုးစီ သရေကျကာ ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များအပြီးတွင် ရမှတ် လေးမှတ်ဖြင့် အုပ်စုတတိယနေရာသာ ရရှိခဲ့သောကြောင့် ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အဆင့်(၅)နေရာလုပွဲသာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အဆင့်(၅)နေရာလုပွဲတွင် ဂျပန်ကလပ် ကိုဘေးလူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။   ဖိုးသော်ဇင်

## မိုးရွာမည်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။   (မိုး/ဇလ)

အိုင်အက်စ်တို့အား အမြစ်ပြုတ်တိုက်မည်ဟု အီဂျစ်အစိုးရတပ်များ သန္နိဋ္ဌာန်ချထား

စာ-၄

မိုးနည်းမှုကြောင့် မိုးသောက်လယ်စိုက်ပျိုးရန် တောင်သူများ အခက်အခဲကြုံတွေ့

စာ-၁၁

# ဂျပန်အသင်းဗိုလ်လုပွဲတက်၊ ပြိုင်ဘက်အသင်းဟောင်း အမေရိကန်နှင့်တွေ့ဆုံ

ရန်ကုန်   ဇူလိုင်   ၂

ဖီဖာအမျိုးသမီးကမ္ဘာ့ဖလား ၂၀၁၅ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ကြာသပတေးနေ့နံနက်ပိုင်းက ဂျပန်နှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျပန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဂျပန်အသင်းသည် အရပ်အမောင်းကွာသော်လည်း လျင်မြန်စွာထိုးဖောက်ကစားရာမှ ပွဲချိန် ၃၃ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရပြီး မီရာမာက ဂျပန်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။

အင်္ဂလန်အသင်းသည် ချေပဂိုးရရန် ပြန်လည်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန်မိနစ် ၄၀ တွင် ပယ်နယ်တီကန်ခွင့်ပြန်လည်ရရှိကာ ဝီလီယံက ချေပဂိုးသွင်းယူပေးခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒



ဂျပန်အမျိုးသမီးဘောလုံးအသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

# မြန်မာ့အလင်း
# လူမှုစီးပွားအားကစား




၂၀၁၅ခုနှစ်၊ ဇူလိုင် ၃ ရက်၊ သောကြာနေ့။

လူမှုစီးပွား

**ဒေသနေပြည်သူများအတွက် စာကြည့်တိုက်၊ အားကစားကွင်းနှင့် ပန်းဥယျာဉ်တည်ဆောက်**

စာ - ၄



လူမှုစီးပွား

**ပခုက္ကူ၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ**

စာ - ၅



# စောင့်ကြည့်ရမည့် ရော်ဂျာ၏ ပြုပြင်ပြောင်းလဲမှု



ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီ လီဗာပူးဟာ တိုက်စစ်ပိုင်းအပြောင်းအလဲဖြစ်တယ်။ ဆွာရက်ဇ် အထွက်မှာ ရော်ဂျာဟာ ဘာလော့တယ်လီ၊ လမ်းဘတ်နဲ့ မာကိုဗစ်တို့ကိုခေါ်ပြီး ပြန်တည်ဆောက်တယ်။ ဒါပေမယ့် ဘာလော့တယ်လီ၊ လမ်းဘတ်တို့ခြေစွမ်းမပြနိုင်မှု စတာရစ်ဒဏ်ရာရရှိမှုတွေနဲ့အတူ ရော်ဂျာရဲ့ပြုပြင်ပြောင်းလဲမှုက အရာမထင်ဘူး။ စုစုပေါင်း ၃၅ ပွဲမှာ ၅၂ ဂိုးသာသွင်းနိုင်မှုနဲ့အတူ ထိပ်ဆုံးခုနစ်သင်းထဲမှာ ရဂိုးအနည်းဆုံးအသင်းဖြစ်သလို အဆင့် ၅ နေရာသာရခဲ့တော့။ အခုအဲဒီအတွက် ဒီနွေဈေးကွက်မှာ ရော်ဂျာဟာ သူ့ရဲ့တိုက်စစ်ပိုင်းကို ထပ်မံပြုပြင်ပြောင်းလဲမှုလုပ်တယ်။ အသင်းကထွက်ဖို့ တာစူနေတဲ့ စတာလင်း၊ ခြေစွမ်းမပြနိုင်တဲ့ ဘာလော့တယ်လီ၊ လမ်းဘတ်တို့နေရာမှာ အစားထိုးမှုတွေလုပ်တယ်။ ပထမ ဘန်လေတိုက်စစ်မှူး ဒန်နီအင့်စ်ကို အလွတ်နဲ့ခေါ်တယ်။ နောက်ဟော့ဖန်ဟိန်းက ဘရာဇီးတိုက်စစ်မှူး ဖာမီနိုကို ပေါင် ၂၉ သန်းနဲ့ ခေါ်ပြန်တယ်။ ဒါ့အပြင် မနှစ်က ခေါ်ထားပြီး အငှားပြန်ချထားတဲ့ လိုင်လီတိုက်စစ်မှူး အိုရီဂျီက လည်းရောက်လာဦးမှာဖြစ်သလို နောက်ထပ်လည်း ဘန်တီကီနဲ့ ကားလို့စ်ဘက္ကာတို့နှစ်ဦးအနက်က တစ်ဦးဦးထပ်ခေါ်ဖို့လည်း စီစဉ်နေတာဆိုတော့။ ဒီတစ်ကြိမ်မှာလည်း ရော်ဂျာရဲ့ပြုပြင်ပြောင်းလဲမှု အရာထင်နိုင်ပါ့မလား။ အားလုံးက စိတ်ဝင်တစားရှိကြတယ်။

အထူးသဖြင့်ပေါ့။ လက်ရှိလီဗာပူးတိုက်စစ်ဇုန်ထဲ အသစ်ပေါင်းဖက်ဝင်လာသူတွေနဲ့ထပ်မံဝင်လာနိုင်ဖွယ်ရှိသူတွေ အားလုံးက ပင်ကိုအရည်အချင်းရှိသူတွေဆိုတာကို အားလုံးက လက်ခံယုံကြည်ကြတယ်။ အဓိကအားဖြင့် နောက်ဆုံးခေါ်ယူလိုက်တဲ့ ဖာမီနိုဆိုရင် ထိပ်တန်းအဆင့်ထဲကမဟုတ်ဘူးဆိုသော်ငြား မက်လောက်တဲ့စွမ်းဆောင်နိုင်မှုတွေရှိတယ်။ ပြောရရင် ရော်ဂျာဟာ ဖာမီနိုကို အသင်းကထွက်ဖို့တာစူနေတဲ့ စတာလင်းရဲ့နေရာမှာ အစားထိုးဖို့ခေါ်တာလို့ အကောက်အယူလုပ်ကြတာနဲ့အမျှ ဖာမီနိုနဲ့စတာလင်းကို နှိုင်းယှဉ်ကြည့်ကြတော့ မကွာလှတဲ့အပြင် စတာလင်းကတောင် နည်းနည်းလေးနိမ့်တာတွေ့ကြရတယ်။

**စာမျက်နှာ ၂ သို့**







မြန်မာ့အလင်း
၃-၇-၂၀၁၅ (သောကြာနေ့)

# ရာသီသစ်နဲ့အတူ စိတ်ဝင်စားစွာ စောင့်ကြည့်ရမယ့် နယူးကာဆယ်မန်နေဂျာသစ် မက္ကလာရင်

**တစ်ချိန်တုန်းက အောင်မြင်မှုပေါင်းများစွာနဲ့အတူ ကျော်ကြားခဲ့တဲ့ နယူးကာဆယ်အသင်း။ အခုတော့ တစ်နှစ်ပြီးတစ်နှစ် အဲဒီအောင်မြင်မှုရဲ့အရောင်တွေဟာ မှေးမှိန်ပျောက်ကွယ်ခဲ့ပြီး ပရီမီယာလိဂ်ရဲ့အောက်ဆုံး တန်းဆင်းရမယ့် အသင်းတွေစာရင်းတောင် ဝင်နေပြီလို့ ဆိုရမှာပါ။ ဒါတွေဟာ လက်ရှိအချိန်မှာ နယူးကာဆယ်အသင်းရဲ့ ဘယ်သူမှငြင်းဆန်လို့မရတဲ့ ပြယုဂ်လည်းဖြစ်ပါတယ်။**

◆ အောင်က ◆

နယူးကာဆယ်ဟာ တစ်ချိန်ကဆိုရင် ကြီးကျယ်ခမ်းနားမှုတွေနဲ့ ပရိသတ်အားပေးမှုတွေကြောင့် ဥရောပရဲ့ ထင်ရှားတဲ့ အသင်းအတစ်သင်းအဖြစ် ရှိနေခဲ့ပါတယ်။ ဒါပေမယ့် အသင်းရဲ့ တစ်ဆစ်ချိုးပြောင်းလဲချိန်ကတော့ အသင်းရဲ့ အားကစားဒါရိုက်တာ မိုက်အက်ရှ်လေဟာ အသင်းရဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်းကစတယ်လို့ ပြောရမှာပါ။ အဲဒီကတည်းက အသင်းရဲ့ အခြေအနေနဲ့ ပရိသတ်အားပေးမှုတွေဟာ ပိုမိုကျဆင်းလာခဲ့တယ်လို့ ပြောရမှာပါ။



နယူးကာဆယ်အသင်းဥက္ကဋ္ဌနေရာကို မိုက်အက်ရှ်လေ ရယူပြီးနောက်ပိုင်း သူ့ရဲ့ အသင်းအပေါ် ကိုင်တွယ်မှု ညံ့ဖျင်းမှုတွေကြောင့် နယူးကာဆယ်အသင်းရဲ့ ကစားသမားတွေကလည်း အသင်းမှာ ကစားရတာကို မပျော်ရွှင်တော့ပါဘူး။ အဲ့ဒီလိုပါပဲ။ ပရိသတ်တွေကလည်း အသင်းရဲ့ပွဲတွေကို သွားရောက်မကြည့်ချင်တော့လောက်အောင်ကို စိတ်ပျက်မှုတွေဖြစ်နေခဲ့ပါတယ်။ အဲ့ဒီလိုဖြစ်ရတဲ့ အဓိကအကြောင်းတစ်ခုကလည်း အသင်းပိုင်ရှင် မိုက်အက်ရှ်လေအနေနဲ့ အသင်းအပေါ် ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့ စိတ်မဝင်စားလို့ပါပဲ။

ဒါ့အပြင် ပြီးခဲ့တဲ့ရာသီကိုကြည့်မယ်ဆိုရင်လည်း နယူးကာဆယ်အသင်းကို တာရှည်စွာကိုင်တွယ်ခဲ့တဲ့ မန်နေဂျာအလန်ပါဂျူးကလည်း အသင်းနဲ့ အဆင်မပြေမှုတွေကြောင့် ဇန်နဝါရီမှာ အသင်းကနေ ထွက်ခွာသွားခဲ့ပါတယ်။ ဒါတွေဟာ အသင်းရဲ့ဥက္ကဋ္ဌ မိုက်အက်ရှ်လေ မန်နေဂျာ အလန်ပါဂျူးတို့ရဲ့ကြားမှာ ဖြစ်ပေါ်ခဲ့တဲ့ အဆင်မပြေမှုတွေကြောင့်လည်းဖြစ်ပါတယ်။ ဒါ့အပြင် ရာသီအစကတည်းက အသင်းရဲ့ရလဒ်တွေ ဆိုးရွားနေမှုတွေကြောင့် ပရိသတ်တွေရဲ့ ဖိအားပေးတောင်းဆိုမှုတွေကလည်း အလန်ပါဂျူးအသင်းကနေ ထွက်ခွာစေခဲ့တဲ့ အကြောင်းတရားတစ်ခုလည်း ဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ အလန်ပါဂျူး အသင်းကနေ ထွက်ခွာသွားခဲ့ပြီးနောက်ပိုင်းမှာ မန်နေဂျာသစ် ထပ်မံခန့်အပ်ခဲ့ခြင်းမရှိဘဲ အသင်းရဲ့ ယာယီနည်းပြ ဂျွန်ကာဗာကိုပဲ အသင်းကိုရာသီကုန်အထိ ကိုင်တွယ်စေခဲ့ပါတယ်။ ဒါကြောင့်လည်း နယူးကာဆယ်အသင်းဟာ အတွေ့အကြုံမရင့်ကျက်တဲ့ ယာယီမန်နေဂျာသစ်ရဲ့ လက်အောက်မှာ အောင်မြင်မှုတွေ ခန်းခြောက်ခဲ့ရပါတယ်။ နယူးကာဆယ်အသင်းဟာ ပြီးခဲ့တဲ့နှစ် ရာသီကုန်ခါနီးအထိ တန်းဆင်းဇုန်မှာ ကပ်နေပြီး ရာသီကုန်ခါနီးမှသာ ဝက်စ်ဟမ်းအသင်းကို အနိုင်ရခဲ့ပြီး တန်းတင်ကျန်ရစ်ခဲ့တာလည်းဖြစ်ပါတယ်။ နယူးကာဆယ်လို အသင်းမျိုးအနေနဲ့ အဲဒီလိုအခြေအနေမျိုးတွေ ရင်ဆိုင်နေရတာကို ပရိသတ်တွေအနေနဲ့ ဘယ်လိုမှ မခံစားနိုင်တဲ့အတွက် အသင်းအပေါ်ကို ဒေါသူပုန်ထပြီး ဆန္ဒပြမှုတွေတောင် ရှိလာခဲ့ပါတယ်။ ဒါ့အပြင် အသင်းအပေါ် တန်ဖိုးထားခြင်း မရှိတာတွေအပြင် ရင်းနှီးမြှုပ်နှံမှုတွေထပ်မလုပ်တဲ့ အသင်းပိုင်ရှင် မိုက်အက်ရှ်လေကိုလည်း ပရိသတ်တွေက ဆန္ဒပြခဲ့ကြပါတယ်။

ဒါကြောင့်လည်း အသင်းရဲ့ပိုင်ရှင် မိုက်အက်ရှ်လေဟာ အသင်းယာယီနည်းပြ ဂျွန်ကာဗာကို ဖိအားပေးပြီး ပရိသတ်တွေရဲ့ အချစ်တော်လို့ပြောလို့ရတဲ့ အသင်းရဲ့ ကစားသမား ဂူတာရက်ကို အသင်းမှာ ပြန်လည်ကစားစေခဲ့ပါတယ်။ ဂူတာရက်ဟာ ကင်ဆာရောဂါကြောင့် အသင်းမှာ အနားယူခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ရာသီကုန်ခါနီးမှသာ အသင်းမှာ ပြန်လည်ကစားနိုင်သူလည်းဖြစ်ပါတယ်။ ဂူတာရက်အသင်းမှာ ပြန်လည်ကစားစေခဲ့ပေမယ့် အသင်းပိုင်ရှင် မိုက်အက်ရှ်လေအပေါ် ပရိသတ်တွေရဲ့ အမြင်တွေကတော့ ကြည်လင်ခြင်းမရှိခဲ့ပါဘူး။

ဒါကြောင့်လည်း နယူးကာဆယ်အသင်းဟာ ပြီးခဲ့တဲ့ ရာသီအကုန်ကတည်းက ပရိသတ်တွေနှစ်သက်မှုရှိမယ့် မန်နေဂျာသစ်တစ်ဦး ခန့်အပ်ဖို့ ပြင်ဆင်နေခဲ့ပါတယ်။ ဒါကြောင့်လည်း အသင်းရဲ့ မန်နေဂျာနေရာအတွက် ပက်ထရစ်ဗီယာရာကဲ့သို့ နာမည်ကြီး နည်းပြတွေကိုလည်း ခန့်အပ်ဖို့စဉ်းစားခဲ့ပါတယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ အင်္ဂလန်မန်နေဂျာဟောင်း မက္ကလာရင်ကိုပဲ ခန့်အပ်လိုက်ပါတယ်။ မက္ကလာရင်ဟာ မန်နေဂျာလောကမှာတော့ နာမည်တစ်လုံးနဲ့ ရပ်တည်နိုင်ခဲ့တဲ့သူဆိုတော့ နှစ်ပေါင်းများစွာကြာအောင် ဆိုးရွားနေတဲ့ နယူးကာဆယ်အသင်းကို အပေါင်းလက္ခဏာဆန်လာအောင် ပြောင်းလဲနိုင်အောင် လုပ်ဆောင်နိုင်မလားဆိုတာကလည်း စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

> “ မက္ကလာရင်ဟာ မန်နေဂျာလောကမှာတော့ နာမည်တစ်လုံးနဲ့ ရပ်တည်နိုင်ခဲ့တဲ့သူဆိုတော့ နှစ်ပေါင်းများစွာကြာအောင် ဆိုးရွားနေတဲ့ နယူးကာဆယ်အသင်းကို အပေါင်းလက္ခဏာဆန်လာအောင် ပြောင်းလဲနိုင်အောင် လုပ်ဆောင်နိုင်မလား ”

မက္ကလာရင်ဟာ ၂၀၀၆-၀၇ ခုနှစ်က အင်္ဂလန်အသင်းကို ကိုင်တွယ်ခဲ့သလို အက်ဖ်စီတွမ်တီးအသင်းအပါဝင် နိုင်ငံခြားကလပ်အသင်းများစွာကိုလည်း ကိုင်တွယ်ခဲ့သူဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့မေလကမှ ဒါဘီအသင်းကနေထွက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်သူ့လို အတွေ့အကြုံရင့်ကျက်တဲ့ မန်နေဂျာတစ်ဦးအနေနဲ့ နယူးကာဆယ်အသင်းကို ဥရောပအသင်းတွေကြားမှာ ပြန်လည်ဝင့်ကြွားနိုင်ဖို့အတွက် ကြိုးစားပေးနိုင်မလားဆိုပြီး လူတိုင်းက စိတ်ဝင်စားစွာ စောင့်ကြည့်နေတာလည်း ဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ လွန်ခဲ့တဲ့ ငါးနှစ်၊ ခြောက်နှစ်အတွင်းမှာ မန်နေဂျာပေါင်းများစွာ အပြောင်းအလဲလုပ်ခဲ့တဲ့ အသင်းဖြစ်တာကြောင့် မက္ကလာရင်အတွက်တော့ နယူးကာဆယ်အသင်းကို ကိုင်တွယ်ခွင့်ရတာဟာ ကြိုးတန်းပေါ် လမ်းလျှောက်ခွင့်ရရှိနေတယ်လို့ တောင်ပြောရမှာပါ။ ဒါ့အပြင် မက္ကလာရင် ရင်ဆိုင်ရမှာက ဒီနှစ်နွေရာသီမှာ ငွေကြေးနည်းနည်းသာအသုံးပြုပြီး ကစားသမားသစ်တွေကို ခေါ်ယူအားဖြည့်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ဒါ့အပြင် မက္ကလာရင်အနေနဲ့ အခြားရင်ဆိုင်ရမယ့်ပြဿနာပေါင်းများစွာကလည်း ရှိနေပါသေးတယ်။ လက်ရှိအချိန်မှာ မက္ကလာရင်ဟာ အသင်းနဲ့ စာချုပ် သုံးနှစ်ချုပ်ဆိုထားပြီး အသင်းအတွက် ရလဒ်ကောင်းတွေကို ရယူပေးနိုင်မယ်ဆိုရင် ရှစ်နှစ်အထိတောင် စာချုပ်သစ် ထပ်မံချုပ်ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဘောလုံးလောကမှာက အချိန်နဲ့အမျှ ပြောင်းလဲမှုတွေရှိနေတာကြောင့် လာမယ့်ရာသီမှာ နယူးကာဆယ်အသင်းနဲ့အတူ မန်နေဂျာသစ် မက္ကလာရင် ရဲ့ အနာဂတ်ဟာ ဘယ်လိုဖြစ်မလဲဆိုတာကိုရင်မောစွာနဲ့ စောင့်ကြည့်ရင်း. . . . . . .။

## စောင့်ကြည့်ရမည့် ရော်ဂျာ၏ ပြုပြင်ပြောင်းလဲမှုမှ

စတာလင်းဟာ လီဗာပူးမှာ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီကမှ တိတိကျကျပွဲထွက်ခွင့်ရတာ။ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီတုန်းကဆိုရင် စတာလင်းဟာ လီဗာပူးမှာ စုစုပေါင်းမှ သုံးပွဲတည်းကစားခွင့်ရခဲ့တယ်။ ဒီတော့ လီဗာပူးမှာ စတာလင်းအဓိကကစားသမားစဖြစ်တဲ့ ၂၀၁၂-၂၀၁၃ကနေ မနှစ်ကအထိ ဘောလုံးရာသီသုံးရာသီအတွင်း စွမ်းဆောင်ရည်ကို ဖာမီနိုရဲ့ အဲဒီကာလအတွင်း ဟော့ဖန်ဟိန်းမှာ စွမ်းဆောင်ခဲ့မှုနဲ့ နှိုင်းယှဉ်ကြတော့ စတာလင်းဟာ ဖာမီနိုကို မမီတာတွေ့ကြရတယ်။

ဆိုပါစို့။ စတာလင်းက အဲဒီသုံးရာသီအတွင်း ပရီမီယာလိဂ်ပွဲ ၉၂ ပွဲ ကစားတယ်။ ပွဲထွက်ကစားသမားအဖြစ်က ၇၇ ပွဲ။ စုစုပေါင်းကစားတဲ့ မိနစ် ၇၀၁၆ မိနစ်ကြာတယ်။ အဲဒီမှာ စတာလင်းဟာ ၁၈ ဂိုးပဲ သွင်းနိုင်တယ်။ ဂိုးတစ်ဂိုးရဖို့ ၃၈၉ မိနစ်ကြာတယ်။ ကန်သွင်းမှုတိကျတာက ၂၀၁၂-၂၀၁၃ မှာ ၄၃ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ မှာ ၆၆ ရာခိုင်နှုန်းနဲ့ ၂၀၁၄-၂၀၁၅ မှာ ၅၃ ရာခိုင်နှုန်း။ စုစုပေါင်း ဖန်တီးပေးမှုက ၁၄ ကြိမ်၊ စုစုပေါင်း အခွင့်အရေးဖန်တီးပေးနိုင်မှုက ၁၆၄ ကြိမ်၊ စုစုပေါင်း ဘောလုံးပေးပို့မှုက ၂၇၈၄ ကြိမ်၊ စုစုပေါင်း ဘောလုံးပြေးဆွဲမှုက ၁၁၉ ကြိမ်၊ အဲဒီအထဲမှာ တိကျတာက ၉၆ ကြိမ်၊ စုစုပေါင်း လုယူမှုက ၁၂၅၆ ကြိမ်၊ အဲဒီအထဲမှာ အောင်မြင်တာ က ၅၉၁ ကြိမ်၊ စုစုပေါင်းရှင်းထုတ်မှုက ၃၁ ကြိမ်ဆိုတဲ့စံချိန်ကို ထားရှိနိုင်တယ်။

အဲဒီအချိန်မှာ ဖာမီနိုကျတော့ ဟော့ဖန်ဟိန်းမှာ အဲဒီ သုံးရာသီအတွင်း ဘွန်ဒက်စ်လီဂါပွဲ ၉၉ ပွဲကစားတယ်။ စတာလင်းထက် ခုနစ်ပွဲပိုတယ်။ ပွဲထွက်ကစားသမားအဖြစ်လည်း ၉၅ ပွဲကစားခဲ့တော့ စတာလင်းထက် ၁၈ ပွဲပိုတယ်။ ကစားတဲ့ စုစုပေါင်းမိနစ်ကလည်း ၈၃၀၅ မိနစ်။ အဲဒီမှာ ဖာမီနိုဟာ စုစုပေါင်း ၂၈ ဂိုးသွင်းနိုင်ပြီး တစ်ဂိုးရဖို့ ကြာမြင့်ချိန်ဟာ ၂၉၆ မိနစ်သာ ရှိတော့ စတာလင်းထက် ဂိုးတစ်ဂိုးရဖို့ ပိုမြန်နေတယ်။ ပြီးတော့ စုစုပေါင်း ဖန်တီးပေးမှုမှာ ဖာမီနိုက၂၃ ကြိမ်အထိရှိတော့ စတာလင်းထက် ကိုးကြိမ် တိတိပိုများသလို စုစုပေါင်း အခွင့်အရေး ဖန်တီးပေးနိုင်မှုမှာလည်း ၁၈၃ ကြိမ်ဆိုတော့ စတာလင်းထက် ၁၉ ကြိမ်သာတယ်။ ဘောလုံးပြေးဆွဲမှုအရေအတွက်မှာလည်း ဖာမီနိုဟာ ၁၅၁ ကြိမ်တိတိ စတာလင်းထက်သာသလို လုယူမှုမှာလည်း ဖာမီနိုဟာ စတာလင်းထက် ၉၄၈ ကြိမ် သာတယ်။ အဲဒီမှာ ဘောလုံးဆွဲပြေးမှု အောင်မြင်ခြင်းက ၂၂၄ ကြိမ်၊ လုယူမှုအောင်မြင်ခြင်းက အကြိမ် ၉၈၀ နဲ့ ရှင်းထုတ်နိုင်မှုတွေမှာလည်း ၅၆ ကြိမ်ဆိုတော့ အဲဒီတွေမှာလည်း ဖာမီနိုကသာတဲ့အခါ တကယ်ပဲ ရော်ဂျာရဲ့ စတာလင်းနေရာမှာ ဖာမီနိုနဲ့ အစားထိုးခြင်းဟာ ပြီးပြည့်စုံပြီလို့ ဆိုနိုင်မလား။

ပြောရမယ်ဆိုရင် ဘောလုံးသမားတစ်ယောက် အသင်းပြောင်းရွှေ့ခြင်းဟာ စိန်ခေါ်မှုကို ရင်ဆိုင်ခြင်းပဲ။ အဲဒီမှာ ဝန်းကျင်သစ်၊ တွဲဖက်သစ်၊ ဗျူဟာသစ်၊ အယူအဆသစ်တွေနဲ့ ကြုံတွေ့ရတဲ့အခါ အရင်အသင်းဟောင်းမှာ ပြသတဲ့ ခြေစွမ်းမျိုး တစ်ထပ်တည်းနီးပါးပြန်ရဖို့ဆိုတာ ဘယ်လိုမှ မသေချာဘူးဆိုတော့ ဖာမီနိုကရော ဟော်ဖန်ဟိန်းမှာပြသခဲ့တဲ့ ခြေစွမ်းမျိုး လီဗာပူးမှာ ပြသနိုင်ပါ့မလား။ ဒီလိုပဲ ဒန်နီဗင့်စ်ကလည်း ဘန်လေမှာခြေစွမ်းပြနိုင်ခဲ့ပေမယ့် လီဗာပူးမှာ ခြေစွမ်းပြနိုင်ပါ့မလား။ ဘန်တီကီလည်း ဒီအတိုင်းပဲ။ ကားလို့စ်ဘာကာဆိုရင်လည်း ဆီဗီလာမှာ ခြေစွမ်းပြနိုင်ခဲ့တာမှန်ပေမယ့် လီဗာပူးရောက်ခဲ့ရင် ခြေစွမ်းပြနိုင်ပါ့မလား။ အိုရီဂျီဆိုရင် တစ်နှစ်က ခြေစွမ်းပြနိုင်လို့ လီဗာပူးကခေါ်ခဲ့တာမှန်ပေမယ့် မနှစ်က ပြင်သစ်ရဲ့ အညံ့ဆုံးကစားသမားအသင်းထဲမှာတောင် ပါသွားတယ်။

ရော်ဂျာဟာ တိုက်စစ်ကို တစ်ဦးစနှစ်ဦးစ ပြောင်းမယ့်အခြေအနေမဟုတ်ဘူး။ အခုဟာက တိုက်စစ်ပိုင်းတစ်ခုလုံးကို အပြောင်းအလဲလုပ်မယ့် အခြေအနေ။ ကစားသမားအသစ်တွေဟာ ရှိရင်းစွဲပုံပိုးမယ့်သူတွေနဲ့ နားလည်မှုတည်ဆောက်ရဖို့ရှိသလို အချင်းချင်းကြားမှာလည်း နားလည်မှုတစ်ခုရဖို့ တည်ဆောက်ရဦးမှာဆိုတော့။ အသားကျဖို့ ပိုပြီးခက်မယ်။ ပိုပြီး အချိန်လိုအပ်မယ်လို့ ကောက်ချက်ဆွဲကြတာနဲ့အမျှ။ မနှစ်က ရော်ဂျာရဲ့ပြုပြင်ပြောင်းလဲမှုက အရာမထင်ဘူး။ ဒီနှစ်မှာရော ရော်ဂျာရဲ့ အပြောင်းအလဲဟာ အရာထင်ပါ့မလား။ စိတ်ဝင်စားဖို့ ကောင်းလွန်းတယ်လို့သာ ဆိုချင်မိတယ်။ ■ **လင်းဆက်**

မြန်မာ့အလင်း
ကြေးမုံ
၃-၇-၂၀၁၅ (သောကြာနေ့)



ဧရာဝတီတိုင်းဒေသကြီး

# တို့နယ်စပ်လည်း ရွှေအဆင်းနှင့် အချင်းနှင့်

မြင့်စိုး (နတလ)




ဆုချီးမြှင့်ခြင်းအခမ်းအနား ပြီးဆုံးသွားလို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနဲ့ဇနီးတို့က ဆုရ ကလေးတွေ၊ သူတို့ရဲ့ မိဘတွေကို ရင်းနှီးခင်မင်စွာ လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး သားတို့ သမီးတို့ ဘာကိုဝါသနာပါလဲ၊ ဘယ်တက္ကသိုလ်တက်ဖို့ ရွေးချယ်မလဲ မေးတဲ့အခါ သူတို့လေးတွေရဲ့ဝါသနာ၊ သူတို့လေးတွေရဲ့ ဆန္ဒတွေကိုယ်စီကိုယ်င ပွင့်အန်လာကြပါတယ်။

သမီးကတော့ နိုင်ငံခြားဘာသာတက္ကသိုလ်တက်မယ်ရှင့်၊ သားက သစ်တောဝါသနာပါပါတယ်။ တစ်ဦးပြီးတစ်ဦး ဖြေသွားတာတွေကတော့ စီးပွားရေး၊ ပညာရေး၊ ဆေးတက္ကသိုလ်၊ နည်းပညာ၊ စစ်တက္ကသိုလ်စသည် စသည်ဖြင့် စုံနေတာပါပဲ။

နယ်စပ်ရေးရာဝန်ကြီးဌာန အောက်မှာရှိတဲ့ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊စစ်ကိုင်း) တက်မယ့်ကလေးတွေလည်း အများကြီးပါဝင်နေပါတယ်။ သူတို့ရဲ့ အဖြေစကားလေးတွေ ကိုနားထောင်ပြီးတဲ့အခါမှာတော့ ပြည်ထောင်စုဝန်ကြီးနဲ့ ဇနီးတို့က မိမိဝါသနာပါရာကိုစိတ်အားထက်သန်စွာ အကောင်အထည်ဖော်ကြဖို့၊ တစ်ချိန်မှာ နိုင်ငံတော်ရဲ့ အဆင့်မြင့်တာဝန်တွေကို ထမ်းဆောင်နိုင် မယ့်သူတွေဖြစ်အောင် ကြိုးစားကြဖို့ တိုက်တွန်းမှာကြားခဲ့ပါတယ်။ ဆုရကလေးတွေထဲမှာကိုယ်လုံးကိုယ်ဖန်သေးငယ်ပြီး အရပ်အမောင်း အနည်းငယ်နိမ့်နေတဲ့ တိုင်းရင်းသူလေးနှစ်ဦး၊ သုံးဦးခန့် ပါလာပါတယ်။ အဲ့ဒီကလေးတွေကိုတော့ ပြည်ထောင်စုဝန်ကြီးရဲ့ဇနီး ဒေါ်မြင့်မြင့်စိုးက နှုတ်ဆက်အားပေးစကား ပြောကြားရင်း နေ့စဉ်ပြုလုပ်ရမယ့် လေ့ကျင့်ခန်းနည်းစနစ်တွေ၊ အင်ပြည့်အားပြည့် ဖြစ်စေမယ့် အစားအသောက်ပုံစံစတာတွေကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြခဲ့ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေနဲ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအသီးသီးက ကျောင်းသား ကျောင်းသူလေးများ၊ ဝန်ထမ်းသားသမီးများကို ဆုချီးမြှင့်ခြင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းဝတ်စုံနဲ့ ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ပြီးခဲ့တဲ့ ဇွန် ၂၅ ရက်က ဝန်ကြီးဌာနရဲ့ စုပေါင်းခန်းမမှာ ကျင်းပခဲ့ပါတယ်။ အဲ့ဒီအခမ်းအနားကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနဲ့ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ အမြဲတမ်းအတွင်းဝန် ဦးစံရွှေအောင်နဲ့ဇနီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှနဲ့ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနဲ့ ဇနီးများ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများနဲ့ ၎င်းတို့၏ မိဘများ တက်ရောက်ခဲ့ကြပါတယ်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာမှာ နိုင်ငံတိုင်းသည် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်၊ နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်များ၊ လူကောင်းလူတော်များ ဖြစ်လာစေရန် အပြိုင်အဆိုင် ပြုစုပျိုးထောင်လျက်ရှိကြတာကို တွေ့ရမှာဖြစ်ကြောင်း၊ ယနေ့ မြန်မာနိုင်ငံမှာလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကဏ္ဍ အဆင့်အတန်းမြင့်မားရေး အလေးထားဆောင်ရွက်လျက်ရှိရာမှာ အခြေခံပညာ အရည်အသွေးမြင့်မားစေရေး၊ လူသားအရင်းအနှီးအညွှန်းကိန်း (Human Asset Index) ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ စာရင်းအင်း၊ ကိန်းဂဏန်းများ ပြည့်စုံမှန်ကန်ရေး၊ နိုင်ငံတကာ တက္ကသိုလ်များ ဖြစ်ထွန်းစေရေး၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးဆိုတဲ့ လုပ်ငန်းစဉ် (၅)ရပ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဆုရကလေးတွေထဲမှာ သူတို့ရဲ့ မိဘတွေဟာ ရာထူးရာခံမြင့်မြင့်မားမား မဟုတ်ကြဘဲ သင်တန်းကျောင်းတွေရဲ့ ဖွဲ့စည်းပုံအတိုင်းခန့်ထားတဲ့ ထမင်းချက်တို့၊ စားဖိုမှူးတို့၊ လုံခြုံရေးတို့လည်း ပါဝင်နေပါတယ်။ ဒီလိုမိဘတွေအနေနဲ့ သူတို့ရဲ့ သားသမီးတွေကို သူတို့ထက် ဆယ်ဆမက မြင့်တဲ့အဆင့်ထိ တွန်းတင်ထမ်းပိုးနိုင်ခဲ့ကြပြီမို့ ဘယ်လောက် ပျော်လိုက်ကြမလဲ၊ ကြည်နူးလိုက်ကြမလဲ၊ ဝမ်းသာပီတိဖြစ်နေကြမလဲ။ သူတို့ကိုယ်စား တွေးကြည့်ရင်းနဲ့တောင် အပျော်တွေ ကူးစက်လာသလိုခံစားရပါတယ်။ သူတို့လေးတွေနဲ့ရောပြီး ကြည်နူးဝမ်းသာဖြစ်ရတဲ့အထဲမှာ တန့်ယန်း လူငယ်သင်တန်းကျောင်းရဲ့ အောင်ချက်ရာခိုင်နှုန်းမြင့်မားလာတာရယ် ဂုဏ်ထူးရ ၄၆ ဦး အနက် တန့်ယန်းလူငယ်က သုံးဘာသာ တစ်ဦး၊ တစ်ဘာသာရှစ်ဦး ပါဝင်နေတာကလည်း တစ်ခုအပါအဝင်ပါ။

ခလရ(၃၃)မှာ တာဝန်ထမ်းဆောင်ရင်း ကိုယ့်မြို့ကိုယ့်ရွာလိုဖြစ်ခဲ့တဲ့ တန့်ယန်းဒေသ။ လူငယ်သင်တန်းကျောင်းတွေ မပေါ်လာခင်ကတည်းက ဗကပတွေရဲ့ လူသစ်စုဆောင်းမှုဒဏ်ကို ကာကွယ်ပေးနိုင်အောင် တန့်ယန်းမြို့ထဲမှာ “ဝ”ဘော်ဒါ၊ ခလရ (၃၃) ထပ်ထဲမှာ ရဲညွှန့်လေးတွေအနေနဲ့ လက်ခံပြုစု စောင့်ရှောက်ထားတာတွေကိုလည်း အမှတ်ရမိပါတယ်။ ဒီဆုပေးပွဲ အခမ်းအနားမှာပဲ လောက်ကိုင်လူငယ်သင်တန်းကျောင်းက ဘက်စုံထူးချွန်လူရည်ချွန် နှစ်ထပ်ကွမ်း ကျောင်းသားတစ်ဦး၊ ကျိုင်းတုံလူငယ်သင်တန်းကျောင်းက ဘက်စုံထူးချွန်လူရည်ချွန် နှစ်ထပ်ကွမ်း ကျောင်းသားတစ်ဦး၊ ပူတာအိုလူငယ်သင်တန်းကျောင်းက လူရည်ချွန် ကျောင်းသားတစ်ဦးကိုလည်း ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆု ချီးမြှင့်ပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းသား/သမီး ၃၂ ဦး အောင်မြင်ခဲ့ရာမှာ ငါးဘာသာ ဂုဏ်ထူးနှစ်ဦး၊ လေးဘာသာဂုဏ်ထူးသုံးဦး၊ နှစ်ဘာသာငါးဦး၊ တစ်ဘာသာရှစ်ဦး၊ စုစုပေါင်း ၁၈ ဦး ဂုဏ်ထူးပါဝင်ခဲ့ပါတယ်။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်းက ကျောင်းသားကျောင်းသူ ၇၃၄ ဦး ဝင်ရောက် ဖြေဆိုခဲ့ရာမှာ ၂၂၃ဦး အောင်မြင်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးနှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးခုနစ်ဦး၊ တစ်ဘာသာဂုဏ်ထူး ၃၇ ဦး ပါဝင်ခဲ့ပါတယ်။

တစ်ချိန်က မူလတန်းပြီးသွားရင် အလယ်တန်း၊ အထက်တန်းအဆင့် ပညာရေးကို ဆက်လက်သင်ယူဖို့ ခက်ခဲလွန်းလှတဲ့ နယ်စပ်ဒေသတွေ။ အခုအခါနိုင်ငံတစ်ဝန်းက အခြားဒေသများနည်းတူ တက်ရောက်သင်ယူနိုင်ကြပြီဖြစ်သလို နယ်စပ်က ကလေးတွေရဲ့ အရည်အသွေးဟာလည်း နိမ့်ကျမနေဘူးဆိုတာကို သူတို့ရဲ့ရလဒ်တွေက သက်သေပြနေကြပါတယ်။ တစ်ချိန်သောကာလမှာ သူတို့လေးတွေဟာ နယ်စပ်ဒေသများကို အကျိုးပြုမယ့်၊ ဦးဆောင်ဦးရွက်ပြုမယ့် သားကောင်းသမီးမွန်လေးများဖြစ်လာလိမ့်မယ်လို့လည်း အလေးအနက် ယုံကြည်မိပါကြောင်း။

**ဆုရကလေးတွေထဲမှာ သူတို့ရဲ့မိဘတွေဟာ ရာထူးရာခံ မြင့်မြင့်မားမား မဟုတ်ကြဘဲ သင်တန်းကျောင်းတွေရဲ့ ဖွဲ့စည်းပုံအတိုင်းခန့်ထားတဲ့ ထမင်းချက်တို့၊ စားဖိုမှူးတို့၊ လုံခြုံရေးတို့လည်း ပါဝင်နေပါတယ်။ ဒီလိုမိဘတွေအနေနဲ့ သူတို့ရဲ့သားသမီးတွေကို သူတို့ထက် ဆယ်ဆမကမြင့်တဲ့အဆင့်ထိ တွန်းတင်ထမ်းပိုးနိုင်ခဲ့ကြပြီမို့ ဘယ်လောက်ပျော်လိုက်ကြမလဲ။**

## ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးပြသ

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဒါးပိန်မြောက်ကျေးရွာအုပ်စု တောင်သူဦးရဲမြင့်၏လယ်မြေ၌ ကျေးလက်တောင်သူများ လယ်ယာလုပ်သားရှားပါးမှုကြောင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် ရည်ရွယ်၍ တောင်သူပညာပေးသင်တန်း(၁/၂၀၁၅)ကို ဖွင့်လှစ်လျက်ရှိရာ ယင်းသင်တန်း၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် ပေါင်စနစ်ဖြင့်ပျိုးထောင်ခြင်း၊ စက်ဗန်းဖြင့် ပျိုးထောင်ခြင်း၊ ပျိုးပင်ထိန်းသိမ်းခြင်း၊ သမန်းပြုပြင်ခြင်း၊ ကောက်စိုက်စက်မောင်းနှင်ထိန်းသိမ်းခြင်း၊ စိုက်ပျိုးခြင်းလုပ်ငန်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသည်။

စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃၅) စက်မှုလယ်ယာစခန်း ထောက်ကြန့်မြို့မှ ကျွမ်းကျင်သင်တန်းဆရာများက သင်တန်းသား ၁၄ ဦးအား ဇွန် ၇ ရက်မှ ၂၄ ရက်အထိ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို သင်ကြားပို့ချခဲ့ပြီး လက်တွေ့စိုက်ပျိုးသည့်လုပ်ငန်းများကို တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးကိုကိုအောင်၊ ခရိုင်ဦးစီးဌာနမှူး ဦးနိုင်မင်းသူနှင့် သင်တန်းသားများ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးကြသည်။

တင်စိုး

မြန်မာ့အလင်း

၃-၇-၂၀၁၅ (သောကြာနေ့)

ပဲခူးတိုင်းဒေသကြီး




## သွားလာရေးအဆင်ပြေရန် တောင်ငူ၌ ဒုံကြီးချောင်းတံတားဖွင့်

တောင်ငူမြို့နယ် ဆူးတပ်ကျေးရွာအုပ်စု ဒုံကြီးချောင်းတံတားကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက အဆိုပါ တံတားရှေ့မှုခ်ဦး၌ ဝေဠုဝန်ကျောင်းဆရာတော် ဦးတေဇနိယ၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးနှင့် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးသိန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ယင်းတံတားကြီးကို တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ပြီး ဒုံကြီးချောင်းတံတားသည် အရှည်ပေ ၆၀၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၄ ပေရှိကြောင်း သိရသည်။

ကျေးရွာပေါင်း ငါးရွာမှ ဒေသခံများက ဒုံကြီးချောင်းကို ဖြတ်သန်းအသုံးပြု၍ တောင်ငူမြို့ပေါ်သို့ စျေးရောင်းစျေးဝယ် ပြုလုပ်လျက်ရှိသည်။

ကျေးရွာနေ ဦးအေးမင်းက "ဒီချောင်းက ရေစီးအလွန်သန်တဲ့အတွက်ကြောင့် မိုးတွင်းဆို သွားလာရခက်ခဲတယ်၊ ကျောင်းသား ကျောင်းသူများလည်း တံတားမရှိရင် ဖြတ်သန်းရတာ အလွန်အန္တရာယ်များတယ်။ အခုဒီ တံတားကြီးကြောင့် စက်ဘီးနဲ့ရော ဆိုင်ကယ်နဲ့ပါ အလွယ်တကူ သွားလာလို့ရပြီ"ဟု အားရဝမ်းသာ ပြောကြားသည်။

သူရ(တောင်ငူ)

မွန်ပြည်နယ်

## ပေါင်မြို့နယ်၌ မိုးစပါးချေးငွေ သိန်းရှစ်သောင်းခန့် လျာထားပြီး ယခုအခါ သိန်းပေါင်း နှစ်သောင်းကျော် ထုတ်ချေးပေးထား

ပေါင်မြို့နယ်၌ ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို မေ ၂၉ ရက်ကစတင်၍ ပေါင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၄၈ အုပ်စုမှ တောင်သူလယ်သမားများကို တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ပေါင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာဦးဟုတ်သိန်းနှင့် ဝန်ထမ်းများက ထုတ်ချေးပေးခဲ့ရာ ယခုအချိန်ထိ အထိမိုးစပါးချေးငွေ ၂၇၈၀၁ သိန်း ထုတ်ချေးပေးထားပြီးဖြစ်သည်။

ပေါင်မြို့နယ်အနေဖြင့် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို သိန်းပေါင်းကျပ် ၈၀၀၀၀ ခန့် ထုတ်ချေးရန်လျာထားပြီး မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ချေးပေးရန် ကျန်ရှိနေသောတောင်သူများကိုလည်း ဇူလိုင်လအတွင်း အပြီးထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပေါင်မြို့နယ်အနေဖြင့် မိုးစပါးစိုက်ဧက တစ်သိန်းနှစ်သောင်းကျော်ရှိပြီး မွန်ပြည်နယ်၌ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု အများဆုံးဖြစ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး

# ဒေသနေပြည်သူများအတွက် စာကြည့်တိုက်၊ အားကစားကွင်းနှင့် ပန်းဥယျာဉ်တည်ဆောက်

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်တိုင်းအုပ်စု အင်တိုင်းကျေးရွာ၌ ထွန်းပကြယ် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က ဒေသဖွံ့ဖြိုးရေး ပညာရှေ့ဆောင်စာကြည့်တိုက်နှင့် ထွန်းပကြယ်စင်ပန်းဥယျာဉ်တည်ဆောက်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာကြည့်တိုက်နှင့် ပန်းဥယျာဉ်တည်ဆောက်သည့်နေရာသည် အင်တိုင်းရွာ၏ အရှေ့ဘက်၊ အလယ်တန်းကျောင်း(ခွဲ)၏ တောင်ဘက်တွင်ဖြစ်ပြီး မြေနှစ်ဧကဝန်းကျင် ကျယ်ဝန်းသောမြေနေရာ၌ စာကြည့်တိုက်၊ စာကြည့်ခန်း၊ အပန်းဖြေ လျှောက်လမ်း၊ ဘော်လီဘော၊ ကြက်တောင်အားကစားကွင်း၊ အပန်းဖြေသူများထိုင်ရန် ခုံတန်းလျားများ၊ ကလေးကစားစရာကစားကွင်းနှင့်ဆက်စပ်ပစ္စည်းများ၊ ရေ ကန်၊ ကျန်းမာရေးလေ့ကျင့်ရန်ပစ္စည်းများ၊ ပန်းအလှပင်များ၊ သန့်စင်ခန်းများနှင့် ယာဉ်ရပ်နားရန်နေရာများကို အဆင့်မီတည်ဆောက်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ အင်တိုင်းရွာသည် မြို့နှင့် ၁၀မိုင်ခန့်ကွာဝေးပြီး အိမ်ခြေ ၄၆၀ ရှိကာ လူဦးရေ ၁၈၀၀ ကျော် နေထိုင်လျက်ရှိသည်။ ယခုကဲ့သို့ ထွန်းပကြယ်သတ္တုတူးဖော်ရေးကုမ္ပဏီမှ ဒေသနေပြည်သူများအသိပညာတိုးပွားရေးအတွက် စာကြည့်တိုက်၊ အနားယူအပန်းဖြေရန်အတွက်ပန်းဥယျာဉ်နှင့်အားကစားပြုလုပ်ရန် အားကစားကွင်းများ တည်ဆောက်လှူဒါန်းပေးမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများဝမ်းမြောက်လျက်ရှိကြောင်းသိရသည်။

အတ်ကလေး(ရမည်းသင်း)



**မကွေးတိုင်းဒေသကြီး**

# ပခုက္ကူ၌ နှမ်းစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ



စိုးလင်းနိုင် (iprd)

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရွှေတန့်တစ်ကျေးရွာ ကြီးရွာလျှပ်စစ်မြစ်ရေတင် ကွင်းအမှတ်၃၁၄ ဦးပိုင်အမှတ်၆၁/၃ ရှိ တောင်သူဦးကြည်ဝင်း၏ ပုလဲသွယ်စပ်မျိုး စံပြနှမ်းစပါး ၁၀ ဧကရိတ်သိမ်းပွဲကို ဇူလိုင် ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရိုင်အုပ် ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနဝန်ထမ်းများ နှင့် နှမ်းစပါးစိုက်ပျိုးသူ တောင်သူများ တက်ရောက်ခဲ့ကြသည်။

တောင်သူ ဦးကြည်ဝင်း၏ ပုလဲသွယ်စပ်မျိုး နှမ်းစပါး စံပြကွက်ကို KUBOTA (DC-706) ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၁၇၅ တင်းနှုန်းထွက်ရှိခဲ့သည်။

ကြီးရွာလျှပ်စစ်မြစ်ရေတင်၌ နှမ်း စပါး စိုက်ဧကကို ဧက ၆၀၀ လျာထားခဲ့ပြီး နှမ်းစပါးလျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း နှမ်းစပါးစိုက်သူများအား မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်ပျိုးမှုနည်းပညာများနှင့် ဓာတ်မြေဩဇာများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

## မကွေးမှ သစ်သီး၊ ပန်းအလှနှင့် အရိပ်ရပျိုးပင်များ ရောင်းအားကောင်း

မကွေးမြို့ လူစည်ကားသည့် မြို့မဈေး၊ ကန်သာဈေးနှင့် ကမ်းနားလမ်းများသို့ မြို့နယ်/ကျေးရွာများမှ သစ်သီး၊ ပန်းအလှနှင့် အရိပ်ရပျိုးပင်များ လာရောက်ရောင်းချလျက်ရှိရာ သစ်ပင်ပန်းမန်ချစ်မြတ်နိုးသူ ဒေသခံများ၊ ခရီးသွားဧည့်သည်များက ဝယ်ယူအားပေးကြသည့်အတွက် ပျိုးပင်ရောင်းချသူများ လုပ်ငန်းတွင်ကျယ်လျက်ရှိကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း မိုးဖြိုင်ဖြိုင်ရွာသွန်းလာသဖြင့် သစ်သီး၊ ပန်းမန်နှင့် အရိပ်ရပျိုးပင်များကို ဝယ်ယူမှုမြင့်တက်လာပြီး မြို့နယ်/ကျေးရွာများမှ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်စိုက်ပျိုးသူများက လာရောက်ရောင်းချပြီး မြို့ပေါ်စိုက်ပျိုးရေးခြံများမှလည်း အပြိုင်အဆိုင် ရောင်းဝယ်မှုများရှိကြောင်း သိရသည်။ မြစ်အနောက်ဘက်ကမ်း မင်းဘူးမြို့နယ်မှ လာရောက်၍ ပျိုးပင်ရောင်းချသူတစ်ဦးက"ပန်းပင်နဲ့ သစ်သီးပင်တွေ အဝယ်များတယ်။ မိုးကျလာတာနဲ့ နှင်းဆီ၊ ကံ့ကော်၊ သနပ်ခါး၊ ရွက်လှနဲ့ ဇွန်၊ စံပယ်တွေအပြင် ရှောက်၊ သံပရာ၊ မာလကာတွေ အများဆုံးရောင်းရတယ်"ဟု ပြောပြသည်။

ထိုသို့ရောင်းချရာတွင် အပင်အမျိုးအစားနှင့် အရွယ်အစားပေါ်မူတည်၍ နှင်းဆီတစ်ပင်လျှင် ငွေကျပ် ၁၀၀၀ မှ ၁၅၀၀၊ အုန်းတစ်ပင်လျှင် ငွေကျပ်၂၀၀၀ မှ ၃၀၀၀၊ ကံ့ကော်တစ်ပင်လျှင် ငွေကျပ် ၁၅၀၀၊ ဇွန်တစ်ပင်လျှင် ငွေကျပ် ၅၀၀၊ သနပ်ခါးတစ်ပင်လျှင် ငွေကျပ် ၇၀၀ စသဖြင့် အရိပ်ရပင်များကို ငွေကျပ် ၁၅၀၀မှ ၆၀၀၀ခန့်အထိ ဈေးနှုန်းရှိကြောင်း သိရသည်။

ကျော်စွာ(မကွေး)

**ပဲခူးတိုင်းဒေသကြီး**

# ပြည်မြို့၌ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် ငါးမိုင်အကွာ ကြို့ရသာရွာနှင့် ဇလေ့တင်ရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲကို ဇွန်လနောက်ဆုံးပတ်က အဆိုပါကျေးရွာရှိ ၂၀၀ KVA ထရန်စဖော်မာရှေ့၌ ကျင်းပရာ ပြည်မြို့နယ်ပေါင်းတလည်မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်ဝေက ကျေးရွာမီးလင်းနိုင်ရေးအတွက် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားကျင်းပရာ ဦးစိန်ခိုဓမ္မာရုံရှေ့၌ ပဲခူးတိုင်းဒေသကြီး စက်မှုလက်မှုနှင့် လျှပ်စစ်ဝန်ကြီး ဦးဘေဘီအုန်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလွင်ဦး၊ ပေါင်းတလည်မြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်ဝေ၊ ကျေးရွာမီးလင်းရေးမတည်အလှူရှင် ဒေါက်တာယဉ်ဝေလွင်တို့က မီးလင်းရေးအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းစက်မှုလက်မှုနှင့် လျှပ်စစ်ဝန်ကြီး ဦးဘေဘီအုန်း၊ ပြည်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး၊ ပြည်ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလွင်ဦးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဦးက မီးလင်းရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြီး အလှူရှင်များကိုယ်စား အလှူရှင် ဦးအောင်မြင့်က လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ပြောကြားကာ မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါ ကြို့ရသာနှင့် ဇလေ့တင်ရွာ နှစ်ရွာမီးလင်းနိုင်ရေးအတွက် ရွာသူရွာသားများထည့်ဝင်လှူဒါန်းငွေများအပြင် မတည်အလှူရှင် ဒေါက်တာယဉ်ဝေလွင်၊ ဆရာ ဦးစိန်ခို ဆေးဝါးထုတ်လုပ်ရေးက ငွေကျပ် သိန်း ၅၀၊ ဦးဇော်ဝင်း-ဒေါ်ခင်ဌေးရီ (ဇော်ထက်ပွဲရုံ ပြည်မြို့)က ငွေကျပ် ၄၅ သိန်း၊ ဦးတင်ဟန်-ဒေါ်ရင်မေသန်း(တင်ဇော်ရောင်းဝယ်ရေးပြည်မြို့)က ငွေကျပ်သိန်း ၂၀ လှူဒါန်းငွေများဖြင့် 200 KVA ထရန်စဖော်မာအပါအဝင် ငွေကျပ်သိန်း ၃၈၀ ဖြင့် နှစ်ရွာပေါင်း အိမ်ခြေ ၁၃၀ မီးလင်းနိုင်မည်ဖြစ်သည်။

အောင်(ဓာတုဗေဒ)



KBZ BANK

ကမ္ဘောဇဘဏ်လီမိတက်

## ဗိုလ်မြတ်ထွန်းလမ်း ( ခရစ်လမ်း ) ဘဏ်ခွဲ

အမှတ်(၁၈၉–၁၉၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊ (၉)ရပ်ကွက်၊ အလယ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁) ၂၉၇၇၀၁၊ ၂၉၇၇၀၃၊ ဖက်စ်(၀၁) ၂၀၀၉၂၂၊ ၂၀၀၉၇၇

## ဇလွန်မြို့ဘဏ်ခွဲ

အမှတ်(၆၁၂)၊ အဒါးလမ်း၊ ညောင်ပင်ဈေးရပ်ကွက်၊ ဇလွန်မြို့နယ်၊ ဟင်္သာတခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။

ဖုန်း(၀၄၄)၃၅၆၂၃၊ ၃၅၆၂၄၊ ၃၅၆၂၅၊ ဖက်စ်(၀၄၄)၃၅၆၂၈၊ ၃၅၆၂၉

## ၇၃ – လမ်းဘဏ်ခွဲ ( မန္တလေး )

အမှတ်(၅)၊ (၇၃)လမ်း၊ (၂၉× ၃၀)လမ်းကြား၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း(၀၂)၆၀၀၈၄၊ ၆၀၀၈၆၊ ဖက်စ်(၀၂)၆၀၀၄၉၊ ၆၀၀၃၅

## အင်းယားလမ်းဘဏ်ခွဲ

အမှတ်(4-R/2-B)၊ အင်းယားလမ်းနှင့်ဗောဓိရိပ်သာလမ်းထောင့်၊ (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁) ၂၃၀၆၃၄၆၊ ၂၃၀၆၃၄၇၊ ၂၃၀၆၃၄၈၊ ဖက်စ်(၀၁) ၂၃၀၆၃၅၂၊ ၂၃၀၆၃၅၃

## မနော်ဟရီဘဏ်ခွဲ – ၂ ( မန္တလေး )

အမှတ်(၁၆၀)၊ (၆၄)လမ်းနှင့်မနော်ဟရီလမ်းထောင့်၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း(၀၂)၈၂၂၁၄၊ ၈၂၂၁၅၊ ၈၂၂၁၆၊ ဖက်စ်(၀၂)၈၂၂၁၈၊ ၈၂၂၁၉

**တို့ကို ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်**
**ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း**
**မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

# အပြောင်းအရွှေ့ ဈေးကွက်နဲ့ စီးရီးအေရဲ့ ပဟေဠိ

ဝေမိုးဆက်




***ဂျူဗင်တပ်စ်က အက်သလက်တီကိုတိုက်စစ်မှူး မန်ဇူကစ်ကို ယူရို ၁၉ သန်းနဲ့ခေါ်တယ်။ ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား ခီဒီယာကိုလည်း အလွတ်သဘောနဲ့ ရထားတယ်။ ပါလာမိုတိုက်စစ်မှူး ဒိုင်ဘာလာကိုလည်း ယူရို ၃၂ သန်း ပေးခေါ်ထားတယ်။ အင်တာမီလန်ကလည်း မိုနာကို ကွင်းလယ်ကစားသမား ကွန်ဒေါ့ဘီယာကို ယူရို ၃၅ သန်းနဲ့ အရယူတယ်။ ဂရန်နာဒါခံစစ်မှူး ဂျီဆန်မူရီလိုကိုလည်း ယူရိုရှစ်သန်းနဲ့ခေါ်တယ်။ ရိုးမားကလည်း ဂျီနိုအာ ကွင်းလယ်ကစားသမား ဘာတိုယာချီကို ယူရို ရှစ်သန်းကျော်နဲ့ ခေါ်ထားတယ်ဆိုတော့ ဒါဟာ အပြောင်းအရွှေ့ဈေးကွက်အပေါ် အီတလီအသင်းများရဲ့ အပြိုင်သဘော တုံ့ပြန်မှုဖြစ်စဉ်တစ်ခုလား။***

ပြောမယ်ဆိုရင်ပေါ့။ ဘောလုံးရေးရာကျွမ်းကျင်သူအချို့က လာမယ့်ရာသီသစ် စီးရီးအေဟာ စောင့်ကြည့်ချင်စရာကောင်းတဲ့ ပြိုင်ပွဲတစ်ခု ဖြစ်နိုင်ခြေရှိတယ်လို့ ကောက်ချက်ဆွဲကြတယ်။ အထူးသဖြင့် ဒီနွေရာသီဈေးကွက်မတိုင်မီမှာကတည်းက ဂျူဗင်တပ်စ်ရဲ့ အပြောင်းအရွှေ့သတင်းတွေက လှိုင်လှိုင်ထွက်တယ်။ မနှစ်က ချန်ပီယံလိဂ်မှာ ဗိုလ်လုပွဲရောက်မှုနဲ့အတူ ဝင်ငွေ မြိုးမြိုးမြက်မြက်ရမှု၊ အသင်းပုံရိပ်မြင့်တက်မှုတွေကို ခုတုံးလုပ်ပြီး ခြေနှစ်ချောင်းဈေးကွက်အတွင်း ထဲထဲဝင်ဝင်လှုပ်ရှားမယ့် အရိပ်အယောင်ပြတယ်။ ပြီးတော့ အေစီမီလန်ကလည်း အသင်းကို ထိုက်သင့်တဲ့ အင်အားဖြည့်တင်းမှုလုပ်မယ်လို့ ကတိပေးထားတဲ့အပြင် အင်တာမီလန်ကလည်း မန်ချီနီရဲ့ ပြန်လည်တည်ဆောက်မှုနဲ့အဝင်အထွက်များမယ်။ နည်းပြပြောင်းထားတဲ့ နာပိုလီနဲ့ ရိုးမားကလည်း သင့်တင့်တဲ့ ကစားသမားအင်အား ဖြည့်တင်းမှုတွေလည်း ရှိလာဦးမယ်ပေါ့။

စီးရီးအေအပေါ် အသင်းတွေရဲ့ ပြိုင်ဆိုင်မှုဝန်းကျင်လေထုဟာ ပိုပြီး သိပ်သည်းမယ်။ ဂျူဗင်တပ်စ်ကို ဖြိုချနိုင်ရေးအတွက် ပြိုင်ဘက်အသင်းကြီးတွေရဲ့ ပြုပြင်ပြောင်းလဲမှုကို စိတ်ပါလက်ပါ လုပ်ဆောင်မယ့်သဘောတရားကို အထက်က မန်ဇူကစ်၊ ခီဒီယာ၊ ဒိုင်ဘာလာ၊ ကွန်ဒေ့ါဘီယာ၊ ဂျီဆန်မူရီလို၊ ဘာတိုလာချီတို့ရဲ့ အပြောင်းအရွှေ့နဲ့ ပေါင်းထုပ်ကြည့်တော့။ စီးရီးအေအသင်းကြီးတွေရဲ့ အပြောင်းအရွှေ့ဈေးကွက်အပေါ် တုံ့ပြန်နိုင်အားနဲ့ အဲဒီအားကို အခြေခံပြီး ဖြစ်ပေါ်လာမယ့် အသင်းကြီးအချင်းချင်း ပြိုင်ဆိုင်မှုသိပ်သည်းဆက မျှော်လင့်ချင်စရာဖြစ်လာတယ်။

ဆိုပါစို့။ မနှစ်ကရာသီမှာ အီတလီကလပ်တွေဟာ ဥရောပပြိုင်ပွဲကြီး နှစ်ရပ်မှာ ဗိုလ်မစွဲနိုင်သော်ငြား။ အမြင့်တစ်ခုအထိရောက်တယ်။ ဆိုခဲ့ပြီးတဲ့အတိုင်း ဂျူဗင်တပ်စ်က ချန်ပီယံလိဂ်မှာ ဗိုလ်လုပွဲရောက်သလို ယူရိုပါလိဂ်မှာလည်း နာပိုလီနဲ့ ဖီအိုရင်တီးနားဟာ ဆီမီးအဆင့်အထိ ရောက်တယ်။ အဲဒီမှာ စီးရီးအေရဲ့ ပုံရိပ်ဟာ အမြင့်ပြန်ရောက်သလို အဲ့ဒါဟာ ခြေနှစ်ချောင်းဈေးကွက်ထဲဝင်တိုးရာမှာ အရာရောက်တော့။ မန်ဇူကစ်၊ ခီဒီယာ၊ ကွန်ဒေ့ါဘီယာတို့လို အင်္ဂလန်ကိုငြင်းပြီး အီတလီမြေကိုခြေစုံ ပစ်ဝင်မှုမျိုးနဲ့ စီးရီးအေကို တကယ်ပဲ ကစားသမားကောင်းတွေက တဖွဲဖွဲရောက်လာကြဦးမလားဆိုတာ မျှော်လင့်ချင်စရာကောင်းသွားတယ်။

ဒါပေမယ့် အဲဒီမှာ ဘောလုံးရေးရာ ကျွမ်းကျင်သူအချို့ကတော့ စောင့်ကြည့်ပါဦးလို့ သတိပေးကြတယ်။ ပြောရရင် အဲဒါဟာ အကောင်းမြင်စိတ်နည်းပါးမှုလို့ မြင်သင့်မြင်ထိုက်သော်ငြား သူတို့မှာလည်း သူတို့ရဲ့ စကားအတွက် ခိုင်မာထိမိတဲ့ အကြောင်းပြချက်ကောင်းတွေရှိတယ်။ အထူးသဖြင့် သူတို့ရဲ့ အကောက်အယူလုပ်မှုမှာ စီးရီးအေ ထိပ်ပိုင်းအသင်းကြီးတွေအနေနဲ့




အပြိုင်သဘော ပြင်ဆင်လာနိုင်ခြေကို သံသယမရှိသော်ငြား အဲဒီအပြိုင်သဘောပြင်ဆင်မှုရဲ့ ထိရောက်နိုင်အား အတိမ်အနက်အပေါ် သံသယရှိကြတာ။ စောင့်ကြည့်လိုကြတာ။

ဒီလို အပြိုင်သဘောဖြစ်ထွန်းမှုဟာ အခုကာလမှ ဖြစ်တည်လာတာမျိုးမဟုတ်ဘူး။ အခု အင်တာမီလန်နဲ့ အေစီမီလန်တို့ရဲ့ အလှုပ်၊ အရွေ့ကြောင့် ပိုကျယ်ပြန့်လာတဲ့ သဘောသာရှိပြီး တကယ်တော့ ဂျူဗင်တပ်စ်ကို ဖြိုချနိုင်ရေး ခြေနှစ်ချောင်းဈေးကွက်ထဲ အပြိုင်သဘော ဝင်ရောက်မှုဟာ ရှေ့နှစ်နှစ်လောက်ကတည်းက ရှိခဲ့တာ။ အရှင်းဆုံးပြောရရင် ရိုးမားနဲ့ နာပိုလီဟာ သူတို့ တတ်နိုင်တဲ့ ဝန်၊ သူတို့ တတ်နိုင်တဲ့အားနဲ့ ဈေးကွက်ထဲ တိုးဝင်ပြီး ဂျူဗင်တပ်စ်ကို ခံတိုက်ခဲ့ပြီးပြီ။ ဟီဂူအင်၊ ကယ်လီဂျွန်၊ ဂါဗင်ညိုတို့ကို အီတလီမြေပေါ်ခေါ်ပြီးပြီ။

ဒါပေမယ့် လက်တွေ့မှာ အရာမထင်ဘူး။ မနှစ်ကလည်း ဂျူဗင်တပ်စ်၊ တစ်နှစ်ကလည်း ဂျူဗင်တပ်စ်၊ လက်ရှိဈေးကွက်အတွင်း စီးရီးအေကလပ်တွေရဲ့ အပြိုင်သဘော ဆန်ဆန် မနှစ်ကရော တစ်နှစ်ကပါ ၁၇ မှတ်အထိဖြတ်ပြီး လိုက်မမီနိုင်မှု သဘောတရားက ထင်ထင်ရှားရှားကို ပေါ်လွင်ခဲ့တာ ဆိုတော့။ အဲဒါဟာ ဘာကြောင့်လဲ။ ဘာကိုအခြေခံမလဲ။ သတိပြုပါလို့ဆိုကြတယ်။

အထူးသဖြင့် ခြေနှစ်ချောင်းဈေးကွက်အတွင်း မြင့်တက်နေတဲ့ ပြောင်းရွှေ့ကြေးဆိုတဲ့ဝန်နဲ့ အီတလီကလပ်တွေရဲ့ ဘတ်ဂျက်ဆိုတဲ့အားက မမျှဘူး။ အီတလီကလပ်တွေရဲ့ငွေကြေး သုံးစွဲနိုင်အားဆိုတာက အကန့်အသတ်ရှိတယ်။ အဲဒီမှာ ဈေးကွက်အတွင်းဖြစ်ပေါ်နေတဲ့ အခြေအနေက သာမန်အဆင့် ကစားသမားတစ်ဦးရဲ့ တန်ကြေးတောင်မှ ယူရို သန်း ၃၀ ဝန်းကျင်။ အလားအလာရှိပြီး နာမည်ပါရနေတဲ့ လူငယ်တစ်ဦးရဲ့တန်ကြေး ယူရို သန်း ၅၀ နဲ့အထက်။ ထိပ်တန်းအဆင့်ကစားသမားတစ်ဦးကျတော့ ယူရိုသန်း ၁၀၀ နီးပါးဆိုတော့ ယူရိုသန်း ၁၀၀ ကျော်သုံးတဲ့ အသင်းတောင် ကစားသမား သုံးဦးလောက်သာခေါ်နိုင်မယ့် အနေအထားနဲ့အတူ အီတလီကလပ်တွေရဲ့ ဈေးကွက်အတွင်းတိုးဝင်နိုင်မှုဟာ အကန့်အသတ်ရှိကို ရှိကုန်ကြတယ်။

ပြောချင်တာက ဂျူဗင်တပ်စ်ဟာ စီးရီးအေမှာ အားလုံးထက် ခေါင်းတစ်လုံးပိုမြင့်တဲ့အသင်း။ သူတို့ရဲ့ ပင်ကိုရှိရင်းစွဲ အခြေခံအစုအဖွဲ့ကိုက အားလုံးထက်ပိုပြီး ပြည့်စုံတယ်။ လိုအပ်ချက်ကွက်လပ်က ကျဉ်းတယ်။ အရှင်းဆုံးပြောရရင် သူတို့က တစ်ဦးစ၊ နှစ်ဦးစခေါ်ရုံနဲ့ လိုအပ်ချက် ကွက်လပ်တွေပြည့်သွားနိုင်တဲ့ အခြေခံအစုအဖွဲ့ကောင်းတစ်ခုပိုင်ဆိုင်ထားချိန်မှာ လိုအပ်ချက်ကွက်လပ်ကြီးတဲ့ အခြား စီးရီးအေအသင်းကြီးတွေကျတော့ တစ်ဦးစ၊ နှစ်ဦးစခေါ်ရုံနဲ့ မလုံလောက်ဘူး။ အနိမ့်ဆုံးကစားသမားကောင်း လေး၊ ငါးဦးလောက်ခေါ်ဖို့လိုအပ်ချိန်မှာ ဂျူဗင်တပ်စ်ထက် ငွေပိုသုံးအင်အားဖြည့်ဖို့ အသာထား ဂျူဗင်တပ်စ်လောက် သုံးနိုင်ဖို့တောင် အနိုင်နိုင်ဆိုတော့ အပြိုင်အဆိုင်ဖြည့်ကြတယ် ဆိုသော်ငြား ကွာဟမှုက ကျဉ်းမသွားတဲ့ဒဏ်ခံရတာပဲလို့ ဆိုကြတယ်။

ဆိုပါစို့။ ဒီနှစ်က အင်တာမီလန်နဲ့ အေစီမီလန်က ဈေးကွက်ထဲဝင်မယ်။ ရိုးမားနဲ့ နာပိုလီတို့ကလည်း ထပ်ဖြည့်ကြဦးမှာ မှန်တယ်။ ဒါပေမယ့် အဲဒီမှာ သူတို့ရဲ့ ဖြည့်နိုင်အား ဘယ်လောက်ရှိမလဲ။ ပြီးတော့ အဲဒီဖြည့်နိုင်အားပေါ် အခြေတည်ပြီး သူတို့ဘယ်လောက်ပြည့်စုံလာမလဲ ဆိုတဲ့မေးခွန်းတွေရှိတယ်။ ဥပမာအရ လက်ရှိမှာပင် ဂျူဗင်တပ်စ်က ယူရို သန်း ၅၀ ကျော် သုံးပြီးပြီ။ အဲဒီအချိန်မှာ အင်တာမီလန်က ယူရိုသန်း ၄၀ ကျော်နဲ့

## ■ နဂိုကတည်းက ပင်ကိုစုဖွဲ့မှုမှာ အခြားပြိုင်ဘက်တွေထက် ခေါင်းတစ်လုံးပိုမြင့်နေတဲ့ အသင်းတစ်သင်းက အရင်ကထက်တောင် အင်အားဖြည့်တင်းရေးကို သိပ်သည်းစွာ လုပ်လာနိုင်တဲ့အခါ သူတို့ရဲ့ ဆန့်ထုတ်နိုင်အားနဲ့ ပြိုင်ဘက်တွေရဲ့ ဆန့်ထုတ်နိုင်အား အကွာအဝေးဟာ ကျဉ်းမြောင်းနိုင်ခြေရှိပါ့မလား။ ■

ရိုးမားက ယူရို ရှစ်သန်းသာ သုံးထားပြီး အေစီမီလန်၊ နာပိုလီတို့က ရှာဆဲဖွေဆဲဆိုတော့ အပြိုင်သဘောရဲ့အစမှာတင် ကွာဟမှုကဖြစ်နေပြီ။ ဒီတော့ ဂျူဗင်တပ်စ်ကို မီဖို့မှာ ကျန်စီးရီးအေရဲ့ အသင်းကြီးတွေ ဘယ်လောက်ထပ်ဖြည့်ထပ်ပြင်နိုင်မလဲ။

လက်ရှိမှာ ဂျူဗင်တပ်စ်လောက် နီးပါးလိုက်သုံးထားနိုင်တဲ့ အင်တာမီလန်ကိုပဲကြည့်။ အသင်းဥက္ကဋ္ဌ သိုဟီးရာက အသင်းတိုးတက်ရာ တိုးတက်ကြောင်းကို ရည်မျှော်သူဆိုတာ မှန်သော်ငြားသူတို့ရဲ့ ဘတ်ဂျက်က အကန့်အသတ်ရှိတယ်။ ပြီးတော့ မနှစ်ကအောင်မြင်မှုမရခြင်းနဲ့အတူ ဝင်ငွေက မြိုးမြိုးမြက်မြက်မရှိဘူး။ ဒီတော့ သူတို့အခု ယူရို သန်း ၄၀ ကျော် သုံးပြီးနောက် ဘယ်လောက်ထပ်သုံးနိုင်မလဲ။ သူတို့အနေနဲ့ သုံးနိုင်အားဟာ ဒီနွေမှာ စုစုပေါင်း သန်း ၁၀၀ ဝန်းကျင်သာရှိနိုင်တော့ လိုအပ်ချက်များတဲ့ သူတို့အတွက် လုံလောက်မှုရှိဖို့ဆိုတာ တာကခက်တယ်။ ပြီးတော့ နာပိုလီ၊ ရိုးမား၊ ဖီအိုရင်တီးနား၊ အေစီမီလန်တို့လည်း ဒီအတိုင်းပဲ။ ရိုးမား၊ အေစီမီလန်တို့ဆိုရင် အောင်မြင်မှုမရခြင်းနဲ့အတူ ငွေသုံးနိုင်အားရော အသင်းပုံရိပ်အရင်းခံ ဈေးကွက်ထဲ ထိထိမိမိတိုးဝင်နိုင်ဖို့က ခက်တယ်။ အေစီမီလန်ဆိုရင် မာတီနက်ကိုလိုချင်ပေမယ့် မရခဲ့ဘူး။

နာပိုလီ၊ ဖီအိုရင်တီးနားတို့ဆိုရင်လည်း မနှစ်က ယူရိုပါလိဂ်မှာ ဆီမီးအဆင့်အထိရောက်သော်ငြား ဝင်ငွေက သာမန်ပဲ။ နဂိုကတည်းကိုက ယူရိုပါလိဂ်ရဲ့ ဝင်ငွေခွဲတမ်းဟာ ချန်ပီယံလိဂ်နဲ့ ယှဉ်လို့မရဘူး။ အဲဒီမှာ ဂျူဗင်တပ်စ်က ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်မှုအတူ အသင်းရဲ့ ပုံရိပ်ရော ဝင်ငွေပါ မြင့်တာလာတယ်။ အဲဒီတော့ ဈေးကွက်ထဲတိုးဝင်နိုင်မှုမှာပါ အရင်ကထက်ပိုထိမိတယ်။ ဆိုခဲ့တဲ့အတိုင်း အခုသုံးထားတာက ယူရိုသန်း ၅၀ ကျော် ဒါတောင် မနှစ်က အငှားကစားတဲ့ ပီရီယာကို အပြီးသတ်ခေါ်ယူမှုအတွက် သုံးခဲ့တဲ့ ယူရို ၁၄ သန်းကို ထည့်မတွက်ထားသေးဘူးဆိုတော့။

အချုပ်ပြောရရင် နဂိုကတည်းကပင်ကိုစုဖွဲ့မှုမှာ အခြားပြိုင်ဘက်တွေထက် ခေါင်းတစ်လုံးပိုမြင့်နေတဲ့ အသင်းတစ်သင်းက အရင်ကထက်တောင် အင်အားဖြည့်တင်းရေးကို သိပ်သည်းစွာလုပ်လာနိုင်တဲ့အခါ သူတို့ရဲ့ ဆန့်ထုတ်နိုင်အားနဲ့ ပြိုင်ဘက်တွေရဲ့ ဆန့်ထုတ်နိုင်အား အကွာအဝေးဟာ ကျဉ်းမြောင်းနိုင်ခြေရှိပါ့မလား။ ဒီတော့ ပြောရရင် လက်ရှိဈေးကွက်အတွင်း စီးရီးအေကလပ်တွေရဲ့ အပြိုင်သဘောဆန်ဆန် ဖြည့်တင်းမှုဟာ အကောင်းဘက်ကို ဦးတည်တာမှန်သော်ငြား အီတလီစီးရီးအေရဲ့ ပြိုင်ဆိုင်မှုချိန်ခွင်လျှာကို ဆွဲညှိနိုင်ဖို့အထိတော့ မဖြစ်နိုင်သေးဘူးလို့သာဆိုရင်း. . . . ။



# ပေါ့ဂ်ဘာကို ခေါ်ယူရေးအတွက် ငွေကြေးအများအပြား သုံးစွဲမည်မဟုတ်ဟု ဘာစီလိုနာဥက္ကဋ္ဌလောင်း ဘီနီဒီတိုဖွင့်ဟ

◆ ထက်အောင်



ဘာစီလိုနာအသင်း ဥက္ကဋ္ဌသစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဩဂုတ်စတီဘီနီဒီတိုက ၄င်းအနေဖြင့် ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရပါက ဂျူဗင်တပ်စ်အသင်း ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာအား ခေါ်ယူနိုင်ရေးအတွက် ငွေကြေး အမြောက်အမြား သုံးစွဲသွားမည် မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၅၁ နှစ်အရွယ်ရှိ ဘီနီဒီတိုက သူသည် ဂျူဗင်တပ်စ်အသင်း၊ ပေါလ်ပေါ့ဂ်ဘာတို့နှင့် အသင်းပြောင်းရွှေ့ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ဂျူဗင်တပ်စ်အသင်းသည် ပြင်သစ်ကစားသမား ပေါ့ဂ်ဘာ(၂၂နှစ်)အတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၈၀ (ပေါင် ၅၆ ဒသမ၇) သန်း ရရှိရန် လိုလားလျက်ရှိပြီး ပေါ့ဂ်ဘာသည် ဘာစီလိုနာသို့ ပြောင်းရွှေ့လာမည်ဆိုပါက တစ်နှစ်လုပ်ခငွေအဖြစ် အခွန်ဆောင်ပြီး ယူရို ၁၂ သန်း (ပေါင် ၈ ဒသမ၅သန်း) ရရှိလိမ့်မည်ဖြစ်ကြောင်း ဇွန်လအစောပိုင်းတွင် ထုတ်ဖော်ပြောဆိုထားသူဖြစ်သည်။

မန်ယူကစားသမားဟောင်း ပေါ့ဂ်ဘာကို ရီးရဲမက်ဒရစ်၊ မန်စီးတီး၊ မန်ယူ၊ ချယ်လ်ဆီး၊ ပီအက်စ်ဂျီစသည့် ထိပ်တန်းအသင်းကြီးများကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

"ကျွန်တော်က ဘာစီလိုနာ အသင်းဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရမယ်ဆိုရင်လည်း အသင်းရဲ့ မူလအစီအစဉ်တွေထဲမှာ မပါဝင်တဲ့ နောက်ထပ် လုပ်ဆောင်မှုတွေ ပြုလုပ်ဖို့ အသင်းဘုတ်အဖွဲ့ဝင်တွေကို တောင်းဆိုသွားမှာ မဟုတ်ပါဘူး။ ယူအီးအက်ဖ်အေရဲ့ ဘဏ္ဍာရေးထိန်းညှိမှုစည်းမျဉ်းကို ချိုးဖောက်မှာလည်း မဟုတ်ပါဘူး။ ပေါ့ဂ်ဘာကို ခေါ်ယူဖို့အတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀၀ လောက် သုံးစွဲတာမျိုးကို လုပ်ဆောင်သွားမှာ မဟုတ်ဘူး"ဟု ဘီနီဒီတိုက ပြောသွားသည်။

ဘာစီလိုနာအသင်းဥက္ကဋ္ဌလောင်း တစ်ဦးဖြစ်သူ ဂျိုဟန်လာပေါ်တာက ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် ဘာစီလိုနာအသင်းအတွက် သင့်တော်သည့် ကစားသမားဖြစ်ကြောင်း ပြောဆိုခဲ့သည်။

"ပေါ့ဂ်ဘာဟာ ဘာစီလိုနာအသင်းအတွက် သင့်တော်တဲ့ ကစားသမားပါ။ ဒါပေမယ့် ပေါ့ဂ်ဘာကို ခေါ်ယူဖို့အတွက် ဂျူဗင်တပ်စ်နဲ့ရော ပေါ့ဂ်ဘာနဲ့ပါ ဆွေးနွေးပြောဆိုမှုတွေကို ကျွန်တော်ပြုလုပ်ထားခြင်း မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒါဟာ ကျွန်တော့် အလုပ်မဟုတ်သေးလို့ပါ"ဟု လာပေါ်တာက ပြောသွားသည်။

စပိန်လူမျိုး လာပေါ်တာသည် ၂၀၀၃ ခုနှစ် ဇွန်လမှ ၂၀၁၀ ပြည့်နှစ် ဇွန်လအထိ ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်သည်။

**ဘာစီလိုနာအသင်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရမယ် ဆိုရင်လည်း အသင်းရဲ့ မူလအစီအစဉ်တွေထဲမှာ မပါဝင်တဲ့ နောက်ထပ်လုပ်ဆောင်မှုတွေ ပြုလုပ်ဖို့ အသင်း ဘုတ်အဖွဲ့ဝင်တွေကို တောင်းဆိုသွားမှာ မဟုတ်ပါဘူး။ ယူအီးအက်ဖ်အေရဲ့ ဘဏ္ဍာရေးထိန်းညှိမှုစည်းမျဉ်းကို ချိုးဖောက်မှာလည်း မဟုတ်ပါဘူး။**

# ရာသီကြိုခြေစမ်းပွဲများတွင် လူငယ်ကစားသမားများကို အခွင့်အရေးပေးသွားမည်ဟု မန်ယူမန်နေဂျာ ဗန်ဟားလ်ပြောဆို



၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီ၌ မန်ယူပထမအသင်းကြီးတွင် လူငယ်ကစားသမားများ ပါဝင်ကစားခွင့်ရရှိနိုင်ရန်အတွက် ရာသီကြိုခြေစမ်းပွဲများ၌ လူငယ်ကစားသမားများကို ထည့်သွင်းအသုံးပြုကာ ခြေစွမ်းကို လေ့လာမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း မန်ယူမန်နေဂျာ လူးဝစ်ဗန်ဟားလ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်ယူအသင်းသည် ရာသီကြို ခြေစမ်းပွဲအဖြစ် ဇူလိုင်လအတွင်းတွင် အမေရိကန်နိုင်ငံသို့ သွားရောက်ကာ ၂၀၁၅ ခုနှစ် International Champions Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မန်ယူအသင်းသည် အဆိုပါပြိုင်ပွဲတွင် မက္ကဆီကိုကလပ် အမေရိက၊ မေဂျာလိဂ်ကလပ် ဆန်ဂျို့စ်အက်ကွစ်၊ စပိန်ကလပ် ဘာစီလိုနာ၊ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ မန်ယူအသင်းသည် ၂၀၁၄ ခုနှစ် International Champions Cup ပြိုင်ပွဲ၌ ချန်ပီယံဆုရရှိထားသည့်အသင်းဖြစ်သည်။ မန်နေဂျာ ဗန်ဟားလ်က "လူငယ်ကစားသမားတွေဟာ ရာသီကြိုခြေစမ်းပွဲတွေမှာ သူတို့ရဲ့ စွမ်းရည်ကို ပြသဖို့အခွင့်အရေးရတတ်ကြပါတယ်။ သူတို့အနေနဲ့ ရရှိလာတဲ့အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ခဲ့မယ်ဆိုရင် လာမယ့်ဘောလုံးရာသီမှာ မန်ယူပထမအသင်းနဲ့အတူ ပြိုင်ပွဲဝင်ဖို့ အခွင့်အရေး ရလာမှာပါ။ အမေရိကန်နိုင်ငံမှာ သွားကစားမယ့် ခြေစမ်းပွဲတွေအတွက် လူငယ်ကစားသမားအများအပြားကို ကျွန်တော် ခေါ်ယူသွားမှာ ဖြစ်ပါတယ်။ ရာသီကြိုခြေစမ်းပွဲတွေမှာ လူငယ်ကစားသမားတွေဟာ သူတို့ရဲ့ စွမ်းရည်ကို ပြသဖို့ အခွင့်အရေးရရှိလာမှာဖြစ်ပြီး သူတို့ဘယ်လောက်အထိ တိုးတက်လာနိုင်မလဲ ဆိုတာကို ကျွန်တော်တို့စောင့်ကြည့်အကဲဖြတ်သွားမှာပါ"ဟု ပြောသွားသည်။

မန်နေဂျာ ဗန်ဟားလ်သည် ပြီးခဲ့သည့် ၂၀၁၄-၁၅ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် မန်ယူကို အဆင့် (၄)နေရာ၌ ရပ်တည်နိုင်စေရန် ဦးဆောင်ပေးနိုင်ခဲ့ကာ ၂၀၁၅-၁၆ ခုနှစ်ဘောလုံးရာသီ၌ ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရယူပေးထားသူဖြစ်သည်။

မန်ယူအသင်းသည် ၂၀၁၅-၁၆ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ်လ ၈ ရက်တွင် စပါးအသင်းအား အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်သည်။

# သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် မန်ယူနှင့်အက်ရှ်လေယန်းတို့ သဘောတူညီမှုရရှိ

■ အောင်က

မန်ယူအသင်း တောင်ပံကစားသမား အက်ရှ်လေယန်းသည် မန်ယူနှင့် သုံးနှစ်သက်တမ်းရှိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ၂၀၁၄-၁၅ ခုနှစ် ဘောလုံးရာသီတွင် အသင်းအတွက် အက်ရှ်လေယန်း ခြေစွမ်းပြကစားနိုင်ခဲ့မှုကို ဂုဏ်ပြုသည့်အနေဖြင့် စာချုပ်သက်တမ်းတိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ မန်ယူနှင့် အင်္ဂလန်ကစားသမား အက်ရှ်လေယန်းတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့သည်။ အက်ရှ်လေယန်းသည် လက်ရှိစာချုပ်အရ တစ်ပတ် လုပ်ခငွေ ပေါင် ၁၂၀၀၀၀ ရရှိနေသူဖြစ်ပြီး စာချုပ်သစ် ချုပ်ဆိုဖြစ်ခဲ့ပါကလည်း အလားတူ လစာငွေပမာဏကိုပင် ရရှိမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ သို့သော်လည်း လာမည့် ဘောလုံးရာသီတွင် အသင်းအတွက် ပွဲပါဝင်



ကစားမှု၊ ရာသီပြီးဆုံးချိန်တွင် မည်သည့် ဆုဖလားရရှိသည်ဆိုသည့်အချက်များ အပေါ် မူတည်၍ အက်ရှ်လေယန်းအား ဆုကြေးငွေ ပေးအပ်သွားမည်ဟု စာချုပ်တွင် ထည့်သွင်းချုပ်ဆိုသွားမည် ဖြစ်သည်။

| ရာသီပွဲထွက်ပါဝင်ခွင့်ရရှိမှု | |
| --- | --- |
| ၂၀၁၁-၁၂ | ၁၉ ပွဲ |
| ၂၀၁၂-၁၃ | ၁၇ ပွဲ |
| ၂၀၁၃-၁၄ | ၁၃ ပွဲ |
| ၂၀၁၄-၁၅ | ၂၃ ပွဲ |

အသက် ၃၀ နှစ်အရွယ်ရှိ အက်ရှ်လေယန်းသည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပွဲထွက်ကစားသမားအဖြစ် ၂၃ပွဲ၊ လူစားလဲကစားသမားအဖြစ် သုံးပွဲ ပါဝင်ခွင့်ရရှိခဲ့သူဖြစ်သည်။

ပြီးခဲ့သည့် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပွဲထွက်ကစားသမားအဖြစ် ၂၃ ပွဲ ပါဝင်ကစားခွင့် ရရှိခဲ့ခြင်းသည် အက်ရှ်လေယန်း၏ မန်ယူကစားသမား ဘဝသက်တမ်းအတွင်း အမှတ်ပေးပြိုင်ပွဲတစ်ရာသီ၌ ပွဲထွက်ကစားသမားအဖြစ် အကြိမ်အများဆုံး ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ် နွေရာသီဈေးကွက် ကာလအတွင်းတွင် အက်စ်တွန်ဗီလာအသင်းမှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့သူ ကွင်းလယ်ကစားသမား အက်ရှ်လေယန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီ၌ မန်ယူအတွက် စုစုပေါင်း ၂၉ပွဲ ပါဝင်ကစားခဲ့ကာ နှစ်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။

**အက်ရှ်လေယန်းသည် လက်ရှိစာချုပ်အရ တစ်ပတ်လုပ်ခငွေ ပေါင် ၁၂၀၀၀၀ ရရှိနေသူဖြစ်ပြီး စာချုပ်သစ် ချုပ်ဆိုဖြစ်ခဲ့ပါကလည်း အလားတူ လစာငွေပမာဏကိုပင် ရရှိမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက် ရေးသားထားသည်။**